# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်　၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ အင်္ဂါနေ့　အတွဲ [၅၄]၊ အမှတ် [၃၃၁]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥဇဘက်ကစ္စတန် လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်　စက်တင်ဘာ　၁**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင်ကျရောက်သော ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အစ္စလမ် ကာရီမော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

# စိန်ခေါ်မှုများနှင့်အတူ အာရှလမ်းမသစ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီ နှစ်နိုင်ငံအတွက် ကုန်စည်စီးဆင်းမှုတွင် အကျိုးကျေးဇူးများစွာရရှိလာစေမည်



အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံကို အဓိကဆက်သွယ်ပေးထားသည့် အာရှလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကရင်ပြည်နယ်အတွင်းရှိ မြန်မာ-ထိုင်းချစ်ကြည်ရေး မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ်လမ်း အာရှလမ်းပိုင်းသစ်ကို ဩဂုတ် ၃၀ ရက်က စိန်ခေါ်မှုများကြားမှ အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ■

**သတင်းဆောင်းပါး**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ထိန်လင်းအောင်**

**ယနေ့**

**ဖတ်စရာ**

**အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာစွာကျင်းပနိုင်ရေး လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်**

စာမျက်နှာ » ၃

**ထိုင်းပုံးဖောက်ခွဲမှုတွင် သံသယရှိသူအဖြစ် ယုံကြည်ရသူ စွပ်စွဲချက်များကို ငြင်းဆို**

စာမျက်နှာ » ၄

**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၆

## ဝန်မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအထူးသတိပြု

**နေပြည်တော်　ဩဂုတ်　၃၁**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း လေးလက်မခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(မြန်မာ့အလင်း)

## မင်းတပ်-မတူပီ ကားများသွားနိုင်ပြီ

**မင်းတပ်　ဩဂုတ်　၃၁**

ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မင်းတပ်-မတူပီ လမ်းမြေများ ပြိုကျပျက်စီး၍ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့သည်။ လမ်းဦးစီးဌာန၏ ဆောင်ရွက်ပြုပြင်မှုကြောင့် ကားငယ်များ သွားလာနိုင်ပြီဖြစ်ရာ ကယ်ဆယ်ရေး ပစ္စည်းများကို ကားငယ်(ဂျစ်ဘလူး)များဖြင့် ဩဂုတ် ၂၇ ရက်မှစ၍ ပို့ဆောင်ပေးနေပြီဖြစ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျောင်းပြင်ပ ပညာရေး

အသက်ငါးနှစ်ပြည့်သော ကလေးတိုင်းကို မိဘများက မိမိတို့ သားသမီးများ မူလတန်းပညာရေးစတင်သင်ကြားခွင့်ရရှိရန် ကျောင်းသို့ ပို့လေ့ရှိကြသည်။ သို့သော် ဘဝအခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ခဲ့ရသော ကလေးများ၊ ကျောင်းထွက်ခဲ့ရသော ကလေးများ ရှိပါသည်။ ထိုကလေးများကို အလှူရှင်များ၏ အကူအညီကို ရယူကာ ကျောင်းပြင်ပပညာရေးဖြင့် ဒုတိယအကြိမ် ပညာသင်ယူနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးဟူသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာရေးမပြီးဆုံးမီ ကျောင်းစော၍ထွက်ခဲ့ရသူ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်းရှိ သက်ငယ်အုပ်စု ကလေးများကို ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးခြင်းပင်ဖြစ်ပါသည်။ ထိုမှ ဆက်လက်၍ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်တို့ကို သင်ယူခွင့်ရရှိရန် ရည်ရွယ်ချက်များစွာဖြင့် ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုကြီးကြပ်မှုကော်မတီက ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ကျောင်းပြင်ပပညာရေးကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လုပ်ဆောင်နေသော်လည်း မူလတန်းပညာရေး မပြီးဆုံးသည့် ကလေးငယ်ထောင်သောင်းမက ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့် မြို့ပြများ၌ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ စားသောက်ဆိုင်အစရှိသော မြို့ပြလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့မြင်နေရဆဲဖြစ်ပါသည်။ ကျောင်းပြင်ပပညာရေးတွင် ပညာသင်ကြားလိုသူကလေးများ၏ ပညာသင်ကြားလိုသော စိတ်ဆန္ဒပြင်းပြမှုနှင့် ကျောင်းသားမိဘများ၏ ကျောင်းဆက်တက်စေလိုသောဆန္ဒသည်လည်း အရေးအကြီးဆုံးဖြစ်ပါသည်။ အချို့သော ကလေးများသည် ကျောင်းတက်လိုသော်လည်း မိဘများက ဆင်းရဲမှုကိုအကြောင်းပြု၍ ကလေးများကို အရွယ်မရောက်မီ အလုပ်စေခိုင်းနေကြသည်။ အချို့သော ကလေးများမှာလည်း ပညာရေး အခြေခံမကောင်းခဲ့သည့်အတွက် ကျောင်းတက်ရမည်ကို စိုးရိမ်ကြောက်လန့်ပြီး ကျောင်းတက်လိုစိတ်မရှိဖြစ်ကာ ကျောင်းမှ ထွက်ခဲ့ရခြင်းဖြစ်ပါသည်။

ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးကို မြို့နယ်ပေါင်း ၉၄ မြို့နယ်၌ အခြေစိုက်စခန်းပေါင်း ၅၇၁ ခု ဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ရာ ကလေး ၁၀၄၂၂ ဦးကို တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ပညာရေးကြီးကြပ်သူများ၏ ဆောင်ရွက်မှုဖြင့် ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ဤသို့ ကျောင်းပြင်ပပညာရေးကို ဆောင်ရွက်ရာတွင် အလှူရှင်များ၏အားကို အဓိကအားပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ၄၂ မြို့နယ်၊ အလှူရှင်များက မြို့နယ် ၃၀ နှင့် ပညာရေးဝန်ကြီးဌာနက ၂၂ မြို့နယ်တို့တွင် ရန်ပုံငွေများ ထောက်ပံ့ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနက ၈၁ မြို့နယ်နှင့် အခြားသော အဖွဲ့အစည်းများကလည်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

သို့ဖြစ်၍ ပညာမသင်ကြားနိုင်၍ စိတ်အားငယ်စရာမရှိပါ။ ပညာသင်ကြားလိုစိတ်ရှိဖို့သာ လိုပါသည်။ ကျောင်းပြင်ပပညာရေးသည် ကလေးများအတွက် ပညာတတ်ဖြစ်ရန် အခွင့်အလမ်းကောင်း တစ်ခုပင်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

# အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၃၁**

အခွန်ကောက်ခံမှု ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၉ ရက်က ရန်ကုန်မြို့ရှိ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်၍ ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ဘတ်ဂျက်စနစ် ပြုပြင်ပြောင်းလဲရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးကို အဓိကထား လုပ်ဆောင်နေကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီး တစ်ဆင့် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်အကောက် ရငွေများ အပြည့်အဝ ရရှိရေးနှင့် မျှတသော အခွန်ကောက်ခံမှုဖြစ်စေရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းကူညီဆောင်ရွက် ပေးသွားရန်လိုကြောင်း၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်လာရေး အသိပညာပေးကိစ္စရပ်များကို ဆောင်ရွက်ရန် မီဒီယာကဏ္ဍသည် အရေးပါသော အခန်းမှ ပါဝင်ကြောင်း သို့မှသာ အခွန်ပေးရန်ကိစ္စ ကို ပြည်သူများရှင်းလင်းစွာ သိရှိနိုင်ပြီး ယုံကြည်လက်ခံလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ သူရဦးသောင်းလွင်က အခွန်ကောက်ခံမှု စနစ်တကျ ဆောင်ရွက်ရေး၊ အခွန်ထမ်းပြည်သူများ ပူးပေါင်းပါဝင်လာရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အခွန်ကောက်ခံခြင်းစနစ်နှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ IT စနစ် အသုံးပြု၍အခွန်ကောက်ခံမှုကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ အခွန် စနစ်ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုမြှင့်တင်

**စကု ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းအခြေစိုက်စခန်း၏ လက်အောက်ခံစာတိုက်များမှ အမြန်ချောပို့လုပ်ငန်း ဆောင်ရွက်ခြင်းမရှိသေးသော စာတိုက်များမှ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားကြမည့် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးကို ရှေးရှု၍ အမြန်ချောပို့လုပ်ငန်းကို (ယာယီ)ဖွင့်လှစ်ပြီး ဝန်ဆောင်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများ၏ ဆန္ဒအရ အမြန်ချောပို့ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ချောစာဖြင့်လည်းကောင်း မိမိတို့ကြိုက်နှစ်သက်ရာကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်ထိ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ရီ(ဆသရ)**




## စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၅ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၁.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၅.၇၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၉၉.၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၃၂ |

ခင်ရတနာ-စုစည်းသည်။

၂၄-၈-၂၀၁၅ မှ ၂၈-၈-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၆၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၃၁ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာစွာကျင်းပနိုင်ရေး လူမှုအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၃၁

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲ အရာရှိ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ရွေးကောက်ပွဲ ကျင်းပရန် ၆၈ ရက်သာလိုပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုမှာ စုစုပေါင်း ၆၁၈၉ ဦး တင်သွင်းခဲ့ပြီး မှတ်ပုံတင်ထားသည့် ပါတီအားလုံးက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည် စာရင်းတင်သွင်းခဲ့ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများစိစစ်ခြင်းကို သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဆောင်ရွက်လျက်ရှိကြောင်း၊ စိစစ်ပြီးပါက အတည်ပြုလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း။

မဲစာရင်းကြေညာခြင်းကို စက်တင်ဘာလလယ်ခန့်တွင် ကပ်ထားကြေညာသွားမည် ဖြစ်ကြောင်း၊ ဩဂုတ်လကုန်တွင် ကပ်ထား ကြေညာရန် စီစဉ်ထားသော်လည်း ရေဘေးဒုက္ခကြုံတွေ့နေရသည့် မဲဆန္ဒရှင် များအနေဖြင့် မဲစာရင်းကြည့်ရှုရန် အခက်အခဲရှိနိုင်၍ အဆင်ပြေနိုင်မည့်ကာလကို ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း၊ မဲစာရင်းကို ၁၄ ရက် ကပ်ထားကြေညာမည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၁၈၀ ကျော်လွန် နေထိုင်သူများအနေဖြင့် ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ကြောင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လျှောက်ထားလျက်ရှိကြောင်း၊ လျှောက်ထားသည့်အဖွဲ့အစည်းများကို စိစစ်ခွင့်ပြုပြီး အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့် မဲရုံဝန်ထမ်းများကို သင်တန်းပို့ချနိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဗဟိုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်နည်းပြများကို သင်တန်းပေးသွားမည်ဖြစ်ပြီး မြို့နယ်နှင့် မဲရုံမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံဝန်ထမ်းများကို ဆင့်ပွားသင်တန်း ပို့ချသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် သင်တန်းပို့ချမှုများကို လေ့လာကြည့်ရှုနိုင်ကြောင်း။

ရေဘေးသင့်ဒေသမှ မဲဆန္ဒရှင်များအနေဖြင့် မှတ်ပုံတင်ကတ်များ၊ အခြားသက်သေခံကတ်များ၊ အိမ်ထောင်စုစာရင်းများ ပျက်စီးပျောက်ဆုံးမှုရှိသောကြောင့် အလွယ်တကူ မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးသင့်ဒေသများသာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို မဲဆန္ဒရှင် စာရင်းနှင့် တိုက်ဆိုင်စိစစ်ပြီး ထုတ်ပေးမည်ဖြစ်ကြောင်း၊ သက်သေခံလက်မှတ်အပေါ် မသမာမှုပြုရန် မဖြစ်နိုင်ကြောင်း၊ မဲပေးမည့်နေ့ မဲလက်မှတ်ထုတ်သည့်အခါ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး မသမာမှုဖြစ်နိုင်သည်ဟု သံသယရှိက မဲရုံမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များဖြင့် ထပ်မံစိစစ်မည်ဖြစ်ကြောင်း၊ မသမာမှုပြုလုပ်ခြင်း မှန်ကန်လျှင် လုံခြုံရေးအဖွဲ့က အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သက်သေခံလက်မှတ်ကို ထုတ်ပေးသည့် ရည်ရွယ်ချက် (၃) ချက်ရှိကြောင်း၊ ပထမအချက်မှာ သက်သေခံလက်မှတ်တွင် မဲစာရင်းအမှတ်ပါရှိသည့်အတွက် မဲစာရင်းတွင် အမည်ရှာဖွေသည့်အခါ လျင်မြန်လွယ်ကူပြီး အချိန်ကုန်သက်သာစေရန် ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မှတ်ပုံတင်နှင့် အခြားသက်သေခံကတ်ပြားများ ပျောက်ဆုံးသည့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးနိုင်ရန်ဖြစ်ကြောင်း၊ တတိယအချက်မှာ သက်သေခံလက်မှတ်တွင်အမည်၊ မှတ်ပုံတင်၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများ ပါရှိသဖြင့် ၎င်းအချက်များမှားနေပါက မဲဆန္ဒရှင်က ပြင်ဆင်ပေးခြင်းအားဖြင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သည့် မဲစာရင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်များ သိရှိအောင် အသိပေးဆောင်ရွက်ပေးရန် တိုက်တွန်းလို ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ် မျှတပြီးပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းနောက် IFES မှ တာဝန်ရှိသူတစ်ဦးက မဲဆန္ဒရှင်အသိပညာပေး အစီအစဉ်တွင် အသုံးပြုမည့် ပညာပေးပစ္စည်း၊ ဗီဒီယို၊ စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်း ပြုစုခြင်း လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက မဲဆန္ဒရှင်သက်သေခံလက်မှတ်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအချိန်ဇယား၊ နောက်ဆုံးအတည်ပြု ထုတ်ပြန်ထားသည့် အထွေထွေသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်လက်စွဲစာစောင်၊ မဲရုံလုပ်ငန်းစဉ် သရုပ်ပြဗီဒီယိုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းချက်များအပေါ် တက်ရောက်လာသော လူမှုအဖွဲ့အစည်းများမှ မေးမြန်းဆွေးနွေးကြသည်။

၎င်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများ၏ စွမ်းအားမှာ မဖြစ်မနေလိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာကမီလော့ အဗ္ဗဒူလာဇစ် ခါဖစ်ဇို ဗစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



**ဩဂုတ် ၃၁ ရက်က မလေးရှားနိုင်ငံ၏ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အခမ်းအနားတက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr.Mohd Haniff Abdul Rahman နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများကျင်းပမည်

၂၀၁၅ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်-

(က) ပထမအသုတ်

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲကျင်းပ မည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | သိပ္ပံအထူးပြုအားလုံး | | ၅-၁၀-၂၀၁၅ မှ ၁၀-၁၀-၂၀၁၅ ထိ |

(ခ) ဒုတိယအသုတ်

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲကျင်းပ မည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ | ၁၃-၁၀-၂၀၁၅ မှ ၂၂-၁၀-၂၀၁၅ ထိ | ၂၆-၁၀-၂၀၁၅ မှ ၂-၁၁-၂၀၁၅ ထိ |

(ဂ) တတိယနှစ်အသုတ်

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲကျင်းပ မည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား စီးပွားစီမံ | ၉-၁၁-၂၀၁၅ မှ ၁၈-၁၁-၂၀၁၅ ထိ | ၂၁-၁၁-၂၀၁၅ မှ ၃၀-၁၁-၂၀၁၅ ထိ |

အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**မန္တလေးအဝေးသင်တက္ကသိုလ်**

# ထိုင်းဗုံးဖောက်ခွဲမှုတွင် သံသယရှိသူအဖြစ် ယုံကြည်ရသူ စွပ်စွဲချက်များကို ငြင်းဆို


**ဗန်ကောက် ဩဂုတ် ၃၁**

ဩဂုတ်လလယ်က ဗန်ကောက်မြို့လယ်၌ ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ဖမ်းဆီးခဲ့သော လူတစ်ဦးက ယင်းဗုံးခွဲတိုက်ခိုက်မှုတွင် ၎င်းပါဝင်ခြင်းကို ငြင်းဆိုခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောခဲ့သည်။

ပေါက်ကွဲစေသည့် ပစ္စည်းများပိုင်ဆိုင်မှုဖြင့် သံသယရှိသူ နိုင်ငံခြားသားတစ်ဦးကို ရဲအဖွဲ့က ဗန်ကောက်မြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ၎င်းနေထိုင်ရာ တိုက်ခန်းတွင် ဩဂုတ် ၂၉ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဩဂုတ် ၁၇ ရက် ဗန်ကောက် ဗုံးဖောက်ခွဲမှုတွင် အသုံးပြုခဲ့သော သတ္တုဘောလုံးငယ်များနှင့်ဆင်တူသည့် ပစ္စည်းများနှင့်သာမက တူရကီနိုင်ငံကူးလက်မှတ်အတု အမြောက်အမြားနှင့်တကွ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သံသယရှိသူ၏ နာမည်နှင့်နိုင်ငံသားပါဝင်သော သက်သေခံကတ်ကို ယခုချိန်ထိမသိရသေးကြောင်း၊ သံသယရှိသူက သူသည် ထိုင်းနိုင်ငံနှင့် အရှေ့တောင်အာရှဒေသများတွင်နေထိုင်ရန် ပြည်ပမှလာရောက်သူဖြစ်ကြောင်း၊ ဗုံးနှင့် ပတ်သက်ပြီး ဘာမှမသိကြောင်း ပြောကြားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောခဲ့သည်။



ဩဂုတ် ၃၀ရက်က သံသယရှိသူ၏ တိုက်ခန်းမှ ၁၀ ကီလိုမီတာအကွာတွင်ရှိသော အခြားတိုက်ခန်းတစ်ခုကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ တိုက်ခန်းသို့ ၎င်းမကြာမခဏဝင်ထွက်သွားလာသည်ဟု ရဲများက ယူဆကြသည်။ ရဲတပ်ဖွဲ့များသည် ဗုံးပေါက်ကွဲရာတွင် အသုံးပြုသည့် ဆဲလ်ဖုန်းများနှင့် ဓာတုဓာတ်ကူပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ပြောခဲ့သည်။

မကြာသေးမီက ရဲတပ်ဖွဲ့က နိုင်ငံကူးလက်မှတ်အတုလုပ်သည့်အဖွဲ့အား တိုက်ခိုက် ချေမှုန်းခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ယင်းအဖွဲ့က ဗုံးခွဲတိုက်ခိုက်ခြင်းကို ပြုလုပ်နိုင်ကြောင်း ရဲတပ်ဖွဲ့က သံသယရှိခဲ့သည်။ ၎င်းအဖွဲ့သည် တရားမဝင် ခိုးဝင်သူများကို ထိုင်းမှတူရကီသို့သွားရန်အတွက် နိုင်ငံကူးလက်မှတ်အတုများလုပ်ပေးသည့်အဖွဲ့ ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# မကြုံစဖူးများပြားသည့်ဒုက္ခသည် အကျပ်အတည်းက ဥရောပသမဂ္ဂကို အဖြေရှာရန် ဖိအားပေး

**ဘရပ်ဆဲလ် ဩဂုတ် ၃၁**

သမိုင်းတွင် မကြုံစဖူးများပြားလာသည့် ရွှေ့ပြောင်းဒုက္ခသည်များ အရေးပေါ်အဖြေရှာရန်အတွက် ဥရောပသမဂ္ဂဝန်ကြီးများသည် ဩဂုတ် ၃၁ ရက်က တွေ့ဆုံခဲ့သည်။ ရွှေ့ပြောင်းဒုက္ခသည်သေဆုံးမှုအရေအတွက်မှာ မြေပေါ်ရေအောက် များပြားလျက်ရှိရာ ယင်းအခြေအနေကို တုံ့ပြန်မှုတစ်ခုခုပြုရန် အစိုးရကို ဖိအားပေးနေသည်။ အလှည့်ကျ ဥရောပသမဂ္ဂဥက္ကဋ္ဌတာဝန်ယူထားရသော လူဇင်ဘော့စ်က အဖွဲ့ဝင် ၂၈ နိုင်ငံမှ ပြည်ထဲရေးဝန်ကြီးများကို စက်တင်ဘာ ၁၄ ရက်တွင် တွေ့ဆုံပြီး ဥရောပသမဂ္ဂအတွင်းအပြင် ဒုက္ခသည်အရေးမှာ မကြုံစဖူးများပြားလာကြောင်း ပြောခဲ့သည်။

ဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကလည်း ဥရောပသမဂ္ဂအိမ်နီးချင်းနိုင်ငံများကို ရွှေ့ပြောင်းဒုက္ခသည်များအရေး ပိုမိုကူညီလုပ်ဆောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။ “ဥရောပက စည်းလုံးညီညွတ်မှုရှိတယ်ဆိုရင် ကျွန်ုပ်တို့ဟာ အချင်းချင်းစည်းလုံးညီညွတ်မှုရှိကြောင်း ပြရမယ်။ အခု ကျွန်ုပ်တို့ဟာစည်းလုံးညီညွတ်ခြင်းကို ပြသဖို့အချိန်ရောက်ပြီ”ဟု အိန်ဂျလာမာကယ်က ဘာလင်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ရွှေ့ပြောင်းဒုက္ခသည်များကို ၎င်းတို့၏နေရပ်တိုင်းပြည်များသို့ ပြန်လည်ပို့ဆောင်ရေးနှင့် လူမှောင်ခိုကူးခံရခြင်းမှ ကာကွယ်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

**(ရိုက်တာ)**



# ဆော်ဒီညွန့်ပေါင်းအဖွဲ့ ယီမင်အရပ်ဘက်ပစ်မှတ်ကို တိုက်ခိုက် ပုလင်းစက်ရုံလုပ်သား ၃၆ ဦးသေဆုံး

**ဆာနား ဩဂုတ် ၃၁**

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့ စစ်လေယာဉ်များက တနင်္ဂနွေနေ့တွင် လေကြောင်းမှတစ်ဆင့် ယီမင်မြောက်ပိုင်း ဟာဂျက်ပြည်နယ်ရှိ ပုလင်းစက်ရုံကို ဗုံးထုတ်လုပ်သည့် စက်ရုံအဖြစ် ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သဖြင့် အရပ်သား ၃၆ ဦး သေဆုံးခဲ့ရကြောင်း ဒေသခံများက ပြောသည်။

ထို့အပြင် အဆိုပါ မြို့တောင်ပိုင်း စစ်အခြေစိုက်စခန်းအနီး ဗုံးတစ်လုံးထိမှန်ခဲ့သဖြင့် အခြားအရပ်သားလေးဦး သေဆုံးခဲ့ရကြောင်း ဒေသခံသတင်းရပ်ကွက်က ပြောသည်။ အဆိုပါ တိုက်ခိုက်မှုများသည် အီရန်၏ မဟာမိတ်ဟူသီတပ်များအား တိုက်ခိုက်နေသော ဖြုတ်ချခံအစိုးရအား ထောက်ပံ့ပေးနေသည့် ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများက ပြုလုပ်ခဲ့သည့် မတ်လလေကြောင်းတိုက်ခိုက်မှု နောက်ပိုင်း ပထမဆုံးသော တိုက်ခိုက်မှုများဖြစ်သည်။

“အလောင်းတွေပြန်လည် ဖော်ယူမှုလုပ်ငန်းစဉ်တော့ ပြီးသွားပါပြီ။ ဒီမနက်ကပဲ စက်ရုံကို လေကြောင်း တိုက်ခိုက်မှုကြောင့် ထိမှန်သွားတဲ့ စက်ရုံထဲကနေ မီးလောင်ထားတဲ့ အလောင်းတွေ၊ အပိုင်းအစတွေကို ဆွဲထုတ်ခဲ့ရပါတယ်။ အလုပ်သမား ၃၆ ဦးရဲ့အလောင်းတွေပါ” ဟု ဒေသခံအစ္စနားအာမက်က ဟာဂျက်ရှိ အခင်းဖြစ်ပွားရာ နေရာမှ ရိုက်တာသို့ ဖုန်းဖြင့် သတင်းပေးပို့သည်။

အဆိုပါ တိုက်ခိုက်မှုသည် အရပ်ဘက်ပစ်မှတ်ကို ထိမှန်ခဲ့သည်ဆိုခြင်းအပေါ် ညွန့်ပေါင်းအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အာမက်အက်ဆရီက ငြင်းဆိုထားသည်။ ယင်းစက်ရုံသည် ဟူသီတို့ လက်လုပ်ဗုံးများပြုလုပ်ရာ နေရာဟုဆိုသည်။ **(ရိုက်တာ)**

# ဂျော်ဒန်တွင် မားစ်ရောဂါ ကူးစက်မှုတိုးလာ

**အမ္မာန် ဩဂုတ် ၃၁**

ဒေသတွင်း ပျံ့နှံ့ကူးစက်လာသော အရှေ့အလယ်ပိုင်းအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(မားစ်) ထပ်မံဖြစ်ပွားသူ သုံးဦးရှိကြောင်း ဂျော်ဒန်နိုင်ငံက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျော်ဒန်နိုင်ငံ၌ အသက် ၅၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦးသည် သီတင်းတစ်ပတ် မပြည့်မီ တတိယမြောက် ရောဂါကူးစက်ခံရသူဖြစ်ကြောင်း ဂျော်ဒန် ကျန်းမာရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ဂျော်ဒန်နိုင်ငံတွင် ၂၀၁၂ ခုနှစ်ကတည်းက မားစ်ရောဂါဖြစ်ပွားသူအားလုံးကို မှတ်ပုံတင်ထားရှိရာမှ ထပ်မံဖြစ်ပွားသူ အရေအတွက် တိုးလာခြင်းဖြစ်ကြောင်း အဆိုပါရောဂါစတင် ဖြစ်ပွားချိန်မှစ၍ သေဆုံးသူ အရေအတွက် ၁၇ ဦး ရှိသွားပြီဖြစ်ကြောင်း ဂျော်ဒန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

မားစ်ရောဂါသည် လွန်ခဲ့သောနှစ်များက အဆိုပါဒေသတစ်ခုလုံးတွင် ကပ်ရောဂါအသွင်ဆောင်၍ ဖြစ်ပွားလာရာ အစိုးရများအနေဖြင့် ကြိုတင်ပြင်ဆင်ရေး အစီအမံများ လုပ်ဆောင်လျက်ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် မားစ်ရောဂါဖြစ်ပွားမှု အပြင်းထန်ဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ရာနှင့်ချီဖြစ်ပွားကာ အများအပြား သေဆုံးခဲ့သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**



# ပေါက်ကွဲမှုကြောင့် ဆုံးရှုံးသွားသော အိမ်ရာများကို ပေါက်ဈေးထက်ပိုပေး၍ဝယ်ယူမည်

**ထန်ကျင်း ဩဂုတ် ၃၁**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ထန်ကျင်း ဆိပ်ကမ်းမြို့တော်၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့် နေအိမ် ပျက်စီးဆုံးရှုံးခဲ့ရသူများ အနေဖြင့် ၎င်းတို့၏ အိမ်များကို အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်သူများအဖွဲ့သို့ ရောင်းချနိုင်ပြီး မရောင်းချလိုသူများအတွက်မူ အစိုးရက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ဩဂုတ်လ အစောပိုင်းက ဓာတုကုန်လှောင်ရုံ၌ ဖြစ်ပွားခဲ့သော အဆိုပါ ပေါက်ကွဲမှုကြီး၌ လူ ၁၅၀ ထက်မနည်း သေဆုံးခဲ့ပြီး မြို့နေပြည်သူရာပေါင်းများစွာတို့က နစ်နာဆုံးရှုံးရ မှုအတွက် လျော်ကြေးပေးရန် ဆန္ဒပြ တောင်းဆိုလျက်ရှိသည်။

အချို့သော လူနေအဆောက်အအုံများမှာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော အဆိုပါ ဓာတုပစ္စည်း သိုလှောင်ရုံနှင့် အနီးကပ်ဆုံးတွင် ရှိသော အဆောက်အအုံများဖြစ်ရာ ပြည်သူလူထု၏ ဒေါသ အဟုန်မှာ မြင့်တက်လျက်ရှိသည်။

အိမ်ရာမြေ ဖွံ့ဖြိုးရေး လုပ်ဆောင်သူများအဖွဲ့က အိမ်ရာ ပိုင်ဆိုင်သူများထံမှ ပြန်လည် ဝယ်ယူရေး ညွန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းထားပြီဖြစ်ကြောင်း တနင်္ဂနွေနေ့က ထန်ကျင်းမြို့တော် ဘင်ဟိုင်ဇရိယာရှိ အိမ်ရာစီမံခန့်ခွဲ မှုအဖွဲ့၏ ပြောကြားမှုကို ကိုးကား လျက် ဆင်ဟွာသတင်း၌ ဖော်ပြ သည်။

ပေါက်ကွဲမှုမဖြစ်ပွားမီ မြို့နေလူထုက ၎င်းတို့၏ နေအိမ်များကို ဝယ်ယူခဲ့သည့် ပေါက်ဈေးထက် ပိုပေး၍ ညွန့်ပေါင်းအဖွဲ့က ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

■ ရှေ့ဖုံးမှ

အဆိုပါအာရှလမ်းသစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအကြား စီးပွားရေးအရ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သလို နှစ်နိုင်ငံနယ်စပ်နေတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ယခင်ကထက် ပိုမိုမြန်ဆန်တိုးတက်လာမည်ဖြစ်သည့်အတွက် ယင်းလမ်းမသစ်ကြီးမှ အကျိုးရလဒ်များစွာ ရရှိလာမည်မှာ မလွဲဧကန်ဟု ဆိုနိုင်သည်။

မဟာမဲခေါင်ဒေသ အရှေ့-အနောက်စင်္ကြံလမ်းမကြီး အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည့် မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းသစ်သည် ၄၅ ဒသမ ၄၅ ကီလိုမီတာ ရှည်ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ စတင်၍ ထိုင်းနိုင်ငံ See Sang Co.,Ltd. က ထိုင်းဘတ် သန်းပေါင်း ၁၃၁၉၉၉၈၄၅ ဒသမ ၄၁ အကုန်အကျခံ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလမ်းမကြီးကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ပြီးစီးဖို့ စာချုပ်ချုပ်ဆိုခဲ့တယ်။ ကနဦးလမ်းဖွင့်ပွဲကို အစောပိုင်းကာလမှာ ကျင်းပပြုလုပ်ဖို့ စီစဉ်ထားပေမယ့် ပစ်ခတ်မှုများဖြစ်ပွားခဲ့တဲ့အတွက်ကြောင့် မဖွင့်လှစ်ဖြစ်ခဲ့ဘူး။ အခု ဩဂုတ် ၃၀ ရက်ကျမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ မြဝတီ-သယ်န်းညီနောင်လမ်းပိုင်းမှာ ၁၈ ကီလိုမီတာရှိပြီး သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းက ၂၇ ဒသမ ၄၅ ကီလိုမီတာ အရှည်ရှိပါတယ်။ ဒါ့ကြောင့် မြဝတီ-ကော့ကရိတ် လမ်းပိုင်းမှာ စုစုပေါင်း ၄၅ ဒသမ ၄၅ ကီလိုမီတာ အရှည်ရှိပါတယ်။ မြဝတီ-သယ်န်းညီနောင်လမ်းပိုင်းကိုတော့ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ပေးတယ်။ သယ်န်းညီနောင်-ကော့ကရိတ်လမ်းပိုင်းကိုတော့ ဒေါနတောင်ကို ပတ်ပြီး အသစ်ဖောက်လုပ်ပေးခြင်းဖြစ်ပါတယ်" ဟု See Sang Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောသည်။

မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ်လမ်းဟောင်းသည် လမ်းဧရိယာကျဉ်းမြောင်းခြင်း၊ တောင်တက်တောင်ဆင်းလမ်း ကြမ်းတမ်းခြင်း၊ ခရီးသည်များ သွားလာရန် ကန့်သတ်ချက်များရှိခြင်းတို့ကြောင့် ခရီးသွားပြည်သူများအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီအာရှလမ်းပိုင်းဖြစ်တဲ့ ဒီမြဝတီ-ကော့ကရိတ်လမ်းပိုင်းကို ဖွင့်ပေးလိုက်တော့ ကျွန်တော်တို့လို ကားသမားတွေအတွက် တော်တော်လေးအဆင်ပြေပါတယ်။ နောက်ပြီး ဘားအံကနေ မြဝတီဘက်ကို နေ့ချင်းပြန်ခရီးသွားလို့ရတော့ ပိုပြီးအဆင်ပြေတယ်။ ရန်ကုန်က လာတယ်ဆိုရင်လည်း နေ့ချင်းပြန်နိုင်တယ်ဆိုတော့ တော်တော်လေးအဆင်ပြေပါတယ်။ အရင်လမ်းဟောင်းဖြစ်တဲ့ တောင်ပေါ်တက်လမ်းဆိုရင် သွားရတာ လမ်းက ကျဉ်းတာရယ်၊ ကြမ်းတာရယ်ဆိုတော့ တော်တော်လေး အခက်အခဲရှိပါတယ်။ တစ်ရက်တက် တစ်ရက်ဆင်းဆိုတော့ ကားပိတ်ဆို့တာတွေ၊ လမ်းပိတ်တာတွေရှိတယ်။ ဒီကြားထဲ လက်နက်ကိုင်အဖွဲ့တွေရဲ့ လမ်းကြေးကောက်ခံတာတွေလည်း ကြုံတွေ့ရသေးတယ်။ ဒီအာရှလမ်းပိုင်းသစ် ဖွင့်ပေးလိုက်တဲ့အတွက် ခရီးသွားရေးအဆင်ပြေပေမယ့် တချို့လည်း လက်လုပ်လက်စားယာဉ်မောင်းသမားတွေအတွက်တော့ သွားတဲ့ခရီးသည်တွေ နည်းလာ၊ အဆင်မပြေတာလေးတွေရှိလာနိုင်ပါတယ်" ဟု မြဝတီ-ဘားအံ ယာဉ်မောင်းတစ်ဦးက သူ့အတွေ့အကြုံနှင့်ပတ်သက်ပြီး ပြောသည်။

"လမ်းပိုင်းပေါ်မှာ လုံခြုံရေးတင်းကျပ်မှုတွေမရှိသလိုလမ်းပိုင်းကျယ်ပြီး ချောချောမွေ့မွေ့သွားလာနိုင်တော့ အဆင်ပြေပါတယ်။တောင်ပေါ်လမ်းဆိုတော့ ကားကို မောင်းချင်တိုင်းလည်း မောင်းလို့မရဘူး။ ဒီလမ်းသစ်က အမြန်လမ်းလည်းဖြစ်တော့ ယာဉ်ကို မြန်မြန်လည်း မောင်းနှင်လို့ရသလိုမြင်ကွင်းကလည်း ကျယ်ပြီး ဘေးအန္တရာယ်ကင်းကင်းနဲ့လည်း သွားလို့ရတယ်။ အခုလိုဖွင့်လှစ်ပေးလိုက်တော့ မြဝတီ-ကော့ကရိတ်လမ်းပိုင်းကို တစ်နာရီလောက် အချိန်သက်သာပြီး မောင်းနှင်လို့ရလာတယ်။ ကော့ကရိတ်-သယ်န်းညီနောင်လမ်းပိုင်းကို အခုမှန်မှန်မောင်းရင် ၂၅ မိနစ်လောက်နဲ့ မောင်းလို့ရသွားပါပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုလမ်းသစ်၌ ဖြတ်သန်းမောင်းနှင်သည့် ယာဉ်မောင်းသူများအနက် ယာဉ်မောင်းသည့်အခါ အတင်းကျော်တက်ပြီး အမြန်မောင်းတတ်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် မူလအကျင့်များကို ပြင်ရန်လိုမည်ဖြစ်ကြောင်း ယာဉ်မောင်းအချို့နှင့် လေ့လာသူအချို့က ဝေဖန်ပြောဆိုလျက်ရှိသည်။

"အခုအာရှလမ်းသစ်ကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ မြဝတီ-ကော့ကရိတ်လမ်းသစ်ကြီး ဖောက်လုပ်ပေးမှုကြောင့် ၄၅ မိနစ်လောက်သာ သွားရတော့ အဆင်ပြေချောမွေ့ပါတယ်။ လမ်းက အဆင်း အတက်တွေရှိတဲ့အတွက်ကြောင့် ဒီအပေါ်မှာ ကုန်တင်ယာဉ်ကြီးတွေကို ထိန်းချုပ်ဖို့က တော်တော်လေးခက်ခဲတယ်။ အခု လမ်းသစ်မဖွင့်ခင်စပ်ကြားမှာ မှောက်လိုက်တဲ့ကားတွေ တစ်စီး၊ နှစ်စီး၊ သုံးစီး စသည်ဖြင့် မတော်တဆမှုဖြစ်တာတွေကို ကျွန်တော်တို့ မြင်တွေ့ရတယ်" ဟု မြဝတီမြို့ခံတစ်ဦးက ပြောသည်။

ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်ပြီး တရုတ်နယ်စပ်ကုန်သွယ်ရေးပြီးလျှင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့် အဆိုပါအာရှလမ်းသစ်နှင့်ပတ်သက်ပြီး ကော့ကရိတ်မြို့မှ ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုမင်းမင်းက " ဒီလမ်းသစ်ကြီးပြီးသွားတော့ ဒေါနတောင်တက်လမ်းဟောင်းမှာ တစ်ရက်ကို အစီးရေ ၈၀၀ ခန့် အတက် အဆင်းလုပ်နေတဲ့ကားတွေ အရင်ကလို မြဝတီ-ကော့ကရိတ်ကို ယာဉ်တန်းတစ်ရက်ခြားပြီး သွားလာဖို့မလိုတော့တဲ့အတွက် သယ်ယူပို့ဆောင်ရေးအတွက် အများကြီး အဆင်ပြေလာပါတယ်"ဟု ပြောသည်။

ယခုဖွင့်လှစ်လိုက်သည့် အာရှလမ်းပိုင်းသစ်သည် အတက်အဆင်း ရှည်လျားခြင်းနှင့် ဆောက်လုပ်မှုမှာ စံချိန်စံညွှန်းကိုက်ညီမှုမရှိခြင်းကြောင့် အဓိကကူညီထောက်ပံ့ပေးသည့် ဂျပန်နိုင်ငံက လက်မခံကြောင်း ဒေသခံတချို့က ပြောကြား သည်။

"လမ်းဟောင်းပေါ်မှာ သွားချိန်က တစ်နာရီခွဲ နှစ်နာရီလောက်ကြာတယ်။ လမ်းပိတ်ရင်ပိတ်သလို နှောင့်နှေးကြန့်ကြာမှုတွေ အများကြီး တွေ့ရတယ်။ တစ်ခါတစ်ရံ ၁၂ ဘီးကားတို့ ကုန်တင်ကားတစ်စီးတို့က ရှေ့မှာ လမ်းပိတ်နေရင် ညအိပ်ရတဲ့ ခရီးစဉ်တွေလည်းရှိတယ်။ ဒီလမ်းသစ်က အတက်အဆင်း ရှည်နေတဲ့အတွက် အဓိကကူညီထောက်ပံ့ပေးတဲ့ ဂျပန်နိုင်ငံကလည်း ဒါကို သိပ်သဘောမကျဘူး၊ လက်မခံချင်ဘူး။ စံချိန်စံညွှန်းနဲ့မညီဘူးလို့ သိရပါတယ်။ ပြန်လည်ပြုပြင်ဖို့ ပြောထားတယ်လို့တောင် ကျွန်တော်တို့ကြားပါတယ်။ အေဒီဘီချေးငွေနဲ့ ဆောက်တဲ့လမ်းလို့ ကျွန်တော်တို့ယူဆတယ်။ တကယ်ဆိုရင် ပို့ဆောင်ရာမှာလည်း တော်တော်လေး အဆင်ပြေလာပါတယ်" ဟု ကိုအောင်က ဆက်လက်ပြောသည်။

လမ်းပိုင်းသစ်ကို ဖောက်လုပ်ခဲ့သည့် See Sang Co.,Ltd. သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) ကိုလည်း ဆောက်လုပ်မည်ဖြစ်ပြီး အဆိုပါတံတား စတင်ဆောက်လုပ်ရန်အတွက် ဩဂုတ် ၃၀ ရက်က မြန်မာနိုင်ငံဘက်မှ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ထိုင်းနိုင်ငံဘက်မှ ဒုတိယဝန်ကြီးချုပ် Dr.Somkid Jatusripitak တို့က ဖွင့်လှစ်ပေးခဲ့သည်။

ယခုစတင်တည်ဆောက်သည့် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂)သည် အရှည် မီတာ ၂၇၀၊ မြန်မာဘက်ခြမ်း ချဉ်းကပ်လမ်း ၃ ဒသမ ၆၀ ကီလိုမီတာနှင့် ထိုင်းဘက်ခြမ်း တံတားချဉ်းကပ်လမ်း ၁၇ ဒသမ ၂၅ မီတာရှိကြောင်း၊ ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ကို ဆက်သွယ်ပေးမည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း၏ အရေးပါသောလမ်းကြောင်းပေါ်၌ တည်ရှိနေသောကြောင့် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအတွက်သာမက မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် တံတားတစ်စင်းလည်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်မှုနှင့်ပတ်သက်ပြီး "အခု မြဝတီ-မဲဆောက်ဘက်မှာ စတင်တည်ဆောက်နေတဲ့ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအမှတ် (၂)က မြန်မာနိုင်ငံဘက်ခြမ်း မြဝတီမြို့က အထွက်နှစ်မိုင်ခန့်အကွာ ရေပူကျေးရွာအနီးနဲ့ သောင်ရင်းမြစ်ကိုဖြတ်ပြီး ထိုင်းနိုင်ငံဘက်ခြမ်း မဲဆောက်မြို့ဘက်ကို ဆက်သွယ်တည်ဆောက်ထားတယ်လို့ သိရပါတယ်။ ဒီကုန်သွယ်တံတားကြီးက ထိုင်းနိုင်ငံဘက်က သွင်းလာမယ့် ကုန်ပစ္စည်းတွေ မြဝတီမြို့ကို မဖြတ်တော့ဘဲ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကို တိုက်ရိုက်ဝင်ရောက်နိုင်မှာဖြစ်တဲ့တွက် နှစ်နိုင်ငံသွင်းကုန်တွေကို အဆင်ပြေချောမွေ့စွာ



ကရင်ပြည်နယ်အတွင်းရှိ မြန်မာ-ထိုင်းချစ်ကြည်ရေး မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ်လမ်း အာရှလမ်းပိုင်းသစ်ကို တွေ့ရစဉ်။

ထိုင်းအစိုးရက ဆောက်လုပ်ပေးတာမဟုတ်ဘူး။ ဒီလမ်းက အေဒီဘီ(အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ)နဲ့ ထိုင်းအစိုးရက တာဝန်ခံပြီးတော့မှ ထိုင်းကုမ္ပဏီက ဆောက်လုပ်ပေးရတာလို့ သိရပါတယ်။တကယ်တော့ ထိုင်းက ကူညီပေးတာကအပိုင်းတစ်ပိုင်းပေါ့ " ဟု မြဝတီမြို့ခံတစ်ဦးဖြစ်သူ ကိုအောင်က ပြောသည်။

သို့သော်လည်း မြဝတီ-ကော့ကရိတ်လမ်းသစ်ဖွင့်လှစ်မှုကြောင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်နှင့်အခွင့်အလမ်းများ ရရှိသကဲ့သို့ ဒေသထွက်ကုန်များကို အနီးဝန်းကျင်မြို့များသို့ သယ်ယူပို့ဆောင်ရောင်းချရာတွင် ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

"မြဝတီ-ကော့ကရိတ်လမ်းသစ်ဖွင့်လှစ်မှုကြောင့် လမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ ကွမ်းသီးခြံ၊ စိုက်ပျိုးရေးခြံတွေကိုလည်း သတ်မှတ်ချက်နဲ့အညီ ငွေပေးခဲ့တယ်။ ဒီအာရှလမ်းသစ်ဖောက်လုပ်တဲ့နေရာ အနီးနားမှာဆိုရင် ကရင်တိုင်းရင်းသားကျေးရွာတွေမှာရှိတဲ့ ဒေသခံတိုင်းရင်းသားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေပိုရသလို ဒေသထွက်ကုန်တွေကို သယ်ယူပို့ဆောင် တင်သွင်းနိုင်မှာ ဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တံတားများတည်ဆောက်မှုသည် တာချီလိတ်တွင် တည်ဆောက်ပေးထားသည့် တာချီလိတ်တံတားအမှတ်(၁)နှင့် အမှတ်(၂) တံတားများအပါအဝင် ယခုတည်ဆောက်မည့်မြဝတီ-မဲဆောက်တံတားနှင့်ပါဆိုလျှင် စုစုပေါင်း သုံးစင်းရှိလာမည်ဖြစ်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ ယခုဖွင့်လှစ်လိုက်သည့် မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်နှင့် စတင်ဆောက်လုပ်လျက်ရှိသည့် မြန်မာ-ထိုင်းချစ်ကြည်ရေးအမှတ်(၂) တံတားကြီးသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ အိမ်နီးနားချင်းကို ပိုမိုနီးကပ်စွာ ဆက်သွယ်ပေးမည့်အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအကြားလည်း ရင်းနှီးနားလည်ပြီး ၎င်းတို့၏ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည့်အတွက် မမျှော်မှန်းနိုင်သည့် အကျိုးကျေးဇူးများစွာ ရရှိလာစေမည်ဖြစ်ပါကြောင်း။

❁ ကျောဖုံးမှ

ဗီယက်နမ်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့ပြီး ခုနစ်မိနစ်အတွင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးသုံးကြိမ်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ တစ်မိနစ်နှင့် ငါးမိနစ်တွင် အောင်ဇင်ဖြိုး၏ အပိုင် ဂိုးသွင်းခွင့်များလွဲချော်ခဲ့ပြီး သုံးမိနစ်တွင် ဇင်ဖြိုးအောင်၏ ပြစ်ဒဏ်ဘောကိုလည်း ဗီယက်နမ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် ဗီယက်နမ်အသင်း ပြန်ဖိကစားလာနိုင်ပြီး မိနစ် ၄၀ တွင် ဝေရန်ဒူဒမ်က ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းက ခြေအသာဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် လူအပြောင်းအလဲပြုလုပ်သော်လည်း ကစားအားတက်မလာဘဲ ပထမပိုင်းလောက်ပင် ဖိအားပေးနိုင်ခြင်းမရှိတော့ပေ။ ဗီယက်နမ်အသင်းသည် လေးဂိုးပြတ်ရှုံးလျှင်ပင် ဆီမီးတက်မည်ဖြစ်သော်လည်း ဒုတိယပိုင်းတွင် ကစားအားမချဘဲ ဂိုးရရှိရန်ဆက်လက်ကြိုးစားခဲ့သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၇ မိနစ်တွင် ဟာဒူချန်က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးပင် ပြန်မသွင်းနိုင်ဘဲ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ ထိုင်းအသင်းနှင့် အိမ်ရှင်လာအိုအသင်း၊ အုပ်စု(ခ)မှ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးပွဲစဉ်များကို စက်တင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့်မလေးရှား၊ ဗီယက်နမ်နှင့်အိမ်ရှင်လာအိုတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားဖြင့် ထုတ်လွှင့်သွားမည်

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV News Channel) မှ နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားဖြင့် စက်တင်ဘာ ၁ ရက် ည ၈ နာရီ ပြည်တွင်းသတင်းမှစတင်၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၄။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးနှင့် လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော နိုင်ငံသားနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင်နေထိုင်စဉ် နိုင်ငံသားနှင့် ထိမ်းမြားသော နိုင်ငံခြားသားနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်းပါဝင်သည်။

(ခ) **မြန်မာနိုင်ငံတွင်နေထိုင်သူ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေနေထိုင်သူကို ဆိုသည်။

(ဂ) **ယောကျ်ား** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောကျ်ားကို ဆိုသည်။

(ဃ) **မိန်းမ** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကိုဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေနှင့်အညီ ထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

(ခ) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ တရားမဝင်မယားအဖြစ် ရောက်ရှိခြင်းမှကာကွယ်ရန်၊

(ဂ) အိမ်ထောင်ဘက် တစ်ဦးထက်ပို၍ ယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေး ပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်၊

(ဃ) အမျိုးသား၊ အမျိုးသမီးများ၏ ကိုယ်ကျင့်တရား ပိုမိုထိန်းသိမ်းနိုင်ကြစေရန်။

**အခန်း (၃)**

**တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်း**

၅။ မည်သည့်ယောကျ်ားနှင့် မိန်းမမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်း ပြုနိုင်သည်။

၆။ ဤဥပဒေအာဏာတည်ပြီးနောက် ယောကျ်ားနှင့် မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းသာလျှင် တရားဝင်အတည်ဖြစ်သည်။

၇။ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေနှင့်ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၉။ ဗုဒ္ဓဘာသာဝင်မဟုတ်သူအချင်းချင်း ယင်းတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

**အခန်း (၄)**

**တားမြစ်ချက်များ**

၁၀။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့်မယားတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောကျ်ား သို့မဟုတ် မိန်းမသည် အဆိုပါထိမ်းမြားမှုတည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရ။

၁၁။ ယောကျ်ား သို့မဟုတ် မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ခိုင်မာသည့် အထောက်အထား တင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့်ထပ်မံ၍ ထိမ်းမြားနိုင်သည်။

၁၂။ မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ ထိမ်းမြားမှုမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်း မပြုရ။

**အခန်း (၅)**

**ပြစ်ဒဏ်များ**

၁၃။ မည်သူမဆို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားသည် အခြားသူနှင့်ထပ်မံ၍ ထိမ်းမြားလျှင် ဤဥပဒေအရ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ ကျန်သည့်မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၄ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်။

၁၆။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါထိမ်းမြားမှုအတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက တရားမဝင်ထိမ်းမြားခြင်းဖြစ်သဖြင့် နောက်မိန်းမသည် ထိုယောကျ်ား၏ အမွေကိုဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမယူသည့် ယောကျ်ားသည်လည်း ပထမမိန်းမနှင့် နောက်မိန်းမတို့၏ အမွေကိုဆက်ခံခွင့်မရှိစေရ။

၁၇။ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အခန်း (၆)**

**အထွေထွေ**

၁၈။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက နစ်နာသူသည် တရားမကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၁၉။ ဤဥပဒေ အာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့် ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက်စေရ။

၂၀။ တရားမဝင်ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ် ထိမ်ချန်ထိမ်းမြားလက်ထပ်ခြင်းကြောင့် ရရှိလာသော သား၊ သမီးများသည် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆုံးရှုံးခြင်း မရှိစေရ။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်း မရှိစေရ။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ရေးဆွဲချုပ်ဆိုကြရန် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၅**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

**အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ရေးဆွဲချုပ်ဆိုကြရန် အသိပေးကြေညာခြင်း**

၁။ ၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉ ဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ့တွင် ပြဋ္ဌာန်းထုတ်ပြန်ထားသည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း ၃ ပုဒ်မ ၅ က (၁)အရ အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကိုလုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုပေးရမည်ဖြစ်ပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၂၀၁၃ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေအရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၅ ဖြင့် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အနည်းဆုံး အခကြေးငွေကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါ၍ သတ်မှတ်ပေးထားသော အတည်ပြုအနည်းဆုံး အခကြေးငွေနှုန်းထားနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန လုပ်ငန်းပိုင်ရှင်များသည် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို မိမိတို့ခန့်ထားပြီးဖြစ်သော အလုပ်သမားများနှင့်သော်လည်းကောင်း၊ မိမိတို့ထပ်မံခန့်ထားမည့် အလုပ်သမားများနှင့် သော်လည်းကောင်း ညှိနှိုင်းချုပ်ဆိုကြရမည်ဖြစ်ပါသည်။

၃။ ထို့အပြင် လုပ်ငန်းပိုင်ရှင်များအနေဖြင့် မိမိတို့ခန့်ထားပြီးသော အလုပ်သမားများအား လစာထုတ်ပေးရာတွင်လည်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အတူ ပူးတွဲဖော်ပြထားသည့် လစာထုတ်ပေးမှုမှတ်တမ်း စာအုပ်ပုံစံဖြင့် လစာထုတ်ပေးကြရမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှတစ်ဆင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ဖြန့်ဝေပေးပြီးဖြစ်သည့် ယခုသတ်မှတ်ပေးထားသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံနှင့် လစာထုတ်ပေးမှု မှတ်တမ်းစာအုပ်ပုံစံတို့ကို အသုံးပြုပြီး ၂၀၁၅ခုနှစ်၊ စက်တင်ဘာလမှစ၍ အလုပ်ရှင်နှင့် အလုပ်သမားများသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် လစာထုတ်ပေးခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ချက်နှင့် သက်ဆိုင်မှုမရှိသည့် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသော လုပ်ငန်းငယ်များနှင့် မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများသည်လည်း အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီထားသည့် လုပ်ခလစာနှုန်းထားဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုရန်လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာသွန်းမည့် အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## နေရာကွက်၍ မိုးကြီးနိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၁ ရက်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

**✻ ရှေ့ဖုံးမှ**

အလားတူ စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှက်ဗ်ကတ် မီယဇီယို ယက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အုပ်စုပတ်လည်ပွဲစဉ်များအားလုံး အပြီး အုပ်စုပထမရရှိသည့် အသင်းသည် ဘိုင်ရရှိထားသည့် အသင်းများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျ အမျိုးသမီးလက်ရွေးစင်အသင်းများနှင့် အာရှဇုန် တတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို အုပ်ချုပ်သူ-ဒေါ်မြတ်မြတ်ဦး၊ နည်းစနစ်အကြံပေး-ဦးအေးမောင်၊ နည်းပြချုပ်- ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ-ဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြ-ဦးကိုကိုအောင်၊ အသင်းဆရာဝန်-ဒေါက်တာခင်စောဦးနှင့် Physiotherapist ပိုင်းဆိုင်ရာတို့ကို ဒေါ်ချောစုစုလှိုင်တို့က တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ကလေးမြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၃၁**






နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့် ပြည်သူများအတွက် အခြေခံအိမ်တွင်းမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကလေးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းငွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများနှင့် သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းသူများအတွက် နေထိုင်စားသောက်စရိတ်၊ သင်ထောက်ကူပစ္စည်းများနှင့် ခရီးစရိတ်များ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၀ ရက်က ခေါက်ဆွဲခြောက် ၂၅ အိတ်၊ ဓာတ်မီး နှစ်အိတ်၊ အဝတ်အထည် ၇၅ အိတ်၊ အချိုရည် ၆၇ ကတ်၊ ရေသန့်(၇၈၃ ကတ် ငါးအိတ်)၊ ဆေး ရှစ်အိတ်၊ မုန့်ခြောက် ၁၅ အိတ်၊ ဆားတစ်ဖာ၊ ငါးသေတ္တာ နှစ်အိတ်၊ စတီးလ်ဒန်အိုး ၂၀ လုံး၊ ထွန်း ပန်းပေါင်းစုံ ဒဏ်ကြေလိမ်းဆေးပုံး ၇၀၊ အစာဖြေဆေးပုံး ၄၀ ၊ အခိုးပွင့်အဖျားပျောက်ဆေး ငါးအိတ်၊ ချောင်းဆိုးပျောက်ဆေးထုပ် ၄၀၊ သံပရာအနာလိမ်းဆေး အထုပ် ၂၀၊ ခွဲသလိပ်ကြေရင်လူးဆေး အထုပ် ၂၀၊ ဘိလပ်မြေအိတ် ၂၀၀ တို့ကို လက်ခံရရှိခဲ့သည်။

ထို့အတူ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ အဝတ်အထည် ၁၁ အိတ်၊ ရေသန့်ဘူးကတ် ၃၀၀ တို့ကို လက်ခံရရှိခဲ့သည်။ အဆိုပါ အလှူပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်း ရေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းကုသ

**ညောင်တုန်း ဩဂုတ် ၃၁**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း နာယကများ ဦးဆောင်၍ အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော အခမဲ့ဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၂၉ ရက်က ညောင်တုန်းမြို့နယ်အတွင်း စံကင်းကျေးရွာရှိ အလယ်ချောင်းကျေးရွာဘုန်းကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား အခမဲ့ဆေးဝါးများ ကုသပေးခဲ့ကြသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဟာ အခုလို သဘာဝဘေးအန္တရာယ်ဖြစ်နေတဲ့ နေရာတွေကိုလိုက်ပြီး အခမဲ့ဆေးကုသပေးနေတာပါ။ အခု ကျွန်တော်တို့အဖွဲ့မှာ ဆရာဝန်နှစ်ဦး၊ သူနာပြု သုံးဦး၊ ဘရာဇီးနိုင်ငံသားနှစ်ဦးနဲ့ ကျွန်တော်အပါအဝင်အားလုံး ၁၂ ဦး ဖြစ်ပါတယ်။ ကျွန်တော်က အထွေထွေရောဂါတွေကို ကုသပေးသွားမှာပါ။ အခုတွေ့ရတဲ့ရောဂါတွေက သွေးတိုး၊ ခန္ဓာကိုယ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အာဟာရချို့တဲ့ရောဂါ၊ ကိုယ်ရေပြားယားယံနဲ့ ပန်းနာရောဂါတွေ တွေ့ရှိရပါတယ်။ အထူးသဖြင့် ရောဂါပေါ်မှာမူတည်ပြီး ဒေသန္တရဆေးရုံ၊ ဆေးခန်းနဲ့ကုသမှု မလုံလောက်ရင် ရန်ကုန်ဆေးရုံတွေကို အခမဲ့ ပို့ဆောင်ပေးတဲ့အပြင် ပြည်ပမှာကုသမှရမယ်ဆိုတဲ့ ရောဂါမျိုးတွေကိုပါ အခမဲ့ပို့ဆောင်ပေးပါတယ်။ အခု ကျွန်တော်တို့မှာ အထွေထွေရောဂါတွေ ကုသဖို့ လူ ၅၀၀ အတွက် ဆေးအလုံအလောက်ပါပါတယ်။ ဒီကနေ့ဆိုရင် လူ ၃၀၀ လောက် ကုသပေးပါတယ်" ဟု အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က ရှင်းပြသည်။



အဆိုပါ ဆေးကုသရေးအဖွဲ့ကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းတို့က သွားရောက်၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြသည်။ စံကင်းကျွန်းဒေသရှိ ရေဘေးသင့်ကျေးရွာအချို့မှ ပြည်သူများအား ၎င်းအဖွဲ့က ဆက်လက်၍ အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများအတွက် အသုံးပြုရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းက လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလှူဒါန်းပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ခေတ္တပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေဝင်ကျေးရွာများသို့ အစေ့ထုတ်ပြောင်းများ အခမဲ့ဖြန့်ဝေ

**မြောင် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာအုပ်စုများသို့ စိမ်းတောမြေမျိုးစေ့ကုမ္ပဏီက အစေ့ထုတ်ပြောင်းမျိုးများကို တောင်သူများထံသို့ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၃၁ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။


စိမ်းတောမြေမျိုးစေ့ကုမ္ပဏီက အစေ့ထုတ်ပြောင်းမျိုးများ ဖြန့်ဝေပေးခြင်းဖြစ်ပြီး တက်ရောက်လာသည့် တောင်သူများက အစေ့ထုတ်ပြောင်းမျိုးနှင့် ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အစေ့ထုတ်ပြောင်းကို မြစ်ရေဝင်ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ၇၅ ဧကအတွက် စိမ်းတောမြေကုမ္ပဏီက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ညောင်ဦး-ငါ့သရောက် ကျောက်ချောလမ်းကို ပြန်လည်ပြုပြင်ဆောင်ရွက်

**ငါ့သရောက် ဩဂုတ် ၃၁**

ညောင်ဦးမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ညောင်ဦး-ငါ့သရောက် ကျောက်ချောလမ်းအရှည်ပေ ၁၂ မိုင်၊ ၄ ဖာလုံကို ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာစေရန် ရည်ရွယ်၍ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**



ဇူလိုင် ၅ ရက်မှစတင်၍ မြေသားလမ်း အကျယ် ၁၈ ပေခန့် မြေညှိခြင်းလုပ်ငန်းများနှင့် လမ်းတစ်လျှောက်ရှိ ရေကျော် ၁၆ စင်းကို ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက အဖွဲ့သုံးဖွဲ့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ညောင်ဦး-ငါ့သရောက် ကျောက်ချောလမ်းအား အသစ်ပြန်လည်ပြုပြင်ရာတွင် ရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုသက်သာစေရန် လမ်း၏ဘေး(ဝဲ၊ယာ)များတွင် ရေနုတ်မြောင်းများ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပန်းတနော်မြို့နယ် ရွှေဖလားကျွန်းကျေးရွာ သဘာဝဘေးအန္တရာယ် ကျရောက်သဖြင့် လူနေမှုအခက်ကြုံတွေ့

**မအူပင် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ဇူလိုင်နောက်ဆုံးပတ်နှင့် ဩဂုတ်လအတွင်း မြစ်ရေမြင့်တက်မှုကြောင့် ရွှေဖလားကျွန်းကျေးရွာ၊ ဝေယံကျွန်းကျေးရွာနှင့် ကြက်ကျွန်းကျေးရွာတို့တွင် နေထိုင်သည့် ပြည်သူများ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသည် ဆည်မြောင်းတာအပြင်ဘက်တွင် တည်ရှိသည့် ရွာများဖြစ်ပြီး နှစ်စဉ်မိုးရာသီကာလတွင် နေအိမ်များရေနစ်မြုပ်ခြင်း၊ တာပြိုခြင်း ဖြစ်လေ့ရှိပြီး ယခုအခါ ယခင်နှစ်များထက် မြစ်ရေမြင့်တက်မှုကြောင့် ရွှေဖလားကျွန်း ကျေးရွာ၌ အိမ်ခြေ ၂၇၈ လုံးရှိရာ ၁၇၅ လုံးရေနစ်မြုပ်ပြီး ဝေယံကျွန်းကျေးရွာတွင် အိမ်ခြေ ၂၅၇ အိမ်ရှိရာ အိမ်၁၅၀၊ ကြက်ကျွန်းကျေးရွာတွင် ၁၆၈ အိမ်ရှိရာ ၇၈ အိမ် ရေနစ်မြုပ်ကြောင်း သိရသည်။

ရေနစ်မြုပ်နေအိမ်ရှိ အိမ်ထောင်စုများအား ရေလွတ်ရာ ဘုန်းကြီးကျောင်းတွင် ရွှေ့ပြောင်းနေထိုင်စေခဲ့ပြီး ယခုရေပြန်ကျချိန်တွင် မိမိနေအိမ်များ၌ ပြန်လည်နေထိုင်ရေး၊ ကုန်းမြေပေါ်ပါက မိသားစုအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြန်လည်ထူထောင်ရေးအတွက် အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

ကျေးရွာသား ကိုမျိုးသန့်က "ကျွန်တော်တို့ရွာက မိုးရာသီမှာနှစ်စဉ်ရေမြုပ်တဲ့ အန္တရာယ်ကြုံတွေ့ရပါတယ်။ ကမ်းနားနဲ့တစ်ဆက်တည်းဖြစ်တာကြောင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းလည်းစိတ်မချရပါဘူး။ ရွာရှိတဲ့ပြည်သူတွေကလည်း လက်လုပ်လက်စားများပြီး ကိုင်းစိုက်ချိန်မှာပဲ အဓိကလုပ်ငန်းရှိတာကြောင့် အခုလိုအိမ်တွေရေမြုပ်၊ စိုက်ခင်းတွေပျက်တော့ စားဝတ်နေရေးပါ အတော်အခက်တွေ့နေရပါတယ်။ အခုရက်ပိုင်းမှာပဲ ကမ်းပြိုလို့ အိမ် ၄၇ လုံးကမ်းပြိုတဲ့ အထဲပါသွားတယ်လို့ပြောပါတယ်။ သက်ဆိုင်ရာ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်မှာ တာဝန်ရှိသူတွေကလည်း လိုအပ်ချက်တွေကို စီမံခန့်ခွဲပေးပြီး အလှူရှင်တွေဖိတ်ကြားကာ လှူဒါန်းပေးလျက်ရှိပါတယ်"ဟု ပြောသည်။

**(ခရိုင် ပြန်/ဆက်)**



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၁**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်(ရုံးချုပ်)အလှူခံဌာန၌ ငွေကျပ် ၇၄၂၇၄၆၆၀၀၀နှင့် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော် အလှူငွေစာရင်း အမှတ်(CF-002301)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းငွေကျပ်၇၈၃၃၄၆၇၁၀၊ မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်အလှူငွေစာရင်းအမှတ် (OA-011834)သို့ AIACo.,Ltd မှ တိုက်ရိုက်ထည့်သွင်းလှူဒါန်းငွေကျပ် ၆၀၀၀၀၀၀၀အပါအဝင် မြန်မာအလှူငွေစုစုပေါင်းကျပ် ၈၂၇၀၈၁၂၇၁၀ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၂၀၀၀၀၀၀၊ လားရှိုးခရိုင် ဦးစီးမှူးရုံး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘောလုံးအားကစားသမားဟောင်းများက ကြီးမှူးကျင်းပသည့် ရေဘေးသင့်ပြန်လည်ထူထောင်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် အလှူရှင်စေတနာရှင်များက ငွေကျပ် ၃၅၀၀၀၀၀၀ကို ငွေစာရင်းသို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့သည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာကျပ် ၂၇၃၈၁၀၃၂၄၃၀၊ အမေရိကန်ဒေါ်လာ ၁၂၄၀၃၆၄ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှား ရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန် ယန်း ၉၆၀၀၀ဖြစ်သည်။ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်းတပ်-မတူပီ လမ်း မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ ကားငယ်များ ပြန်လည်သွားလာနိုင်ရေးအတွက် လမ်းဦးစီးဌာနက ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။ (သတင်း-ရွှေဖုံး) (ခရိုင် ပြန်/ဆက်)

## ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၀ ရက်က ခေါက်ဆွဲခြောက် ၂၅အိတ်၊ ခတ်မီး နှစ်အိတ်၊ အဝတ်အထည် ၇၅ အိတ်၊ အချိုရည် ၆၇ ကတ်၊ ရေသန့် ၇၈၃ ကတ် ငါး အိတ်၊ ဆေး ရှစ်အိတ်၊ မုန့်ခြောက် ၁၅ အိတ်၊ ဆား တစ်ဖာ၊ ငါးသေတ္တာ နှစ်အိတ်၊ စတီးလ်ဒန်အိုး ၂၁ ခု၊ ထွန်း ပန်းပေါင်းစုံ ဒဏ်ကြေလိမ်းဆေး ပုံး ၇၀၊ အစာဖြေဆေး ပုံး ၄၀၊ အခိုးပွင့်အဖျားပျောက်ဆေး ငါးအိတ်၊ ချောင်းဆိုးပျောက်ဆေး အထုပ် ၄၀၊ သံပုရာအနာလိမ်းဆေး အထုပ် ၂၀၊ ချွဲသလိပ်ကြေရင်လူးဆေး အထုပ် ၂၀၊ ဘိလပ်မြေ အိတ်၂၀၀ တို့ကို လက်ခံရရှိခဲ့သည်။

ထို့အတူ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်တွင် အဝတ်အထည် ၁၁ အိတ်၊ ရေသန့်ဘူးကတ် ၃၀၀ တို့ကို လက်ခံရရှိခဲ့သည်။ အဆိုပါ အလှူပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဆက်လက် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၃၁**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသား လေကြောင်းနှင့် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ သုံးခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်၊ အဝတ်အထည်၊ စားသောက်ကုန်၊ ကော်ဖီမစ်၊ ပန်းကန်၊ စားစရာမျိုးစုံ၊ ကျောင်းသုံးပစ္စည်း၊ နို့မှုန့်၊ ရေသန့်ဆေး၊ သက်န်း၊ ထီး နှင့်ဖိနပ်များကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျိုက္ခမိမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ညောင်လေးပင်မြို့နှင့် ဖြူးမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၉၆ လက်မတို့ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# အင်္ဂပူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုး

**အင်္ဂပူ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုးနေပြီ ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ မြို့နယ် ဦးစီးမှူး ဦးဆန်းဝင်းက ပြောသည်။

"ရေကြီးနစ်မြုပ်လို့ ပျက်စီးသွားတဲ့ မိုးစပါးတွေကို ရေကျသွားတဲ့ နေရာတွေမှာ ပြန်လည်စိုက်ပျိုးနေပါပြီ။ အခုလို ပြန်လည်စိုက်ပျိုးတဲ့ နေရာမှာလည်း စိုက်ပျိုးရာသီမီဖို့ သက်တမ်းတို စပါးမျိုးတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အကူအညီနဲ့ ဆောင်ရွက်ပေးနေတယ်။ ဒါ့ကြောင့်လည်း မျိုးစပါး အခက်အခဲဖြစ်လို့ မစိုက်ဖြစ်တဲ့ တောင်သူတွေတောင် ပြန်လည်စိုက်ပျိုးလာကြပါတယ်။ နောက်ထပ် စိုက်ပျိုးဖို့အတွက်လည်း မျိုးခင်းများ အရန်သင့် ပြင်ဆင်ထားပါတယ်"ဟု အဆိုပါမြို့နယ်ဦးစီးမှူးက ပြောသည်။

အင်္ဂပူမြို့နယ်တွင် ဇူလိုင် ၂၇ ရက်ခန့်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် စိုက်ပျိုးမြေ ၅၃၆၀၈ ဧက ရေနစ်မြုပ်ခဲ့သည့်အနက် စိုက်ပျိုးမြေ ၃၀၂၆၇ ဧက ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်၍ ပျက်စီးဆုံးရှုံးသွားသည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုးလျက်ရှိရာ ယင်းဒေသတွင် ဩဂုတ် ၃၁ ရက်အထိ မျိုးစပါးများကို ဧက ၁၁၀၀ ကျော် ပျိုးထောင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

"ပထမပိုင်းမှာတော့ မျိုးစေ့ဝယ်ဖို့ အခက်အခဲရှိခဲ့တယ်။ အခုတော့ သက်ဆိုင်ရာက မျိုးအတွက် ကူညီပေးလို့ ပြန်လည်စိုက်ပျိုးဖြစ်တာပါ။ ရေဆက်မတက်ရင်တော့ အခုပြန်စိုက်ထားတဲ့ ပျိုးပင်တွေကို ဓာတ်မြေဩဇာကျွေးမယ်။ လောလောဆယ်တော့ ဓာတ်မြေဩဇာ လိုအပ်နေပါသေးတယ်"ဟု အဆိုပါမြို့နယ်ရှိ



အင်္ဂပူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနေသည်ကို တွေ့ရစဉ်။

တလိုင်းကွင်းကျေးရွာမှ တောင်သူ ဦးခင်ကြိုင်က ပြောသည်။

ထိုသို့ စိုက်ပျိုးနိုင်ရန်အတွက် သက်တမ်းတို မျိုးစပါးများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့်မှာယူ၍ တောင်သူများကို ယာယီဆိုင်းငံ့စနစ်ဖြင့် ချပေးထားကြောင်း သိရသည်။ အဆိုပါ မြို့နယ်တွင် ရေနစ်မြုပ်ပျက်စီးသွားခဲ့သည့် မိုးစပါးစိုက်ဧကများအနက်မှ ဧက ၁၀၀၀၀ ကျော်သာ မိုးစပါးပြန်လည်စိုက်ပျိုးရန်စီစဉ်ထားကြောင်း သိရသည်။ ကျန်စိုက်ဧကများမှာ ဧရာဝတီမြစ်၊ ဝေါန်မြစ်တို့နှင့်ဆက်စပ်နေသဖြင့် စပါးပြန်လည်စိုက်ပျိုးနိုင်ရန် အချိန်နောက်ကျသွား၍ ပဲ (မတ်ပဲ) သာ စိုက်ပျိုးနိုင်တော့ကြောင်း သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏီတ)**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

**၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက**

**၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ ရက်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၅၁၈ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၁၇၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၅၂၀၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၆၂၂၇၀ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၁၈၂၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၇၄၀၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၆၈၈၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၄၅၀၂၇ | ၂၅၀၇၆၀ | ၂၀၈၉၉၉ | ၁၀၄၈၂ |
| | **စုစုပေါင်း** | **၁၄၄၇၀၈၀** | **၁၃၆၉၃၃၅** | **၁၁၀၈၉၄၇** | **၈၄၁၆၈၈** | **၃၆၁၁၄၁** |

# ဝေါန်မြစ်ရေ ဒုတိယအကြိမ် ၂၇ ဒသမ ၃၀ ပေသို့ရောက်ရှိ

**ပုသိမ် ဩဂုတ် ၃၁**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေါန်မြစ်ရေသည် ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ ၂၇ ဒသမ ၃၀ ပေသို့ ဩဂုတ်လအတွင်း ဒုတိယအကြိမ် ပြန်လည်ရောက်ရှိနေသည်။

ဩဂုတ်လဆန်းပိုင်း မြစ်ရေကြီးမြင့်ချိန်တွင် ဝေါန်ရေကာတာကြံ့ခိုင်မှုအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အထောက်အကူပြုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ခဲ့ကြရာ ငါးသိုင်းချောင်းမြို့ပတ်ဝန်းကျင်တာမိုင်များအတွင်း ရေယိုစိမ့်ပေါက်ပေါင်း ၈၀ ကျော်တွေ့ရှိပြုပြင်ထိန်းသိမ်းခဲ့ရသည်။ မြစ်ရေကျဆင်းသွားချိန်ကြားကာလအတွင်း ကြံ့ခိုင်မှု လိုအပ်သော ရေယိုစိမ့်ပေါက်များကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက အချိန်မီ ပြုပြင်ထိန်းသိမ်းပြီးစီးခဲ့ကြောင်းနှင့် ဝေါန်မြစ်ရေထပ်မံကြီးမြင့်လာပါက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်နိုင်ရန် လူအင်အား၊ ပစ္စည်းအင်အား စုဆောင်းဆောင်ရွက်ထားရှိလျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၃၂)ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၅၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၉၈' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၄၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၅၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၅' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၅၀' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၄၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၁၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၉၀' |
| ၂၂။ | ဘော်ဘင်ရေလှောင်တမံ (၂) | ၂၆၅၈၈ | ၀. ၁၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၄။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၇၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၄၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၉၀' |
| ၂၈။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၂၉။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၃၁။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၇၀' |
| ၃၂။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၂၀' |

**(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲလုပ်ငန်းခွင်သင်တန်းဖွင့်လှစ်





**ရန်ကုန် ဩဂုတ် ၃၁**

ရဲလုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၃/၂၀၁၅)ဖွင့်ပွဲကို ယနေ့ နံနက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ-၂ ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

အဆိုပါသင်တန်းကို ယနေ့မှ စက်တင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်ကာ အလုပ်သင်ကာလ တစ်နှစ်နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများတွင် တစ်နှစ်တို့ တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ချထားသည့် ဒုရဲအုပ်(အမျိုးသား) ရဲအရာရှိ ၆၃ ဦးကို လုပ်ငန်းခွင်တာဝန်များ စနစ်တကျကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး မင်းဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းမှူးနှင့်နည်းပြများ၊ သင်တန်းသားရဲအရာရှိများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များပူးပေါင်း၍ အနောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့သည် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အောင်မြေသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်သို့ ရောက်ရှိ၍ အနောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၂ ကျောင်းသို့ ဆန် ၇၆ အိတ်၊ စာအုပ် ဒါဇင် ၆၆၀၊ ဘောပင်ဒါဇင် ၄၅၀၊ ခဲတံဒါဇင် ၄၀၊ ကျောင်းဝတ်စုံ ၅၇၀ တို့အားလည်းကောင်း၊ အနောက်ပိုင်း (ခရိုင်/မြို့နယ်) အမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းသည့် စုစုပေါင်းငွေကျပ် ၁၅ သိန်းကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ကြက်သွန်တို့အားလည်းကောင်း ကျောင်းတိုက်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အလှူရှင်များပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အခြားလှူဖွယ်ပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေး ကိရိယာများကို နှစ်စဉ်လှူဒါန်းလျက်ရှိရာ ယခုနှစ်တွင်လည်း ခရိုင်လေးခရိုင်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၉၃ ကျောင်းသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စာအုပ်ဒါဇင် ၄၀၀၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက ဆွမ်းဆန် ၅၀၆ အိတ်၊ စာအုပ်ဒါဇင် ၂၉၀၀၊ ဘောပင်ဒါဇင် ၁၉၅၀၊ ခဲတံဒါဇင် ၁၇၀၊ ကျောင်းဝတ်စုံ ၂၅၈၈ စုံတို့အား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

သောက်သုံးရေများဖြန့်ဝေပေးရာ၌ ပြည်သူများ အပြည့်အဝရရှိရန်နှင့် အလေအလွင့် မရှိစေရေးတို့အတွက် ယခုအခါ ကမ္ဘာ့အေးဘုရားလမ်း၌ ဂျပန်နိုင်ငံ(JICA)၏ Grant Aid Project အရ မူလအချင်း ၄၂ လက်မရှိ Mild Steel (MS)ရေပို့ပိုက်မကြီးများနေရာ၌ အချင်း လက်မ ၄၀ ရှိ Ductile Iron(DI)ရေပိုက်လိုင်းသစ်များ အစားထိုးလဲလှယ်ဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကင်းမြို့နယ်ရှိ အမှတ်(၂၃)ရပ်ကွက်များတွင် ရေမီတာ ကန့်သတ်တပ်ဆင်ပေးဝေသော ဧရိယာ District Metered Area (DMA)စနစ်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တိုးတက်လာသော လူဦးရေနှင့်အညီ သောက်သုံးရေ စနစ်တကျ ပေးဝေနိုင်ရေးအတွက် ရေဖြန့်ဝေမှု ပိုမိုဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ လဂွန်းပြင် ရေသန့်စင်စက်ရုံကို ကော်မတီ၏ ဘဏ္ဍာငွေဖြင့် တည်ဆောက်လျက်ရှိပြီး ရေပိုက်လိုင်းများ ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ၏ Loan ချေးငွေအကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ တိုးတက်လာသော ရန်ကုန်မြို့နေလူဦးရေနှင့်အညီ သောက်သုံးရေဖူလုံစွာ ဖြန့်ဝေပေးနိုင်ရန် ကုက္ကိုလ်ဝမြစ်ရေတင်စီမံကိန်းကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှာလည်း လဂွန်းပြင်ရေပေးဝေစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ လဂွန်းပြင် ရေပေးဝေရေးစီမံကိန်း ပြီးစီးပါက ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ယုဇနဥယျာဉ်မြို့တော်နှင့် စက်မှုဇုန်များအပါအဝင် သာကေတ၊ ဒေါပုံ၊ သီလဝါ အထူးစီးပွားရေးဇုန်များကို နေ့စဉ်ရေဂါလန် သန်း ၄၀ ပေးဝေသွားမည်”ဟု အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူ တစ်ဦး၏ ပြောပြမှုအရ သိရသည်။

ပြည်သူများ သောက်သုံးရေ ရရှိရန် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာတွင် ရေမရရှိသေးသည့် ရွှေပြည်သာမြို့နယ်သို့လည်း ပေးဝေနိုင်ရန် ၂၀၁၅ ခုနှစ် အစောပိုင်းမှစ၍ ညောင်နှစ်ပင် ရေသန့်စင်စက်ရုံမှ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းကြည်လင်သော သောက်သုံးရေများ ပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ရွှေပြည်သာမြို့နယ်သည် လူဦးရေများပြားပြီး ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စုလေးအုပ်စုတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားရာ ရွှေပြည်သာမြို့နယ်သို့ ညောင်နှစ်ပင် ရေသန့်စင်စက်ရုံမှ High Density Polyethylene(HDPE) ရေပို့ပိုက် အရွယ်အစားများဖြစ်သည့် အချင်း ၄၀ လက်မရှိ HDPE ရေပို့ပိုက် ၁၁ ဒသမ ၄၅ မိုင်၊ အချင်း ၃၂ လက်မရှိ HDPE ရေပို့ပိုက် ၄ ဒသမ ၃၂ မိုင်၊ အချင်း ၂၄ လက်မရှိ HDPE ရေပို့ပိုက် ၂ ဒသမ ၅ မိုင်နှင့် အချင်း ၁၆ လက်မရှိ HDPE ရေပို့ပိုက် ၆ ဒသမ ၉၃ မိုင်တို့ကို ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့်အပြင် လက်ရှိအားဖြင့် ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်အား ပိုက်လိုင်းစနစ်ဖြင့် ပေးဝေရန် အချင်း ၁၂ လက်မ၊ ၁၀ လက်မ၊ ရှစ်လက်မ အစရှိသော HDPE ရေပိုက် ၁၇၈ မိုင်ကိုလည်း ဆက်သွယ်ဆောင်ရွက်ပေးပြီးဖြစ်သည်။

ထို့အပြင် အုတ်ဖိုကျေးရွာအုပ်စုအတွင်းရှိ သာခုကန်ကျေးရွာနှင့် ဘုံရှည်ကုန်းကျေးရွာ နှစ်ရွာတို့အား အများသုံးရေကန်စနစ်ဖြင့် ပေးဝေသွားရန် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက်လည်း မီးသတ်ငုတ်ပေါင်း ၈၀ ကိုလည်း ရေပိုက်လိုင်းကွန်ရက်များအတွင်း၌ တပ်ဆင်ထားရှိပြီးဖြစ်သည်။ ယခုအခါ ရွှေပြည်သာမြို့နယ်အတွင်း ရေပို့ပိုက်များမှ တစ်ဆင့် ရေစတင်ရောက်ရှိနေပြီဖြစ်သည့်အတွက် ရေဖြန့်ဝေပေးနိုင်ရေးအတွက် ရေပိုက်လိုင်းများ ဆေးကြောသန့်စင်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ပေး

**သီပေါ ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ ယခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးခြင်းကို ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ဘဏ်အဖွဲ့ဝင် တောင်သူ ၂၅၇၈ ဦးတို့ကို ချေးငွေကျပ်သိန်း ၇၅၉၄ ဒသမ ၂ သိန်းကို ဩဂုတ် ၂၈ ရက်က အပြီးသတ်ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထုတ်ချေးပေးသည့် သီးနှံများမှာ စပါး ၆၀၀၁ ဧက၊ ပြောင်း ၇၉၆၆ ဧကကို စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ပြောင်းနှင့် အခြားသီးနှံများကို တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းစီတို့ဖြင့် အတိုးနှုန်း တစ်ဧကအတွက် ငါးရာခိုင်နှုန်း အတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်ဟု သီပေါမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ မန်နေဂျာထံမှ သိရသည်။ **စိုင်း(သီပေါ)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပွားခဲ့သော မှုခင်းသတင်းပုံရိပ်များ

**ကိစ္စများမြောင် လူတို့ဘောင်တွင် အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာပွေရသည့်ဖြစ်ရပ်မျိုးကို မိဘပြည်သူများ ဆင်ခြင်သတိပြုမိစေရန်နှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပွားခဲ့သော မှုခင်းများကို အခါအားလျော်စွာ ကောက်နုတ်စုစည်းတင်ပြသွားမည်ဖြစ်သည်။**

### ညစ်ညမ်းစွာဆဲဆို၍ အကျိုးဖျက်ဆီးမှုဖြင့် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိ

ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီခွဲတွင် တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်နေ ဦးကျော်စိုးဝင်း (အသက် ၃၆နှစ်-ဈေးရောင်း)သည် ယုဇနပလာဇာမှ သာကေတမြို့နယ်ရှိ မိဘများနေအိမ်သို့သွားရန် ၎င်းပိုင် တိုယိုတာဟိုင်းလတ်အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် မောင်းလာစဉ် မင်္ဂလာဈေး CB ဘဏ်ရှေ့အရောက်၌ ယာဉ်အမှတ် 4A/----- ဒိုင်နာအဖြူစိမ်းရောင်(၁၀၅)လိုင်းကားက ရှေ့တွင်ပိတ်ရပ်၍ ဖယ်ရှားပေးရန်ပြောဆိုရာမှ မကျေနပ်ဘဲ နောက်မှထပ်ကြပ်မကွာလိုက်လာပြီး ဒေါပုံမြို့နယ် ဝါဆိုမှတ်တိုင်အရောက်တွင် ရှေ့မှ ပိတ်ရပ်၍ ယာဉ်မောင်းနှင့် စပယ်ယာ နှစ်ဦးစလုံးက တုတ်ဖြင့်ရိုက်ရာ လူကိုမထိဘဲ ကား၏ယာဘက် လေကာမှန်ထိခိုက်မိသွားသည်။ ဦးကျော်စိုးဝင်းက ကားကို ဆက်လက်မောင်းထွက်ခဲ့ရာ ထပ်မံလိုက်လာပြီး ဒေါပုံမြို့နယ် သဘော်ကျင်းမှတ်တိုင်အရောက်တွင် ညစ်ညမ်းစွာဆဲဆိုပြီး ချွန်ထက်သည့် အရာတစ်ခုဖြင့် ကားအပြင်မှ လှမ်းထိုး၍ ရှောင်လိုက်သဖြင့် ဦးကျော်စိုးဝင်း မောင်းနှင်လာသောကားမှာ လမ်းတစ်ဖက်ရှိ ပရိုဘောက်အဖြူရောင်ယာဉ်အား ဝင်တိုက်မိခဲ့သည်။ ဦးကျော်စိုးဝင်း၏ ကားမှာလည်း ကာလတန်ဖိုး ငွေကျပ် သုံးသိန်းခန့် ပျက်ဆီးဆုံးရှုံးခဲ့သဖြင့် ညစ်ညမ်းစွာဆဲဆို၍ ကားပျက်စီးဆုံးရှုံးအောင် ပြုလုပ်ခဲ့သူ (၁၀၅)လိုင်းကားယာဉ်မောင်း(စုံစမ်းဆဲ)နှင့် ယာဉ်နောက်လိုက်(စုံစမ်းဆဲ)တို့အား အရေးယူပေးရန်တိုင်တန်း၍ သက်ဆိုင်ရာက ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိသည်။

### တွံတေးမြို့၌ အမျိုးသားတစ်ဦးရေနစ်သေဆုံး

ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက တွံတေးမြို့ အိုးဖို(အရှေ့)ရပ်ကွက် မြစ်ဆိပ်တွင် အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ သက်ဆိုင်ရာက သက်သေများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးရာ သေဆုံးသူမှာ အိုးဖို(အရှေ့)ရပ်ကွက် ကျောင်းသစ်လမ်းနေ ကျပန်းအလုပ်လုပ်ကိုင်သူ သန်းကျော်ဌေး(အသက် ၄၁ နှစ်) ဖြစ်ကြောင်း သိရသည်။

အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရ၍ သန်းကျော်ဌေး၏ အဒေါ်ဖြစ်သူ မအူပင်မြို့နယ် ထနီးကျေးရွာနေ ဒေါ်စန်းဌေးအား မေးမြန်းရာ သန်းကျော်ဌေးမှာ ဩဂုတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီက နေအိမ်၌ အရက်သောက်စားပြီး ၎င်း၏ညီဖြစ်သူ၏ နာရေးရက်လည် ဖိတ်စာကမ်းရန် ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ယခုကဲ့သို့ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း၊ ၎င်းမှာ အရက်အလွန်အကျွံသောက်စားတတ်သူဖြစ်ပြီး အရက်သောက်စားပြီးလျှင် တွံတေးတူးမြောင်းအတွင်း ရေဆင်းချိုးတတ်ကြောင်းသိရ၍ အလောင်းအား တွံတေးဆေးရုံသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

### လှိုင်မြို့နယ်၌ ကားနှင့်ရထားချိတ်မိ၍ မီးရထားအက်ဥပဒေဖြင့်အရေးယူ

ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ဦးသိန်းရွှေ (၄၁ နှစ်) မြန်မာ့မီးရထား ဂိတ်စောင့်လုပ်သားသည် ဂိတ်စောင့်တာဝန် ဆောင်ရွက်နေစဉ် ရန်ကုန်မှ အင်းစိန်ဘက်သို့မောင်းနှင်သော မြို့ပတ်ရထားအား လှိုင်မြို့နယ်(၂)ရပ်ကွက် ရွာမကျောင်းလမ်း သံလမ်းဖြတ်အနီး ဘုံကျော်ဘုန်းကြီးကျောင်းရှေ့ မိုင်တိုင်အမှတ် (၅/၁၁)နှင့် (၅/၁၂)အရောက်တွင် ရွာမကျောင်းလမ်းမှ ဘုံကျော်ဘုန်းကြီးကျောင်းဘက်သို့ ယာဉ်မောင်း ထွန်းထွန်းဝင်း (၄၀နှစ်)(၅)ရပ်ကွက် လှိုင်မြို့နယ်နေသူ မောင်းနှင်သော တိုယိုတာ အနက်ရောင်ယာဉ်က သံလမ်းဘေးအတိုင်း ချိုးကွေ့မောင်းနှင်စဉ် ရထားနှင့်ချိတ်မိပြီး ၁၀ ပေခန့် ချိတ်ပါသွားရာ လူထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရရှိသော်လည်း ကားနောက်ကိုယ်ထည်ယာဘက်ခြမ်းပျက်စီးကာ ရထားစက်ခေါင်း ခြေနင်းခုံပျက်စီးသွားသည်။ ရထားပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၇၀၀၀၀ ခန့် ဆုံးရှုံးခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ထွန်းထွန်းဝင်းအပေါ် သက်ဆိုင်ရာက မီးရထားအက်ဥပဒေပုဒ်မ ၁၂၉ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

### သန်လျင်မြို့၌ ဆိုင်ကယ်နှစ်စီး တိုက်မှုဖြစ်ပွား

ဩဂုတ် ၃၀ ရက်မွန်းလွဲ ၁ နာရီခွဲက သန်လျင်မြို့နယ် ဗိုလ်ချုပ်နေဝင်းလမ်းအတိုင်း ဆေးရုံကွေ့မှ မြို့မဈေးဘက်သို့ ပဲခူးစုရပ်ကွက်နေ သူရဇော် (၂၁ နှစ်) မောင်းနှင်လာသော လေ့ဂျား-၁၁၀ အဖြူရောင် (လိုင်စင်စိစစ်ဆဲ) ဆိုင်ကယ်သည် အထက(၂)ကျောင်းလမ်းထိပ်အရောက်တွင် မျက်နှာချင်းဆိုင်မှ ဘော့သပြေကန်နေ ရဲတည်ကြည်ခန့် (၁၉ နှစ်)မောင်းနှင်းလာသော ဂျဲလမက်-၁၁၀ အနက်ရောင်ဆိုင်ကယ်(လိုင်စင်စိစစ်ဆဲ)တို့ လမ်းလယ်တွင် ဝင်ရောက်တိုက်မိသည်။

ထိုသို့တိုက်မိရာ၌ ရဲတည်ကြည်ခန့်တွင် ဝဲနားထင် ပေါက်ပြဲဒဏ်ရာဖြင့် သန်လျင်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ပြီး သူရဇော်တွင် ဝဲမျက်လုံးဖူးရောင်၊ ယာပါးပွန်း၊ ယာတံတောင်ပွန်း၊ ဝဲပါးဖူးရောင်ဒဏ်ရာများဖြင့် သန်လျင်ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ (စိုးရိမ်ရ)ဖြင့် တင်ပို့ကုသလျက်ရှိသည်။ သူရဇော် မောင်းနှင်သည့် ဆိုင်ကယ်နောက်တွင် လိုက်ပါလာကြသော ထန်းပင်ကုန်းရပ်ကွက်နေ ချစ်ပိုင်အောင် (၁၆နှစ်)မှာ အတွင်းလူနာ (မစိုးရိမ်ရ)နှင့် ထန်းပင်ကုန်းရပ်ကွက်နေ အောင်မြတ်သူ (၁၆ နှစ်)မှာလည်း ပြင်ပလူနာ(မစိုးရိမ်ရ)ဒဏ်ရာများဖြင့် သန်လျင်ဆေးရုံတွင် အသီးသီးတက်ရောက်ကုသလျက်ရှိသည်။ ထို့အပြင် အောင်ချမ်းသာ(၃)ရပ်ကွက်နေ ဒေါ်နော်ဘဲဖော (၅၉ နှစ်)မှာလည်း လမ်းဘေးတွင်ရပ်နေစဉ် သူရဇော် မောင်းနှင်သောဆိုင်ကယ်က ထပ်မံတိုက်မိသောကြောင့် သန်လျင်ဆေးရုံတွင် အတွင်းလူနာ (မစိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူခဲ့ရသည်။ ထို့ကြောင့် ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ သူရဇော်နှင့် ရဲတည်ကြည်ခန့်တို့နှစ်ဦးအပေါ် သက်ဆိုင်ရာကအမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်(ရန်ကုန်)အဖွဲ့**




# ပျော်ဘွယ်-ဘုရားငါးဆူ-ကလော-တောင်ကြီး လမ်းအဆင့်မြှင့်တင်

**နေပြည်တော် ဩဂုတ် ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက မန္တလေး အမြန်လမ်းမကြီးပေါ်၌ Oriental Highway Co.,Ltd က ဆောင်ရွက်သောအပိုင်းနှင့် ယုဇနဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် ရမည်းသင်း-မိတ္ထီလာ လမ်းပိုင်း မိုင်တိုင် ၂၉၀/၀ မှ ၃၃၈ / ၀ အထိ ၄၈ ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း၊ မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ မိတ္ထီလာမြို့အဝင် မိုင် ၃၃၄/၂ မှ ၃၃၈/ ၀ အထိ ၄၈ ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကလောမြို့ လမ်းအခွန်ကောက်ခံရေးတိုးဂိတ် ရှင်းလင်းဆောင်၌ တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် စီမံကိန်း အင်ဂျင်နီယာမှ မိတ္ထီလာ-သာစည်-နန့်ပန်တက် လမ်းပိုင်း၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းပိုင်း၊ သာစည်-သပြေဝ လမ်းပိုင်းတို့၏ လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တစ်ရက်လျှင် ယာဉ်စီးရေ ၃၀၀၀ ကျော် ဖြတ်သန်းအသုံးပြုသည့် အာဆီယံလမ်းမကြီးဖြစ်သည့်အတွက် မကြာခင် အာဆီယံနိုင်ငံများ ကုန်စည်စီးဆင်းရန် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ၄၈ ပေအကျယ်၊ လေးလမ်းသွား လမ်းအဆင့်မြှင့်တင်တိုးချဲ့ရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားစီမံချက်များ အချိန်မီပြီးစီးရန်လိုကြောင်း မှာကြားသည်။

**(သတင်းစဉ်)**

# အင်းလေးဒေသကို ဆေးလိပ်ငွေ့ကင်းစင်နေရာအဖြစ် ဆောင်ရွက်မည်

**ညောင်ရွှေ ဩဂုတ် ၃၁**

အင်းလေးဒေသကို ဆေးလိပ်ငွေ့ကင်းစင်နေရာအဖြစ် စက်တင်ဘာလအတွင်း စတင်သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆေးလိပ်ငွေ့ကင်းစင်ရေးဒေသအဖြစ် သတ်မှတ်မည့် အင်းလေးဒေသဆေးလိပ်ငွေ့ကင်းစင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ အန္တရာယ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်၊ ဆေးလိပ်ငွေ့ကင်းစင်သောမြို့အကောင်အထည်ဖော်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဆေးလိပ်ငွေ့ကင်းစင်ရေးအကောင်အထည်ဖော် ဆောင်ရွက်သည့် မြို့များရှိပြည်သူများ ပါဝင်ပူးပေါင်းမှုရရှိစေရန်နှင့် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကမ္ဘာ့အမွေအနှစ်ဒေသများကို ဆေးလိပ်ငွေ့ကင်းစင်ပြီး ကျန်းမာသန့်ရှင်းသော ဒေသဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ စိုင်းဝင်းဇော်လှိုင်က ပြောသည်။



ယခုကဲ့သို့ ဆေးလိပ်ငွေ့ကင်းစင်နေရာအဖြစ် သတ်မှတ်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် South East Asia Tobacco Control Alliance (SEATCA) တို့ သဘောတူထားကာ မေ ၂၁ ရက်နှင့် ၂၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် 3rd Regional Meeting on Tobacco Control in ASEAN Countries အစည်းအဝေးတွင်လည်း ကြေညာခဲ့ပြီးဖြစ်သည့်အတွက် ပုဂံဒေသ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ အင်းလေးဒေသနှင့် ပင်းတယ ရွှေဥမင်လိုဏ်ဂူ ပတ်ဝန်းကျင်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ကိုယ်အင်္ဂါမသန်စွမ်းသူများ သင်တန်းများလျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ အသက် ၁၈ နှစ် မှ ၄၅ နှစ်ရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် စက်ချုပ်၊ ပိုးဇာပုံနှိပ်၊ ဓာတ်ပုံ၊ ဆံသနှင့် ကွန်ပျူတာသင်တန်းများကို စက်တင်ဘာ ၁၄ ရက်မှစတင်ကာ သုံးလသင်တန်းအဖြင့် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၅၀၃၄၆၉၁ တို့ထံသို့ စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် အဆောင်နေစားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်ထုတ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ်(ပြင်ဦးလွင်) တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ၌ ထူးချွန်သောဂေါက်သီး အားကစားသမားများပေါ်ထွက်လာစေရေးအတွက် စီဘီဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ်(ပြင်ဦးလွင်)၏ တတိယနေ့ပွဲစဉ်များကို ဩဂုတ် ၂၉ ရက်က ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ ၁၈ ကျင်းအပြီးတွင် (Professional အဆင့်ပြိုင်ပွဲ၌ နိုင်နိုင်လင်း(New Star)၊ လှမျိုး (Minzuno)နှင့် ဘိုဘို (HAN Golf Academy) တို့က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၁၄ ချက်ဖြင့်




ပထမလိုက်နေကြပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ပထမ၊ မောင်မဲက စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယ၊ မောင်မောင်ဦးက စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၁၅၀ ဖြင့် ပထမ၊ မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ဒုတိယ၊ အေးအေးအောင်က စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် တတိယလိုက်နေကြသည်။

**ဖိုးသော်ဇင်**

# ဩဂုတ် ၃၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၁၀၀၀ |
| ၂ | ဇီရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၂၃၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၄၇၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၈၀ မှ ၂၃၆၅ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၁၀၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၇၅ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၅၀ မှ ၂၉၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၃၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ပဲခူးရိုးမပျော် ဆင်ငါးကောင် မူရင်းဒေသသို့ ပြန်လည်ရောက်ရှိ

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**

**မြို့သစ် ဩဂုတ် ၃၁**

ဒေသခံပြည်သူများ၏ စိုက်ခင်းများ၊ အိုးအိမ်များကို ဖျက်ဆီးခြင်း မပြု၊ ပြုလျှင် ဖြစ်လာမည့်အန္တရာယ်ကိုလည်း နားလည်ပုံရသော ဆင်အုပ်ကြီးသည် ၎င်းတို့၏မိသားစုဝင် ဆင်ငယ်တစ်ကောင်ကို ဆုံးရှုံးချန်ထားခဲ့ရပြီး လာရာလမ်းဆီသို့ မနားမနေ၊ မစားမသောက် ခရီးကြမ်းနှင်လာခဲ့ရာ ဩဂုတ် ၃၁ ရက် နံနက် ၃ နာရီခန့်က မူရင်းဒေသဖြစ်သည့် စံပယ်တောင်သို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ပဲခူးရိုးမပျော် ဆင်ခြောက်ကောင်သည် ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီကစ၍ နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်သို့ မျက်စိလည်လမ်းပျောက်ကာ ရောက်ရှိလာပြီး မိတ္ထီလာမြို့နယ်နှင့် တောင်သာမြို့နယ်တို့ရှိ တောတောင်များကို ဖြတ်ကာ ဩဂုတ် ၂၄ ရက်က ညောင်ဦးမြို့နယ်အတွင်းသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ဆင်အုပ်ကျက်စားနေစဉ် ဒေသခံများက လိုက်လံခြောက်လှန့်ခြင်း၊ ဓာတ်ပုံများ လိုက်ရိုက်ခြင်း၊ စနောက်နေခြင်းတို့ကြောင့် ဆင်ခြောက်ကောင်သည် ဆက်လက်ခရီးနှင်လာရာ မိသားစုဝင် ဆင်ငယ်တစ်ကောင်သည် ဩဂုတ် ၂၆ ရက်က ညောင်ဦးမြို့နယ် တူရင်းတောင်ခြေ၌ မျက်ခြည်ပြတ်၍ အုပ်စုကွဲကျန်ရစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆင်အုပ်သည် ကျောက်ပန်းတောင်းမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ်တို့ကို ဖြတ်သန်းသွားခဲ့ပြီး ဩဂုတ် ၃၀ ရက်က ဆင်အုပ်သည် မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ် နယ်စပ်ရှိ အိုင်မဲအုပ်စုနှင့် ကွင်းကြီးအုပ်စုကြားရှိ လျှိုအတွင်းသို့ ရောက်ရှိခဲ့သည်။ ဩဂုတ် ၃၀ ရက် ညက တောဆင်အုပ်ကို ကွန်ဂျီဆင် ငါးကောင်နှင့် သက်ဆိုင်ရာအဖွဲ့ဝင်များနှင့် ဆင်ဖမ်းအဖွဲ့များသည် မူရင်းဒေသဖြစ်သည့် ပဲခူးရိုးမ စတုံကြိုးဝိုင်းအတွင်းရှိ စံပယ်တောင်သို့ ထိန်းကျောင်းမောင်းနှင်ပေးခဲ့ရာ ဩဂုတ် ၃၁ ရက် နံနက် ၃ နာရီခန့်တွင် မူရင်းဒေသသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၃၀ ရက်က ဆင်အုပ်က အိုင်းမကျေးရွာအုပ်စုနဲ့ ကွင်းကြီးအုပ်စုကြားက လျှိုမြောင်ထဲမှာ ရောက်နေပါတယ်။ အဲဒီနေ့ညမှာပဲ ကွန်ဂျီဆင်တွေနဲ့ စံပယ်တောင်နားအထိ လမ်းကြောင်းမမှားအောင် ထိန်းကျောင်းမောင်းနှင်ပေးခဲ့ပါတယ်။ လိုက်ပါသွားတဲ့အဖွဲ့တွေက လေသာတောင်အောက်ခြေ စံပယ်တောင်နဲ့နီးတဲ့နေရာအထိပဲ လိုက်ပါထိန်းကျောင်းပေးခဲ့တာပါ။ တောကနက်တော့ ရှေ့ဆက်လိုက်လို့အဆင်မပြေဘူး။ အဖွဲ့က ဒီနေ့မနက် ၂ နာရီမှာပဲ ဆင်အုပ်ကို စိတ်ချရတဲ့နေရာရောက်တာနဲ့ ပြန်လှည့်လာခဲ့ပါတယ်။ ဒီနေ့ မနက် ၃ နာရီလောက်မှာ ဆင်အုပ်က သူတို့ကျက်စားတဲ့နေရာကို ပြန်ရောက်ပြီလို့ ထင်ပါတယ်။ မြို့သစ်နယ်ထဲမှာတော့ ဘာအန္တရာယ်မှမရှိခဲ့ပါဘူး။ ဆင်အုပ်သွားတဲ့နေရာတွေက ရွာတွေနဲ့လည်း ဝေးတယ်။ နောက်ကလိုက်တဲ့ အဖွဲ့တွေကိုလည်း ဆင်တွေကို ဓာတ်ပုံမရိုက်ဖို့မှာထားတယ်။ အန္တရာယ်ဖြစ်မှာလည်း စိုးတယ်။ အသံတွေကြောင့် လမ်းကြောင်းလွဲသွားမှာလည်းစိုးတဲ့အတွက်ပါ။ အခုတော့ အေးအေးချမ်းချမ်းပဲ သူတို့နေတဲ့နေရာလေးကို ပြန်လည်ရောက်ရှိသွားပါပြီ" ဟု မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်က သတင်းကိုစိတ်ဝင်စားလို့ အဖွဲ့နဲ့လိုက်ပါသွားတာပါ။ ဆင်အုပ်ထိန်းတဲ့အဖွဲ့ထဲမှာပါတဲ့ ပုဂံချစ်သူများအဖွဲ့က ကျွန်တော်တို့သူငယ်ချင်းတွေ ပါပါတယ်။ သူတို့ကလည်း ကျွန်တော့်ကိုလိုက်စေချင်လို့ လိုက်သွားဖြစ်တာပါ။ သူတို့ မွေးဖွားရာနေရပ်ကို စွန့်ခွာလာရတာက သူတို့အတွက် အစာရေစာရှားပါးလာတာရယ်၊ သစ်တောတွေပြုန်းတီးလာတာရယ်ကြောင့် ဖြစ်မယ်ထင်တယ်။ ဆင်ငယ်လေးတွေပါလာတာကို ကြည့်ခြင်းအားဖြင့် သူတို့နေတဲ့ဆီမှာ မုဆိုးတွေရဲ့အန္တရာယ်တွေ့လာလို့ ထွက်ပြေးလာတာလို့လည်း ထင်ပါတယ်။ ဒါကိုတော့ သက်ဆိုင်ရာက သွားရောက်ပြီး စစ်ဆေးကြည့်မှ ဘာကြောင့်ဆိုတာကို အနီးစပ်ဆုံးခန့်မှန်းလို့ရမှာပါ" ဟု ဆင်အုပ်ကို မူရင်းဒေသသို့ လိုက်ပါပို့ဆောင်ပေးခဲ့ရာတွင် လိုက်ပါခဲ့သူတစ်ဦးက ပြောသည်။



မြို့သစ်မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အဖွဲ့ ဆင်ယဉ်များ ဝန်းရံပြီး တောဆင်ရိုင်းများအား မူရင်းဒေသသို့ ထိန်းကျောင်းပို့ဆောင်စဉ်။ (ဓာတ်ပုံ-သစ်တောဦးစီး)

# အုပ်စုဖွဲ့၍ ဆိုင်ကယ် ၃၁ စီးနှင့် ကြေးနန်းကြိုး ၉၂ ပိဿာခန့်တို့ကို ခိုးယူခဲ့ကြသူများအား ဖမ်းဆီးရမိ

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းရဲအကူတပ်ဖွဲ့ခွဲ ကျောက်ဆည်ခရိုင် မှုခင်းနှိမ်နင်းရေးနှင့် ကျောက်ဆည်မြို့မရဲစခန်း ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် ညနေ ၆ နာရီက နယ်မြေအတွင်း ခိုး၊ ဆိုး၊ နှိုက်၊ လု သတင်းစုံစမ်းနေစဉ် ကျောက်ဆည်မြို့ Golden Gate စက်သုံးဆီပန့်ဆိုင်ရှေ့၌ ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိရသည့် အောင်လ(ခ)သီဟကိုကို၊ သံလုံး(ခ)နိုင်လင်း၊ မဲကြီး(ခ)ရဲဝင်း၊ ကျော်မင်းထွန်း(ခ) သိန်းဝင်းဌေး၊ အောင်ကိုဦးနှင့် မြင့်သူတို့ ခြောက်ဦးအား ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်ပြီး သက်သေများရှေ့၌ စစ်ဆေးရာ ၎င်းတို့ခြောက်ဦးသည် နေမျိုးအောင်၊ ကိုဖြိုး(ခ)ဖြိုးကျော်၊ ဇော်လတ်၊ မိုးဇင်ဦး၊ ဖိုးဆယ်(ခ)သောင်းတင်ဌေး၊ ဆန်းနိုင်လင်း၊ အောင်ဇော်၊ ပြုံးချို၊ ဝက်ကလေး၊ ကျော်သူ၊ ငဆင့်၊ သိန်းဇော်တို့နှင့်အတူ ကျောက်ဆည်မြို့ပေါ် နေရာအသီးသီးမှ ဆိုင်ကယ်များနှင့် ကြေးနန်းကြိုး ၉၂ ပိဿာခန့်ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နေမျိုးအောင်၊ ကိုဖြိုး(ခ)ဖြိုးကျော်၊ ဇော်လတ်၊ မိုးဇင်ဦး၊ ဖိုးဆယ်(ခ)သောင်းတင်ဌေးနှင့် ဆန်းနိုင်လင်းတို့ ခြောက်ဦးကို အမှုဖြင့် ဆက်လက်ဖမ်းဆီးနိုင်ခဲ့ပြီး အောင်ဇော်၊ ပြုံးချို၊ ဝက်ကလေး၊ ကျော်သူ၊ ငဆင့်၊ သိန်းဇော်တို့ ခြောက်ဦးသည် ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ အောင်လ(ခ)သီဟကိုကိုပါ ၁၂ ဦး ထွက်ဆိုချက်များအရ ၎င်းတို့ ၁၂ ဦး **(အောက်ဝဲပုံ)**သည် ထွက်ပြေးနေသူများဖြစ်ကြသည့် အောင်ဇော်၊ ပြုံးချို၊ ဝက်ကလေး၊ ကျော်သူ၊ ငဆင့်၊ သိန်းဇော်တို့ ခြောက်ဦးနှင့်အတူ ကျောက်ဆည်မြို့ပေါ် နေရာအသီးသီးမှ ဆိုင်ကယ် ၃၁ စီးနှင့် ကြေးနန်းကြိုး ၉၂ ပိဿာခန့်ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့ ၁၈ ဦးကို သက်သေခံပစ္စည်းများနှင့်အတူ အရေးယူခဲ့သည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ အောင်လ(ခ)သီဟကိုကိုပါ ၁၂ ဦးနှင့် ထွက်ပြေးတိမ်းရှောင်သူ အောင်ဇော်ပါခြောက်ဦး စုစုပေါင်း ၁၈ ဦးတို့ကို သက်သေခံ ဆိုင်ကယ် ၃၁ စီး၊ ကြေးနန်းကြိုး ၉၂ ပိဿာနှင့်အတူ ကျောက်ဆည်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# သောက်စားမှူးယစ်ပြီး မီးပွိုင့်နှင့်အဆောက်အအုံ ဖျက်ဆီးသူများကို အရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် အိမ်တော်လမ်းဆုံရှိ ကျားခေါင်းလမ်းဆုံမီးပွိုင့်သို့ ဩဂုတ် ၃၀ ရက် နံနက် ၅ နာရီက အရက်မူးနေသည့် လူငယ်တစ်စု ဆိုင်ကယ်များဖြင့်ရောက်ရှိလာပြီး မီးပွိုင့်နှင့် မီးပွိုင့်အဆောက်အအုံတို့ကို ခဲဖြင့်ပစ်ပေါက်ဖျက်ဆီးနေကြောင်း သတင်းအရ တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးရာ တောင်ကြီးမြို့ သစ်တောရပ်ကွက်နေ ရဲဇော်(၁၈ နှစ်) ပါ ခုနစ် ဦးတို့က မီးပွိုင့်နှင့် မီးပွိုင့်အဆောက်အအုံကို ခဲဖြင့်ပစ်ပေါက်ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

မီးပွိုင့်နှင့် မီးပွိုင့်အဆောက်အအုံကို ဖျက်ဆီးသူများ အနက် သစ်တောရပ်ကွက်နေ ရဲဇော်၊ ဝေယံသက်(ခ)ဖိုးလပြည့်(၂၂ နှစ်)နှင့် ဟိန်းထက်(ခ)မုတ်ကြီး(၂၀ နှစ်)တို့သုံးဦးကို အခင်းဖြစ်နေရာ၌ ဖမ်းဆီးရမိခဲ့ပြီး တောင်ကြီးမြို့ ချမ်းသာရပ်ကွက်နေ စိုးနောင်(၁၉ နှစ်)၊ နိုင်လင်းထွန်း(၂၅ နှစ်)၊ ကျော်မြတ်သူ(၂၅ နှစ်)နှင့် ကံသာရပ်ကွက်နေ နိုင်လင်း(ခ)ဖိုးသား(၂၀ နှစ်)တို့ လေးဦးသည် ထွက်ပြေးတိမ်းရှောင်သွားခဲ့၍ လိုက်လံ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ဖျက်ဆီးမှုကြောင့် မီးပွိုင့်မီးဝါတစ်ခု ပျက်စီး၊ မီးပွိုင့်အဆောက်အအုံ သံတံခါး ပိန်ချိုင့်၍ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၃၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ရဲဇော်ပါ ခုနစ်ဦးကို တောင်ကြီးမြို့မ ရဲစခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက (၅) နဝမတန်းမှ မဖြိုးပပကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၅/မရန(နိုင်)၁၁၀၈၃၅ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝင်း**

## မိဘအမည်မှန်

ပေါင်မြို့နယ်၊ (ဇင်းကျိုက်) အထက တက္ကသိုလ်ဝင်တန်းမှ မောင်ခိုင်လင်းစိန်၏ မိဘအမည်မှန်မှာ ဦးဘစိန်နှင့်ဒေါ်ကျင်အေး ဖြစ်ပါကြောင်း။

**ဦးဘစိန် ၁၀/ပမန(နိုင်)၀၅၁၉၆၈**
**ဒေါ်ကျင်အေး ၁၀/ပမန(နိုင်)၀၅၁၉၅၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးဝင်းမောင် ၃/ဘအန(နိုင်)၃၂၂၈၆၇၏ Passport (No-မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၂၄၉၆၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

မော်ဘီမြို့၊ (၂)ရပ်ကွက်၊ တိုးချဲ့အရှေ့ခြမ်း၊ ဒွန်းတပဲ့လမ်းရှိ မြေကွက်အမှတ် (BI.19)အား မူလပိုင်ရှင်ထံမှ စာချုပ်စာတမ်းများဖြင့် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် အောက်ဖော်ပြပါ လိပ်စာသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း ၁၂/မဘန(နိုင်)၀၂၆၆၇၄**
**ဒေါ်ခင်ခင်သက် ၁၂/မဘန(နိုင်)၀၂၆၆၇၅**
**ဖုန်း-၀၉-၄၂၀၂၀၈၈၃၀**
**အမှတ် ၉၂၇၊ ဘုရားကြီးလမ်း၊ (၂)ရပ်ကွက်၊ မော်ဘီမြို့**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မအူပင်)**

## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
| --- | --- |
| 1. | Air-Conditioner(Floor Stand) |
| 2. | Air-Conditioner |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၉-၉-၂၀၁၅ရက် ၁၅း၀၀နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မအူပင်)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)**
**ဖုန်း-၀၄၅-၃၀၁၁၅၊ ၀၄၅-၃၀၃၆၄**

## ဖခင်အမည်မှန်

အထက(၄) သင်္ဃန်းကျွန်း ဆဋ္ဌမတန်း(A)မှ မခိုင်နှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးချမ်းငြိမ်းအောင် ၁/မကန(နိုင်)၁၁၅၄၆၅ ဖြစ်ပါကြောင်း။ **ဦးချမ်းငြိမ်းအောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Courts Myanmar Co.Ltd ၏ ကုမ္ပဏီမှတ်ပုံတင်မှုရင်း အမှတ်(၇၉/ ၁၉၉၄-၁၉၉၅) နှင့် ထုတ်ကုန်သွင်း ကုန်မှတ်ပုံတင်မှုရင်းအမှတ်(၁၃၂၄၉)တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါရန်။ ဖုန်း - ၀၉ ၅၀၂၄၉၅၈

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးဌာန**

## ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒိုက်ဦး သဘာဝဇီဝမြေသြဇာစက်ရုံ (မွေးမြူရေးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန) ပဲခူးတိုင်းဒေသကြီးမှ ဓာတ်မြေသြဇာများ၊ သဘာဝမြေသြဇာထုတ်လုပ်ရာတွင် အသုံးပြုသည့်ကုန်ကြမ်းနှင့် ကုန်ချောများကို ဈေးပြိုင်လေလံဖြင့် ရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် ပုံစံကို ၁-၉-၂၀၁၅ရက်မှစ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန(ရန်ကုန်)ရုံးခွဲ၌ ရယူနိုင်မည်ဖြစ်ပြီး ၁၄-၉-၂၀၁၅ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။

၃။ ဈေးပြိုင်လေလံဖြင့်ရောင်းချမည့် သဘာဝမြေသြဇာကုန်ကြမ်းနှင့် ကုန်ချောများအား ဆက်သွယ်ပြီးသွားရောက်မျက်မြင်ကြည့်ရှုနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအချိန်အတွင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန (ရန်ကုန်)၊ ဘူတာရုံလမ်း၊ အင်းစိန်၊ ဖုန်း ၀၁-၆၄၀၂၄၄၊ ၀၁-၆၄၂၀၉၉၊ ၀၉-၇၈၈၃၉၁၂၀၁၊ ၀၉- ၈၆၅၀၇၀၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးဘက်မှ မန္တလေးဘက်သို့ အောင်စောလင်းမောင်းနှင်ပြီး ကျော်လင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၊ ဩဂုတ် ၂၈ ရက်က လောက်ကိုင်-ရန်လုံကျိုင်းသွား ကားလမ်းမပေါ်တွင် လောက်ကိုင်မှ ရန်လုံကျိုင်းသို့ လမ်းလျှောက်လာသူ ရန်ချိန်ဝိန် (တရုတ်နိုင်ငံသား)ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၊ ဩဂုတ် ၂၉ ရက်က ဖားကန့်မြို့နယ် ဝေ့ခါးကျေးရွာတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့သည် ဝေ့ခါကျေးရွာ မော်တောင်းရပ်ကွက် စမ်းသီတာလက်ဖက်ရည်ဆိုင်ရှေ့ လမ်းမပေါ်၌တွေ့ရှိသူ ရှုံးကွမ်းဟွာကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၀ ရှာဖွေရမိ၍ ၄င်းတို့ကို မူးယစ်



ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ထမင်းထုပ်ကိစ္စ ဖျန်ဖြေပြောရာမှ စကားများကာ လူသတ်မှုဖြစ်ပွား

**အုတ်တွင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီခွဲက ဝါးဖောင်မျှောသူချင်း ထမင်းထုပ်ကိစ္စအား ကြားမှဝင်ရောက် ဖျန်ဖြေပြောဆိုရာမှ စကားများကာ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်တွင်းမြို့ အနောက်ဘက် ၉ မိုင်ကျော်ခန့်ကွာဝေးသော ကျောင်းရှစ်ဆယ် ကျေးရွာချောင်းနံဘေးတွင် အမျိုးသားတစ်ဦး ဓားဒဏ်ရာဖြင့် လဲကျသေဆုံးနေကြောင်း သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး မြင့်သန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ယင်းကျေးရွာနေ ရေခဲ (၂၆ နှစ်) ဆိုသူဖြစ်ပြီး ရင်ဝ၌ ထိုးသွင်းဓားဒဏ်ရာ တစ်ချက်ရရှိထားသည်ကို တွေ့ရှိခဲ့ရသည်။ သေဆုံးသူ ရေခဲသည် တစ်ရွာတည်းနေသူများ ဖြစ်ကြသော ထွန်းဝင်း(၄၇ နှစ်)၊ သားဖြစ်သူ ချစ်ကို(ခ)ငပွား(၂၂ နှစ်)တို့နှင့်အတူ ပဲခူးရိုးမတောအတွင်းမှ ဝါးများကို ခုတ်ယူကာ ဖောင်ဖွဲ့၍ ချောင်းအတိုင်း မျှောကာ ရွာသို့ပြန်လာခဲ့ကြပြီး ကျောင်းရှစ်ဆယ်ရွာအရောက် ဝါးများအား ကမ်းပေါ်သို့ ဆွဲတင်နေချိန် ထွန်းဝင်းက ၄င်း၏ဇနီးဖြစ်သူအား ထမင်းထုပ် မထည့်ပေးရကောင်းလားဟုဆိုကာ စကားများနေစဉ် ရေခဲက ထမင်းထုပ် ထည့်ပေးလိုက်ကြောင်း ဖျန်ဖြေပြောဆိုရာ တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်ခဲ့ကြကြောင်း ထိုအချိန်တွင် ထွန်းဝင်း၏ သားဖြစ်သူ ချစ်ကို(ခ) ငပွားက ဓားမြှောင်ဖြင့် ဝင်ရောက်ထိုးခဲ့ခြင်းဖြစ်ကြောင်းသိရ၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တောင်သာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသားတစ်ဦးသေဆုံး

**တောင်သာ ဩဂုတ် ၃၁**

တောင်သာမြို့နယ် သဖန်းပင်ရွာအနီး မိုင်တိုင် (၄၄၃/၅) နှင့် (၄၄၃/၆) အကြားတွင် ဩဂုတ် ၂၈ ရက် ည ၈ နာရီက ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဖြစ်သူ ထွန်းထွန်း(ခ)ချစ်ထွန်းသည် 8E/---------AYAR TRUCK (၁၂) ဘီးယာဉ်ကို တောင်သာ-မြင်းခြံကားလမ်းအတိုင် တောင်မှမြောက်သို့ မောင်းနှင်လာစဉ် နောက်မှလိုက်လာသော မောင်းနှင်သူ အောင်လှိုင်စီးလာသည့် လော့ဂျာဆိုင်ကယ်က ကျော်တက်ခဲ့ရာ ကားဖြင့်ချိတ်မိခဲ့ကြောင်း၊ ဆိုင်ကယ်မှာ လမ်းဘေးသို့လွင့်စဉ်သွားပြီး ကားအောက်သို့လူရောက်ရှိခဲ့၍ ဘီးဖြင့်ကျိတ်မိရာ ဒဏ်ရာများဖြင့် နေရာ၌သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကို တောင်သာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ဆောက်လုပ်ရေးဌာနပိုင် ယာဉ်မဟုတ်ဘဲ ဌာနတံဆိပ်တပ်ဆင်အသုံးပြုသူ သက်ဆိုင်ရာကအရေးယူ

**မကွေး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ဩဂုတ် ၂၉ ရက်က ကားလမ်းဖောက်လုပ်နေသော ကုမ္ပဏီတစ်ခုမှ ကားတစ်စီးက ဆောက်လုပ်ရေးဝန်ကြီးဌာန တံဆိပ်တပ်ဆင်အသုံးပြုသူကို အရေးယူထားကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီခွဲက ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်က ကံကြီးရွာနှင့်လယ်ကြီးရွာအကြား ကားလမ်းတိုးချဲ့ဖောက်လုပ်နေသည့် Golden Gratitude ကုမ္ပဏီမှ ၇၁/ . . . . . ပါဂျဲရိုးခဲရောင်ယာဉ်သည် ဆောက်လုပ်ရေးဌာနပိုင်ယာဉ်မဟုတ်ဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာန တံဆိပ်တပ်ဆင်အသုံးပြုနေသဖြင့် အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းကြောင့် ကျောက်ထုနယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်ရွှေ သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့ရာ ထိုယာဉ်၏ ရှေ့လေကာမှန်ဝဲယာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံဆိပ်တပ်ဆင်အသုံးပြုလျက်တွေ့ရှိခဲ့ပြီး အသုံးပြုသူမှာ ကိုငယ်လေး(ခ) ကျော်စိုးလွင် ကုမ္ပဏီမန်နေဂျာ မန္တလေး တိုင်းဒေသကြီးနေသူဖြစ်ပြီး ဆောမြို့နယ် ဆောက်လုပ်ရေးဦးစီးဌာနသို့ ကုမ္ပဏီများမှ ဆောက်လုပ်ရေးဝန်ကြီးဌာန တံဆိပ်တပ်ဆင်ခွင့်ရှိ၊ မရှိ မေးမြန်းရာ တပ်ဆင်ခွင့်မရှိကြောင်း၊ ဖုန်းဖြင့် ပြန်ကြားလာခဲ့သောကြောင့် ပြည်သူ့ဝန်ထမ်း မဟုတ်ဘဲ အစိုးရရုံးဌာနနှင့် ပြည်သူ့ဝန်ထမ်းတို့ တပ်ဆင်အသုံးပြုသော အမှတ်အသားကို ပြည်သူ့ဝန်ထမ်းဟု ယုံကြည်စေရန်ရည်ရွယ်ချက်ဖြင့် တပ်ဆင်အသုံးပြုသူ ကိုငယ်လေး(ခ) ကျော်စိုးလွင်ကို ဆောမြို့နယ် ကျောက်ထုနယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

**ကျော်ဇေယျ**

# ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်၌ စကားများရန်ဖြစ်ရာမှ လူတစ်ဦးသေဆုံး

**ပျဉ်းမနား ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၏ အပန်းဖြေနေရာဖြစ်သော မင်္ဂလာရှမ်းကန်တွင် လူငယ်တစ်စု စကားများရာမှ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ည ၁၀ နာရီခွဲက ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက် ရန်နိုင်-၃ လမ်းနေ ကိုဇော်ဦး (၂၀ နှစ်) သည် သူငယ်ချင်းများဖြစ်သော အီစမန်၊ အေးမင်းထွန်းတို့နှင့် မင်္ဂလာရှမ်းကန်ရှိ နတ်စင်အနီး ကွန်ကရစ်ခုံပေါ်တွင် ထိုင်နေစဉ် ရဲမင်းဦး၊ သျှိုင်းဝင်းလတ်၊ ကိုသက်(ခ) ဉာဏ်လင်းအောင်၊ ပြည့်စုံအောင်တို့ အဖွဲ့ရောက်ရှိလာကာ စကားများရန်ဖြစ်ကာ ရိုက်နှက်သဖြင့် အီစမန်မှာ ထွက်ပြေးသွားပြီး ကိုဇော်ဦးနှင့် အေးမင်းထွန်း ဒဏ်ရာရရှိ၍ ပျဉ်းမနားခုတင် ၂၀၀ ဆေးရုံတွင် ဆေးကုသခဲ့ရသည်။ ရိုက်နှက်ခံရပြီး ထွက်ပြေးသွားသူ အီစမန်မှာ နေအိမ်သို့ ပြန်ရောက်ခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ရှာဖွေရာ မင်္ဂလာရှမ်းကန်အတွင်း ကမ်းစပ်နှင့် မနီးမဝေး၌ ၄င်း၏ဒဏ်ရာများနှင့် အလောင်းကို တွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သျှိုင်းဝင်းလတ်နှင့် အပေါင်းအပါများကို ပျဉ်းမနားမြို့နယ်ရဲစခန်းက အရေးယူဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်**

# တောင်တွင်းကြီးမြို့၌ ဖဲဝိုင်း ဖမ်းဆီးအရေးယူ

**တောင်တွင်းကြီး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရွှေအိုး(၁)ရပ်ကွက် ဂန္ဓာမာလမ်းနေ ဒေါ်ပြုံး၏နေအိမ်၌ ဖဲကစားနေကြောင်း သတင်းအရ ဩဂုတ် ၃၀ ရက်က တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ် သက်နိုင်နှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ ရွှေအိုး(၁) ရပ်ကွက်နေသူများဖြစ်ကြသည့် ဒေါ်ပြုံး (၅၆ နှစ်) ဒေါ်ဝင်း(၂၉ နှစ်) ဦးဝင်းတင့် (၅၄ နှစ်) နှင့် ဒေါ်ခင်မိုးဆွေ (၄၁ နှစ်) တို့ကို ဖဲလောင်းကစားရာတွင်အသုံးပြုသည့် လောင်းကစားပစ္စည်းများနှင့်အတူ ငွေစက္ကူရောရာ ငွေကျပ် ၆၄၀၀ အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ဖဲလောင်းကစားပြုလုပ်သူ ဒေါ်ပြုံးပါ လေးဦးအား တောင်တွင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်ဝင်း**

**စန္ဒရား- ကိုရည်ခိုင်**
စန္ဒရားသင်တန်း(မဟာဂီတ)၊
ကီးဘုတ်သင်တန်း၊ နုတ်(စ်)
ဘာသာရပ်သင်တန်းများ
အိမ်အရောက်သင်ကြားပေးသည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၇၉၉၉၈၃၅၃၈၊
၀၉-၉၇၂၃၅၅၆၇၈

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7G/ 6341၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရိုးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၈)စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ အထက (၁) လသာ၊ ပဋ္ဌမတန်း(B)မှ မောင်မြတ်မင်းသန်း(ခ) မောင်ကျော်ဇေယဟိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်အောင်ဖြစ်ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၈၀/မမ/CE | တိုင်း(၇)ရန်ကုန် - အင်းစိန်(စံကျော်စု)ကျူးကျော်ရပ်ကွက်တွင် သံလမ်းတိုင်၊ သံလမ်းတန်းဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၄.၉.၂၀၁၅ ( တနင်္လာနေ့ ) (၁၂.၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၁.၈.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:294352, 291994

Y.E.S.
Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 14 Sep
Mon to Thurs-1:00-3:00pm 14 Sep
Sat & Sun - 9:00-12:00 am 19 Sep
Sat & Sun - 12:30-3:30 pm 19 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-1:00-3:00pm 21 Sep
MontoThurs 3:00-5:00-7:00pm 21 Sep
**Pre-Intermediate English**
Mon to Thurs-5:00-7:00 pm 7 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-10:00-12:00 am 21 Sep
**Basic Writing Course**
Mon to Thurs - 3:00-4:30 pm 28 Sep
**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 21 Sep
**Grammar Foundation Course**
Sat & Sun - 9:00-12:00am 5 Sep
Mon to Thurs - 1:00-2:30 pm 14 Sep
Mon to Thurs - 3:30-5:00 pm 14 Sep
**Structure & Written Expression**
Sat & Sun - 3:30-6:30pm 12 Sep
Mon to Thurs - 1:00-3:00 pm 14 Sep
Sat & Sun - 9:00-12:00am 26 Sep
Sat & Sun - 12:30-3:30 pm 10 Oct
**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 21 Sep
**SAT** Mon to Thurs -3:30-5:00pm 21 Sep
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 21 Sep
**IELTS**(Test Practice) Sat&Sun 10:30to12:30am 19 Sep
**IELTS**(Speaking) Sat&Sun 1:00to3:30pm 19 Sep
**Academic Writing Course**
San & Sun - 5:00 - 7:00 pm 19 Sep
No.190, 2nd Flr.,28thSt.(Upper), Pabedan Tsp. Ph: 01-243950, 246910

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မဆုသဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် ဖြစ်ပါသည်။

**အမျိုးသားပြတိုက်(နေပြည်တော်)အတွက် လိုအပ်သောခင်းကျင်းပြသမှုဆိုင်ရာပစ္စည်းများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(နေပြည်တော်) ပြခန်းများအတွက် လိုအပ်သော ခင်းကျင်းပြသမှုဆိုင်ရာ ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-
(က) ပြခန်းသုံး Panel များ
(ခ) ပြခန်းသုံးမှန်ဗီရိုနှင့်တင်ခုံများ
(ဂ) ပြခန်းသုံးမီးများ
(ဃ) ပြခန်းခင်းကျင်းခြင်းလုပ်ငန်း
(င) IT လုပ်ငန်းများ (Museum Management System)
(၁) Ticketing System
(၂) Accession Software
(၃) Alarm System
၂။ အိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၅ရက်မှ ၂၅-၉-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအထိ ရုံးချိန်တွင်း အမျိုးသားပြတိုက်(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၃၀၁၉၁၆၈ နှင့် ၀၆၇-၄၁၈၄၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
**တင်ဒါပုံစံများထုတ်ယူရန်နှင့် ပေးသွင်းရမည့်လိပ်စာ**
**အမျိုးသားပြတိုက်(နေပြည်တော်)**
**ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းဝိုင်းအနီး**
**ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၁၈၄၃၂**

# မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်၌ မီးလန့်မှုဖြစ်ပွား



**မိတ္ထီလာ ဩဂုတ် ၃၁**

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် ရန်အောင်မြင် ဘုရားဝင်းအတွင်း၌ ဩဂုတ် ၃၁ ရက်က မီးလန့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလန့်မှုမှာ ရန်အောင်မြင် ဘုရားဝင်းအတွင်း၌ ဆွမ်းချက်ရန် စုဆောင်းထားရှိသည့် အုန်းခွံဖတ်များပေါ်သို့ လမ်းသွားလမ်းလာများက စည်းကမ်းမဲ့ ပစ်ချထားခဲ့သည့် ဆေးလိပ်မီးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်း ဖြစ်ကြောင်း၊ ရန်အောင်မြင်ဘုရားမှာ မိတ္ထီလာဈေးအနီးတွင် တည်ရှိသောကြောင့် ဈေးသွားဈေးလာများက ဘုရားဝင်းအတွင်းမှ သွားလာကြသည့်အတွက် ယခုလို အုန်းခွံဖတ်များကို မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၄င်းမီးလန့်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္တေတပ်ဖွဲ့ဝင်များက မီးလောင်ကျွမ်းသည့် အုန်းခွံဖတ်များကို ဆက်လက်လောင်ကျွမ်းခြင်းမရှိအောင် မီးသတ်ကားများဖြင့် ပက်ဖျန်းငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရွေးကောက်ပွဲလုံခြုံရေးအခြေအနေ ရှင်းလင်း

**ကျောက်တံခါး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဩဂုတ် ၃၀ ရက်က ရှင်းလင်းပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှု အခြေအနေကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်က ရှင်းလင်းရာ ကျောက်တံခါးမြို့နယ်၌ မဲဆန္ဒနယ်မြေ(၁)တွင် မဲရုံ ၉၅ ရုံ၊ မဲဆန္ဒနယ်မြေ (၂)တွင် ၁၀၇ ရုံ စုစုပေါင်း ၂၀၂ ရုံရှိပြီး နယ်မြေစခန်းများအလိုက် ဇုန် ၁၄ ခုသတ်မှတ်ကာ အနီးစည်းလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ အထူးရဲများ၊ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံဆောင်ရွက်ထားရှိမှု ရှင်းလင်းပွဲသို့ မြို့ပေါ်(၅)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အထောက်အကူပြုနှင့် ရွေးကောက်ပွဲကော်မရှင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အထူးရဲများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**မီးဘေးရှောင်မလောင်ခင်တား**
**ညီနောင်သားချင်းများ**


MYANMAR TELECOMMUNICATION NETWORK PUBLIC CO., LTD.
Room (702), Bldg. 288/290, MWEA Tower, Dagon Township, Yangon
Tel/Fax: +95 1 379272, 379822, email: office@mtnpcl.com, URL: www.mtnpcl.com

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၀၅(ဂ)အရ အစုရှင်များအား လက်ရှိပိုင်ဆိုင်သော အစုရှယ်ယာအတန်းအစားအတိုင်း အစုရှယ်ယာများ အချိုးကျထည့်ဝင်ခွင့်ပေးခြင်း**

၁။ မြန်မာ့ဆက်သွယ်ရေးကွန်ယက် အများပိုင်ကုမ္ပဏီလီမိတက်သည် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများအပါအဝင် အောက်ပါစီမံကိန်းလုပ်ငန်းသစ်များကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပါသည်-

(က) Sing Tel ဂြိုလ်တုဆက်သွယ်ရေးစနစ်အသုံးပြုရန်။
(ခ) ပင်လယ်ရေအောက်ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်။
(ဂ) Data Centre, Call Centre များဖွင့်လှစ်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်။
(ဃ) အသံလွှင့်လုပ်ငန်း Broadcasting လုပ်ကိုင်ရန်။
(င) ဆက်သွယ်ရေးနှင့်ပတ်သက်ဆက်နွယ်သည့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးဆောင်ရွက်ရန်။

၂။ အဆိုပါလုပ်ငန်းများ အောင်မြင်စွာလည်ပတ်နိုင်ရန်နှင့် မြန်မာတိုင်းရင်းသားများအကျိုးစီးပွားတိုးတက်ရန် ရှေ့ရှု၍ ကျပ်(၃)ဘီလီယံကို ထပ်မံထုတ်ဝေရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၀၅(ဂ)နှင့်အညီ လက်ရှိအစုရှယ်ယာရှင်များအား ၄င်းတို့ပိုင်ဆိုင်ထားသော အစုရှယ်ယာအတန်းအစားအတိုင်း အစုရှယ်ယာအသစ်များကို အချိုးကျ(၃)ဆထည့်ဝင်ခွင့်ပေးမည်ဖြစ်ပါသဖြင့် လက်ရှိအစုရှယ်ယာပိုင်ဆိုင်ထားသူတိုင်းအား အစုရှယ်ယာအသစ်ကို အစုရှယ်ယာတစ်စုလျှင် မူရင်းတန်ဖိုးကျပ်(၁၀၀၀၀)ဖြင့် ထုတ်ဝေရောင်းချ သွားမည်ဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီ၏အလားအလာကောင်းများကို မြင်တွေ့နိုင်ပြီဖြစ်ပါသဖြင့် အစုရှယ်ယာတန်ဖိုးသည်လည်း မြင့်မားလျက်ရှိပါသည်။ သို့သော် လက်ရှိအစုရှယ်ယာရှင်များအား မူရင်းတန်ဖိုးဖြင့်ဝယ်ယူနိုင်ရန် အထူးအခွင့်အရေးပေးထားခြင်း ဖြစ်ပါသည်။ လက်ရှိအစုရှယ်ယာရှင်များသည် မိမိတို့ရရှိထားသော အစုရှယ်ယာဝယ်ယူခွင့်ဘောင်အတွင်း ထည့်ဝင်နိုင်သလောက်ထည့်ဝင်ပြီး မထည့်ဝင်နိုင်သည့်အပိုင်းကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၉၃(၃)၏ သဘောတရားအရ မိမိတို့အစုရှယ်ယာဝယ်ယူခွင့်ကို စွန့်လွှတ်ပြီး အခြားပုဂ္ဂိုလ်များကို မိမိကိုယ်စားထည့်ဝင်ခွင့်ပေးလိုပါက တစ်ပါတည်းလွှဲပေးနိုင်ပါသည်။

၃။ ပုဒ်မ ၁၀၅(ဂ)နှင့်အညီ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၇ရက် ညနေ ၅ နာရီအရောက် နောက်ဆုံးထား၍ အစုရှင်များနှင့် ၄င်းတို့လွှဲအပ်သူများသည် အစုရှယ်ယာထည့်ဝင်ငွေတန်ဖိုးအပြည့်ကို ချက်လက်မှတ်ဖြင့် ပေးသွင်းလိုပါက ကုမ္ပဏီ၏ အထက်ဖော်ပြပါလိပ်စာရှိရုံးတွင်လည်းကောင်း၊ ငွေသားဖြင့်ပေးသွင်းလိုပါက ကုမ္ပဏီ၏ဘဏ်စာရင်းများ ဖွင့်လှစ်ထားသောထွန်းဖောင်းဒေးရှင်းဘဏ်(ဗိုလ်တထောင်ဘဏ်ခွဲ)စာရင်းအမှတ် ၀၁၃၀၀ ၁၁၆၇၀၀၁၈ နှင့် သမဝါယမဘဏ်(ရုံးချုပ်) စာရင်းအမှတ် ၀၁၁၄၀၅၁၂၉၃ သို့ တိုက်ရိုက်ပေးသွင်းပြီး ဘဏ်သွင်းချလန်အား ကုမ္ပဏီ၏ငွေရပြေစာဖြင့် ကုမ္ပဏီရုံးတွင်လဲလှယ်၍ ထည့်ဝင်နိုင်ပါကြောင်း အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာအစုရှင်များအနေဖြင့် ဝယ်ယူခြင်းမပြုလိုကြောင်း အကြောင်းပြန်ကြားလာလျှင်သော်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိလျှင်သော်လည်းကောင်း ဒါရိုက်တာအဖွဲ့မှကုမ္ပဏီအတွက် အကျိုးရှိဆုံးနည်းလမ်းဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့** **မြန်မာ့ဆက်သွယ်ရေးကွန်ယက် အများပိုင်ကုမ္ပဏီလီမိတက်**


## ဆည်ကို ညစောင့်အိပ်သူ ဓားခုတ်ခံရပြီးသေဆုံး

**ထန်းတပင် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ထွန်းသာယာကျေးရွာလယ်ကွက်ထဲရှိ ဆည်တွင် ညစောင့်အိပ်သူ အမျိုးသားတစ်ဦး ဩဂုတ် ၃၀ ရက်က ဓားခုတ်ခံရကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထွန်းသာယာ ကျေးရွာနေ ကုလားပု(ခ) မနိုးကူးမားသည် ရိုးချောင်းအတွင်း ငါးထောင်ဖမ်းသည့် ဆည်သို့သွားရောက်ကာ ငါးကျမကျ သွားရောက်ကြည့်ရှုခဲ့ရာ ညီဖြစ်သူ မောင်ကနေဟီးယား ၂၆ နှစ်မှာ ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်းသိရ၍ ရဲစခန်းသို့တိုင်ကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကညွတ်ကွင်းနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

**တောင်တွင်းကြီး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ညာဂမိုးအုပ်စု အိုးကုန်းကျေးရွာရှိ ကင်ပွန်းခြုံရေကန်အတွင်း ကလေးငယ်တစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ ဩဂုတ် ၃၀ ရက် က ဆတ်သွားနယ်မြေရဲစခန်းမှ ဒုရဲအုပ်ကျော်မင်းမောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ကင်ပွန်းခြုံရေကန်ထဲတွင် အိုးကုန်းကျေးရွာနေ ထက်မြက်အောင်( ၄နှစ်)၏ အလောင်းကို တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၉ ရက်က ထက်မြက်အောင်သည် ၎င်း၏ နေအိမ်မှ အဒေါ်ဖြစ်သူ၏ နေအိမ်သို့ တစ်ဦးတည်း ထွက်သွားခဲ့ပြီး ဩဂုတ် ၃၀ ရက်အထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ လိုက်လံရှာဖွေရာ အဒေါ်ဖြစ်သူက ကလေးငယ်၏အလောင်းကို တွေ့ရှိခဲ့၍ အမှုကို ဆတ်သွားနယ်မြေ ရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ တူးမြောင်း သို့မဟုတ် မွေးမြူရေးကန်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း။

၂၆။ မည်သူမဆို ပုဒ်မ ၂၅ အရ ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

**အခန်း(၁၀)**

**အထွေထွေ**

၂၇။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတည်ရှိသောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၈။ ရှေးဟောင်းအဆောက်အအုံတစ်ခုခု တွေ့ရှိသူ၊ သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ရှင်ဟုမှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံကို ကာကွယ်ထိန်းသိမ်းနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံကို လွှဲပြောင်းရယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၃၀။ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံအဆောက်အအုံသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောကြောင့် ယင်းသက်သေခံ အဆောက်အအုံကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၃၂။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

၃၃။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂ ။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသင်း**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြက်ခြေနီဗဟိုကောင်စီကို ဆိုသည်။

(ဂ) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေး ဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကြက်ခြေနီအခြေခံမူများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်ဖြစ်သော လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ကိုဆိုသည်။

(ဆ) **ဂျီနီဗာသဘောတူညီချက်များ** ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သော သဘောတူညီချက်များကို ဆိုသည်။

(ဇ) **နောက်ဆက်တွဲသဘောတူညီချက်များ**ဆိုသည်မှာ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်း ခဲ့သည့် နောက်ဆက်တွဲ သဘောတူညီချက်(၁)နှင့် (၂)တို့ အပြင် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ၈ရက်နေ့တွင် ဂျီနီဗာမြို့၌အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲသဘောတူညီချက် (၃)ကို ဆိုသည်။

**အခန်း(၂)**

**အသင်း၏အဆင့်အတန်းနှင့် လုပ်ငန်းတာဝန်များ**

၃။ အသင်းသည် လွတ်လပ်စွာ စေတနာအလျောက်ကူညီဆောင်ရွက်ပေးသော အသင်းတစ်ရပ်ဖြစ်၍ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်။

၅။ အသင်းသည် နိုင်ငံတော်တွင် တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်ပြီး ယင်း၏လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် နိုင်ငံတကာနယ်ပယ်တွင်လည်း အလားတူပူးပေါင်းဆောင်ရွက်နိုင်သည်။

၆။ အသင်းသည် နိုင်ငံတော်ကထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံကအတည်ပြုသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်းလိုက်နာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ အသင်းသည် အသင်း၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်းကင်းရမည်။ ထို့ပြင် ပါတီနိုင်ငံရေးကင်းရှင်းရမည်။

၈။ အသင်းသည် ကြက်ခြေနီလှုပ်ရှားမှုအတွင်း သဘောတူထားသည့် သက်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မူဝါဒများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို တူညီသောရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြားလူမှုကရုဏာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၉။ အသင်းသည် လူမှုကရုဏာလုပ်ငန်းနယ်ပယ်များတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန်တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများ၊ ဆုံးဖြတ်ချက်များနှင့်အညီအသင်း၏ လူသားချင်းစာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်ပေးနိုင်ရမည်။

၁၁။ အစိုးရအဖွဲ့သည် အသင်း၏ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုနှင့် လွတ်လပ်သော သဘောသဘာဝကိုအလေးထား၍ ရည်ရွယ်ချက်များ အောင်မြင်ရန် အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကို ကူညီထောက်ပံ့ပေးရမည်။

၁၂။ အသင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ အသင်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏အမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

**အခန်း(၃)**

**အသင်း၏ရည်ရွယ်ချက်များ**

၁၄။ အသင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ကြက်ခြေနီအသင်းဖြစ်သည့်အားလျော်စွာ ဥပဒေနှင့်အညီ အသင်း၏လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ဖြစ်စေ၊ နိုင်ငံတကာနယ်ပယ်၌ဖြစ်စေ ဆောင်ရွက်နိုင်စေရန်၊

(ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေးအယူဝါဒတို့ ခွဲခြားခြင်းအလျဉ်းမရှိစေဘဲ မည်သူ့ကိုမဆို ကူညီစောင့်ရှောက်ရန်၊

(ဂ) လူသားအချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှု တိုးတက်ရရှိစေရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲစေရေးအတွက် ကြက်ခြေနီအခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေပြန့်ပွားရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊

(ဃ) စစ်မက်ကာလတွင်ဖြစ်စေ၊ ငြိမ်းချမ်းသောကာလတွင်ဖြစ်စေ ဘေးဒုက္ခကျရောက်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များ၊ အခြားသက်ဆိုင်ရာသဘောတူညီချက်များနှင့် ဥပဒေများအရ ကယ်ဆယ်ရေး၊ ဆင်းရဲဒုက္ခနည်းပါးစေရေး၊ လူသားချင်းစာနာထောက်ထားသော အကူအညီပေးရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်ရန်၊

(င) အသင်းသည် သဘာဝဘေးအန္တရာယ်များ၊ လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် အခြားအရေးပေါ်ကိစ္စများတွင် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ရန်၊

(စ) ကျန်းမာရေး၊ ရောဂါဘယ ကြိုတင်ကာကွယ်တားဆီးရေး၊ လူမှုဝန်ထမ်းလုပ်ငန်းများနှင့်ယင်းတို့အတွက် အသိပညာပေးရေးနယ်ပယ်များတွင် အသင်း၏အစီအစဉ်ဖြင့် ပြည်သူများကို ကူညီစောင့်ရှောက်ရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် လူသားချင်းစာနာထောက်ထားမှု လိုအပ်နေသည့် အခြေအနေများတွင် ကွဲကွာနေသော ပြည်သူများအကြား မိသားစုအဆက်အသွယ်များ ပြန်လည်ရရှိရေးအတွက် ထိရောက်သော အမျိုးသားအဆင့် လုပ်ငန်းကွန်ရက်ကို စီမံဆောင်ရွက်ရန်၊

(ဇ) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏နောက်ဆက်တွဲသဘောတူညီချက်များအရ အသိအမှတ်ပြုထားသော ကြက်ခြေနီအမှတ်အသားနှင့် အလားတူ အမှတ်တံဆိပ်များကိုလွဲမှားစွာသုံးစွဲခြင်းမှ ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများအား အများပြည်သူလေးစားလိုက်နာစေရေးတို့ကိုရည်ရွယ်၍ အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့် စေတနာလုပ်အားရှင်စိတ်ဓာတ်တို့ကို အများပြည်သူများအကြား တိုးတက်ထွန်းကားလာစေရေးနှင့် အသိပညာပြန့်ပွားရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ည) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့်အညီ ကြက်ခြေနီလှုပ်ရှားမှုများကို ဘက်မလိုက်ဘဲလွတ်လပ်စွာ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

**အခန်း(၄)**

**ကြက်ခြေနီလှုပ်ရှားမှုဝင် အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု**

၁၅။ အသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အနေဖြင့်လည်းကောင်း ထမ်းဆောင်ရမည့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၆။ အသင်းကို ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ကြက်ခြေနီ အခြေခံမူများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီလိုအပ်ပါက အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမည်။

**အခန်း(၅)**

**ဖွဲ့စည်းခြင်း**

၁၇။ မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည်-
- (က) ကောင်စီဝင်များ၊
- (ခ) ကောင်စီက အဆိုပြုသော ပုဂ္ဂိုလ်များ၊
- (ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ ကိုယ်စားလှယ်များ၊
- (ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားလှယ်များ၊
- (င) ခရိုင်ကိုယ်စားလှယ်များ၊
- (စ) မြို့နယ်ကိုယ်စားလှယ်များ၊
- (ဆ) အသင်းသားလူငယ်ကိုယ်စားလှယ်များ၊
- (ဇ) ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ကိုယ်စားလှယ်များ၊
- (ဈ) ဌာနဆိုင်ရာ ကိုယ်စားလှယ်များ။

၁၈။ ကောင်စီကိုညီလာခံကဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်းဖြစ်သည်။ ကောင်စီဝင်ဦးရေကို လိုအပ်ချက်နှင့်အညီ ပြောင်းလဲတာဝန်ပေးအပ်နိုင်သည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်-
- (က) ပြည်ထောင်စုနယ်မြေက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်တစ်ဦး၊
- (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်တစ်ဦးစီ၊
- (ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အဆိုပြုသည့် ညွှန်ကြားရေးမှူးချုပ်ရာထူးအောက် မနိမ့်သော ကိုယ်စားလှယ် ၁၃ ဦး၊
- (ဃ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှ ရွေးချယ်တင်မြှောက်သည့် ၁၀ ဦး ထက်မပိုသော ကိုယ်စားလှယ်များ၊
- (င) အစိုးရအဖွဲ့က အဆိုပြုသူ ၁၀ ဦး၊
- (စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပြည်ထောင်စုနယ်မြေ ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ အဆိုပြုသော ကြက်ခြေနီအသင်းဝင်တစ်ဦးစီ။

၁၉။ (က) ကောင်စီသည် ကောင်စီဝင်များထဲမှ အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။
- (ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ အချိန်ပြည့်အလုပ်အမှုဆောင် နှစ်ဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင် ခြောက်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။

၂၀။ ကောင်စီသည် ကျွမ်းကျင်သူပညာရှင်များသာ ဆောင်ရွက်နိုင်သည့် အထူးလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ ငါးဦးထက်မပိုသော ပုဂ္ဂိုလ်များကို ကောင်စီဝင်များအဖြစ် ဖြည့်စွက်တာဝန်ပေးအပ်နိုင်သည်။

၂၁။ ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့၏ တာဝန်များသည် မြန်မာနိုင်ငံကြက်ခြေနီညီလာခံကကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့အသစ်တို့ကို ရွေးချယ်ပြီးသည့်နေ့ရက်တွင် ကုန်ဆုံးသည်။

**အခန်း(၆)**

**မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၂။ မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) မြန်မာနိုင်ငံကြက်ခြေနီညီလာခံသည်အသင်း၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ဖြစ်သည်။
- (ခ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံသည် အသင်းအဆင့်ဆင့်အားလုံးကို ကိုယ်စားပြုသည်။
- (ဂ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတွင် ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။
- (ဃ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတွင် ကောင်စီ၏ အစီရင်ခံစာကို အတည်ပြုရမည်။
- (င) မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ ဆုံးဖြတ်ချက်အရ ဤဥပဒေကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ တင်ပြရမည်။
- (စ) အစည်းအဝေးအစီအစဉ်ပါ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းတို့ ပြုလုပ်ရမည်။
- (ဆ) ကောင်စီကတင်ပြသည့် အသင်းနှင့်စပ်လျဉ်းသည့် မူဝါဒများကို အတည်ပြုရမည်။
- (ဇ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။ မြန်မာနိုင်ငံကြက်ခြေနီညီလာခံတက်ခွင့်ရှိသူ၏ ငါးပုံတစ်ပုံက တောင်းဆိုလျှင် မြန်မာနိုင်ငံကြက်ခြေနီညီလာခံ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။
- (ဈ) မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံတက်ခွင့်ရှိသူ တစ်ဦးလျှင် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိသည်။

**အခန်း(၇)**

**ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၃။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) ကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။
- (ခ) အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပြုရမည်။
- (ဂ) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။
- (ဃ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် နေရာလစ်လပ်ပါက အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးရမည်။
- (င) မြန်မာနိုင်ငံကြက်ခြေနီညီလာခံက ချမှတ်ပေးသော မူဝါဒများကို အလုပ်အမှုဆောင်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လမ်းညွှန်မှုပြုရမည်။
- (စ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။
- (ဆ) နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်အတည်ပြုရမည်။
- (ဇ) အသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ်ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။
- (ဈ) အလုပ်အမှုဆောင်အဖွဲ့က တင်ပြသော အသင်းပိုင်ငွေနှင့် ပစ္စည်းဆုံးရှုံးမှုအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တန်ဖိုးကို စာရင်းမှပယ်ဖျက်ခွင့်ရှိသည်။
- (ည) အလုပ်အမှုဆောင်အဖွဲ့ကတင်ပြသော အသင်းက ဝယ်ယူမည့် သို့မဟုတ် ထုခွဲရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ဆုံးဖြတ်မှုပြုရမည်။
- (ဋ) အသင်းသားအဖြစ်လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ အပြီးအပြတ်ဆုံးဖြတ်ခွင့်ရှိသည်။
- (ဌ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ် အသိအမှတ်ပြုပိုင်ခွင့်ရှိသည်။
- (ဍ) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို အတည်ပြုဆုံးဖြတ်ခွင့်ရှိသည်။
- (ဎ) ကောင်စီအစည်းအဝေးကို အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ ကောင်စီဝင်သုံးပုံတစ်ပုံက တောင်းဆိုလျှင် ကောင်စီ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။
- (ဏ) အလုပ်အမှုဆောင်အဖွဲ့က တင်ပြလာသော ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းကို အတည်ပြုခွင့်နှင့်ပြင်ဆင်ခွင့်ရှိသည်။
- (တ) မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို အသင်း၏တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၂၄။ ကောင်စီသည် ဤဥပဒေပါကိစ္စများ အထမြောက်အောင်မြင်စေရန် ပြဋ္ဌာန်းလိုသော နည်းဥပဒေများကိုရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

**အခန်း(၈)**

**အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၅။ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။
- (ခ) ကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ အသင်းအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။
- (ဂ) ကောင်စီသို့တင်ပြမည့် အစည်းအဝေးအစီအစဉ်များကို ရေးဆွဲအတည်ပြုရမည်။
- (ဃ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲ၍ ကောင်စီသို့ တင်ပြရမည်။
- (င) နှစ်စဉ်ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဆောင်ရွက်ချက်များကို ကောင်စီသို့ တင်ပြအစီရင်ခံရမည်။
- (စ) အသင်း၏ကိုယ်စား ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့်အတိုင်း ပဋိညာဉ်စာချုပ်ချုပ်ဆိုခွင့်ရှိသည်။
- (ဆ) အသင်းက ဝယ်ယူရင်းနှီးထားသော ငွေချေးသက်သေခံလက်မှတ်များကို ရွေးနုတ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။
- (ဇ) အသင်းသားအမျိုးအစား၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးတို့ကို ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။
- (ဈ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။
- (ည) အသင်းက ဝယ်ယူမည့် သို့မဟုတ် ရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကောင်စီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။
- (ဋ) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်သည့်တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ရန် ကောင်စီသို့ တင်ပြရမည်။
- (ဌ) လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ခွင့်ရှိသည်။ နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့်ဂုဏ်ပြုလွှာများ ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံတင်ပြခွင့်ရှိသည်။
- (ဍ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အသင်းခွဲများ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်းတို့ပြုနိုင်သည်။
- (ဎ) ပြည်တွင်းပြည်ပရှိ ရည်ရွယ်ချက်တူညီသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။
- (ဏ) အသင်းသားအဖြစ်လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခွင့်ရှိသည်။
- (တ) အသင်းဝင်နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်တို့ကို ပြည်ပသို့ စေလွှတ်ခြင်း၊ ပြည်ပမှ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။
- (ထ) ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းကိုရေးဆွဲ၍ ကောင်စီသို့ တင်ပြရမည်။

၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်၊တက္ကသိုလ်ကောလိပ်ရှိ အသင်းအဆင့်ဆင့်များအတွက် နာယကများတင်မြှောက်ခြင်းကိုအတည်ပြုနိုင်သည်။

**အခန်း(၉)**

**ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း**

၂၇။ ဝန်ကြီးဌာနသည် အသင်း၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းနယ်ပယ်များအတွင်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သော ရန်ပုံငွေလျာထားပေးနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၂၈။ အသင်းသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လက်ဝယ်ရယူခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် သင့်လျော်သလို စီမံဆောင်ရွက်ခြင်းပြုနိုင်သည်။

၂၉။ အသင်းသည် ထောက်ပံ့ငွေနှင့်အကူအညီများကို ပြည်တွင်း ပြည်ပ အစိုးရအဖွဲ့များထံမှဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်းထံမှဖြစ်စေ လက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၃၀။ အသင်းသည် ယင်း၏ဝန်ထမ်းများအတွက် သို့မဟုတ် လုပ်ငန်းတစ်ခုခုအတွက် သီးသန့်ရန်ပုံငွေ၊ အာမခံရန်ပုံငွေ သို့မဟုတ် အခြားရန်ပုံငွေများကို ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၁။ အသင်းသည် အိမ်ခြံမြေများအပါအဝင် အသင်း၏ဥပဒေနှင့်အညီ ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၂။ အသင်းသည် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ လှူဒါန်းငွေနှင့် ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၃။ အသင်းသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ်စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

**အခန်း(၁၀)**

**အသင်း၏အမှတ်အသား၊ အလံနှင့်ရုံးတံဆိပ်**

၃၄။ အသင်းသည် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသည့် အမျိုးသားအသင်းများကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီညီလာခံက ချမှတ်ထားသော ရည်ရွယ်ချက်အားလုံးအတွက် အတည်ပြုသည့် အောက်ပါကြက်ခြေနီအမှတ်အသားကို အသင်းကသုံးစွဲခွင့်ရှိသည်-



၃၅။ အသင်းသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း အဖြူရောင်နောက်ခံပေါ်တွင် ကြက်ခြေနီအမှတ်အသားနှင့်အတူ ခြင်္သေ့နှစ်ကောင် ကျောချင်းကပ်လျက်ပါဝင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု မြန်မာစာဖြင့်ရေးသားထားသည့် အမှတ်တံဆိပ်ကို အသင်း၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်နှင့်အလံတို့တွင် အသုံးပြုခွင့်ရှိပြီး ယင်းအမှတ်တံဆိပ်သည်အသင်း၏ မူပိုင်ဖြစ်သည်-



စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

၃၆။ အသင်းသည် လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါ အမှတ်တံဆိပ်ကို အသုံးပြုရမည်-

**အခန်း(၁၁)**

**အထွေထွေ**

၃၇။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကောင်စီသည် ဤဥပဒေအရ ဖွဲ့စည်းသည့် ကောင်စီကိုဖွဲ့စည်းရန်အလို့ငှာ မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ခေါ်ယူကျင်းပရမည်။

၃၈။ အသင်းသည် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရဖွဲ့စည်းခဲ့သော ကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီး ဆက်ခံရမည်။

၃၉။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဤဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ အသင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



**သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းပါရှိသည့် ကျေးရွာ ၁၅ ရွာအနက် ဆင်ကျုံးကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာ၌ ဩဂုတ် ၂၂ ရက်က မြို့နယ်အဆင့် မြစိမ်းရောင်ကော်မတီအဖွဲ့နှင့်အတူ ဌာနဝန်ထမ်းများက ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်စဉ်။**
(မြို့နယ် ပြန်/ဆက်)

# သောက်သုံးရေ ဖူလုံစွာရရှိရေး စက်ရေတွင်းတူးဖော်

**တပ်ကုန်း ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာအုပ်စု သံခဲတောင်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၄၅ သန်းဖြင့် တွင်းနက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မြန်မာ့ကုန်သွယ်မှုအထွေထွေဝန်ဆောင်မှုကုမ္ပဏီက တာဝန်ယူတူးဖော်လျက်ရှိသည်။

သံခဲတောင်ကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ရေကန်နှင့် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းလတ်နှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဦးလှထွန်းတို့က သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

# ကျိုက္ခမီရေလယ်ဘုရား၌ အမှတ်တရပစ္စည်းများ လက်ဆောင်အဖြစ်ဝယ်ယူ

**ကျိုက္ခမီ ဩဂုတ် ၃၁**

မွန်ပြည်နယ်ကျိုက္ခမီမြို့၏ အထင်ကရသမိုင်းဝင် ကျိုက္ခမီရေလယ်ဘုရားကို ဝါခေါင်လပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျိုက္ခမီရေလယ်ဘုရားသို့ ဘုရားဖူးပြည်သူများ သွားရေးလာရေးနှင့် နားခိုနားနေဆောင်များလုံခြုံရေးကို ဆောင်ရွက်ပေးထားခြင်းဖြင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဖူးမြော်နားခိုရင်း အမှတ်တရပစ္စည်းများကို အိမ်ပြန်လက်ဆောင်များအဖြစ် မိတ်ဆွေများအတွက် ဝယ်ယူနေကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



**ကျောက်ကြီးမြို့နယ် နတ်သံကွင်း-ကျောက်ကြီး ကားလမ်းကွင်းအမှတ်(၇၀-ခ)၊ ဦးပိုင်အမှတ်(၅၆/၄၊ ၅၆/၅၊၈၁) တောင်သူဦးစေးဝါးနှင့် ဦးအောင်မင်းတို့၏ စပါးခင်း ၁၅ ဧကတွင် ပုလဲသွယ်စပါးမျိုး သီပွံနည်းကျ စိုက်ပျိုးနည်းဖြင့် အောင်မြင်ဖြစ်ထွန်း၍ ဩဂုတ်လ စတုတ္ထပတ်က တောင်သူများနှင့် ကောက်စိုက်လုံမေများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ပညာပေးဆွေးနွေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။** မီးမီး(လှိုင်)

# စပါးနှင့်သီးနှံ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း ပညာပေး

**ရွာင် ဩဂုတ် ၃၁**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်၌ တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ဦးစီးကျင်းပသော စပါးနှင့်သီးနှံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာပေးဆွေးနွေးပွဲကို ဩဂုတ်၂၈ရက်က ရွာင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ပိုးမွှားတာဝန်ခံ ဒေါ်နန္ဒာထွေးနှင့်အဖွဲ့က စပါး၊ ဥယျာဉ်ခြံ၊ သီးနှံနှင့် ဟင်းသီးဟင်းရွက်များတွင် ကျရောက်တတ်သော ရောဂါပိုးမွှားနှင့် ကြွက်ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွာင်)**




# ဝေဟင်မှာပွင့်တဲ့ပန်း




စာရေးဆရာဘိုမျိုး(ရွှေဘို)ရေးသားသော "ဝေဟင်မှာ ပွင့်တဲ့ပန်း"အမည်ရှိ ဆောင်းပါးနှင့်ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထွက်ရှိလာသည်ကို တွေ့ရသည်။ နိုင်စာပေက ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြစ်သည်။

ဆောင်းပါးနှင့် ဝတ္ထုတို ၂၆ ပုဒ်ပါဝင်ပြီး စစ်ရေး၊ အချစ်ရေး၊ ဘဝအတွေ့အကြုံ၊ စစ်မြေပြင်အတွေ့အကြုံများကို ရေးသားထားသည်။ အနုပညာရသမြောက်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

# အရှေ့ကမ္ဘာသို့ ခရီးသွားခြင်း




စာရေးဆရာသတိုးလွင် ရေးသားသော "အရှေ့ကမ္ဘာသို့ ခရီးသွားခြင်းစာအုပ်"တွင် ကမ္ဘာအရှေ့ခြမ်းရှိ နိုင်ငံတော်တော်များများ၏ စိတ်ဝင်စားဖွယ်အကြောင်းအရာများကို ခရီးသွားဆောင်းပါးအဖြစ် ရေးသားထားသည်ကို တွေ့ရသည်။ ဩစတြေးလျရှိ ကမ္ဘာကျော် Great Barrier Reef အကြောင်း၊ ဆာမူရိုင်းတို့ဌာနေ ဂျပန်မြေ၊ အပြုံးတို့နယ်မြေ ယိုးဒယားပြည်၊ ခမာတို့ဌာနေအစရှိသည့် အကြောင်းအရာများပါဝင်ပြီး ဒေသန္တရဗဟုသုတများစွာရရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ အရုဏ်သစ်စာပေမှ ဖြန့်ချိပြီး တန်ဖိုးမှာငွေကျပ် ၄၀၀၀ ဖြစ်သည်။


# ရွေးကောက်ပွဲနှင့်မီဒီယာ




စာရေးဆရာဟံဝင်း (Y.U.D.E) ရေးသားသည့် "ရွေးကောက်ပွဲနှင့်မီဒီယာ" စာအုပ်ထွက်ရှိလာသည်ကို တွေ့ရသည်။ တန်ဖိုးမှာ ငွေကျပ် ၁၅၀၀ဖြစ်ပြီး မနောဖြူစာပေမှ ထုတ်ဝေခြင်းဖြစ်သည်။

လွတ်လပ် စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် မီဒီယာ၊ ရွေးကောက်ပွဲကာလအတွင်း အများပြည်သူပိုင်မီဒီယာ၏ အခန်းကဏ္ဍ၊ ရွေးကောက်ပွဲကာလအတွင်း မီဒီယာများကို ထိန်းကျောင်းမည့်အဖွဲ့အစည်းများ၊ မီဒီယာစောင့်ကြည့်ခြင်း၏ အခန်းကဏ္ဍအစရှိသည့် ဆောင်းပါးများပါဝင်သည်။ ရွေးကောက်ပွဲကာလတွင် မီဒီယာ၏ အရေးပါမှုကို ရေးသားထားသည့်အတွက် ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

# ဦးနှောက်နှင့်မှတ်ဉာဏ်ထက်သန်စေရန် လေ့ကျင့်ခန်းများ




ဆရာမင်းထက်ဇော်ရေးသားသော "ဦးနှောက်နှင့် မှတ်ဉာဏ်ထက်သန်စေရန် လေ့ကျင့်ခန်းများ" စာအုပ်ထွက်ရှိလာသည်။ မနောဖြူစာပေမှ ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။ မှတ်ဉာဏ်နှင့် ပတ်သက်၍ မှားယွင်းသောအယူအဆများ၊ မှတ်ဉာဏ်အတွက် စစ်ဆေးပေးသည့် လေ့ကျင့်ခန်းနမူနာများ၊ ငါးစားသုံးခြင်းသည် ဦးနှောက်မှတ်ဉာဏ်အတွက် အလွန်အကျိုးများပုံ၊ အသက်ကြီးလာသည့်အခါ ဦးနှောက်ကျုံ့သွားခြင်း ရှိ၊ မရှိ အစရှိသည့် ဦးနှောက်မှတ်ဉာဏ်နှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် အကြောင်းအရာများပါရှိ၍ မိဘတိုင်းအနေဖြင့် မိမိတို့ကလေးငယ်များ ဦးနှောက်မှတ်ဉာဏ်ကောင်းမွန်စေရေးအတွက် ဖတ်ရှုသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

# လူ့တန်ဖိုးအခြေခံသောခေါင်းဆောင်မှု




"လူ့တန်ဖိုးအခြေခံသောခေါင်းဆောင်မှု" စာအုပ်သည် ၂၀၀၈ ခုနှစ် ဇူလိုင် ၇ ရက်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက် ဟောပြောခဲ့သည့် ဟောပြောချက်ကို စာအုပ်အဖြစ်ရေးသားထုတ်ဝေခြင်းဖြစ်သည်။ နိုင်ငံကို ခေါင်းဆောင်မည့် ယနေ့မျိုးဆက်သစ်လူငယ်များ၊ လူ့တန်ဖိုးနှင့် ဂုဏ်သိက္ခာရှိရှိဖြင့် အနာဂတ်နိုင်ငံတော်ကို ခေါင်းဆောင်နိုင်ရန်အတွက် ဆရာကြီး၏ ဟောပြောချက်များပါဝင်သည့်အတွက် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ တန်ဖိုးမှာငွေကျပ် ၁၀၀၀ ဖြစ်ပြီး မဇ္ဈိမစာပေမှ ထုတ်ဝေခြင်းဖြစ်သည်။

# မြန်မာနိုင်ငံတွင် သစ်ခွအများအပြားထွက်ရှိသော်လည်း တရားမဝင်ရောင်းချမှုကြောင့် မျိုးစိတ်များနည်းပါးလာ

သတင်းဆောင်းပါး-ဝင်းဝင်းမော်၊ မြတ်စန္ဒီသင်းဇော်

**ယခုနောက်ပိုင်း တရားမဝင်ထုတ် ရောင်းချမှုများကြောင့် သစ်ခွမျိုးစိတ်များ နည်းပါးလာသည်ကိုတွေ့ရကြောင်း မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးစောလွင်က ပြောသည်။**

"မြန်မာနိုင်ငံမှာ သစ်ခွကို ဆေးဖက်ဝင်အပင်အနေနဲ့လည်း စိုက်ပျိုးကြသလို စပ်မျိုးသစ်ခွကို စိုက်ပျိုးမှုလည်းများတယ်။ သစ်ခွပင်က အပူလွန်ကဲ အအေးလွန်ကဲတဲ့ ဒေသတွေကလွဲလို့ ကျန်ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ပေါက်ရောက်တယ်။ အလင်းရောင်နဲ့ နေရောင်ရရှိတဲ့ ရွက်ကြွေတောများမှာလည်း ပေါက်ရောက်တယ်။ ရှမ်း၊ ကချင်၊ ချင်းပြည်နယ်တို့မှာ အများဆုံးပေါက်ရောက်တာဖြစ်ပြီး ချောင်းစပ်၊ တောင် ပေါ်၊ မြက်တော၊ ကျောက်ဆောင်စတဲ့ နေရာတွေမှာ ပေါက်တယ်။ အချို့က မြေအောက်မှာပေါက်ပြီး မိုးရွာမှ မြေပေါ်တက် အပွင့်တက်ပွင့်တယ်။ အခုနောက်ပိုင်း တရားမဝင်ထုတ်ရောင်းချတာကြောင့် သစ်ခွမျိုးစိတ်တွေ နည်းပါးလာတာတွေ့ရတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် သစ်တောဌာနတစ်ခုတည်းနဲ့ ထိန်းသိမ်းဖို့ မလွယ်တာမို့ ဒေသခံတွေကို အသင်းအနေနဲ့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိနေတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာ သစ်ခွနှင့်ပတ်သက်ပြီး တစ်စိုက်မတ်မတ်လေ့လာတဲ့ ပညာရှင်နည်းပါးနေပါသေးတယ်" ဟု ၎င်းကပြောသည်။

သို့သော် ရန်ကုန်မြို့ မြို့ပြလူထုအတွက်သစ်ပင်စိုက်ပျိုးရန် မြေလွတ်ဧရိယာ နည်းပါးသော်လည်း ဈေးကွက်ဝင်သစ်ခွကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ရန် ယခင်ကထက် ပိုမိုစိတ်ဝင်စားမှု များပြားလာကြောင်း မြန်မာနိုင်ငံပန်းဝါသနာရှင်များ အသင်းမှသိရသည်။

"သစ်ခွစိုက်ဖြစ်ခဲ့တာကတော့ ဈေးထဲကဝယ်လာတဲ့ သစ်ခွပင်လေးတွေကို စတင်စိုက်ပျိုးရင်း ပန်းလေးတွေပွင့်တဲ့အခါ ဆွဲဆောင်မှုနဲ့ တစ်စတစ်စ စီးပွားဖြစ်စိုက်ပျိုးဖြစ်ခဲ့တာ ဆယ်စုနှစ်ရှိခဲ့ပါပြီ။ သစ်ခွစိုက်ရတာက ကလေးငယ်တွေကို ပြုစုရသလိုမျိုး သေသေချာချာပြုစုရတာပါ။ သဘာဝအလင်းရောင် ၊ အချိန်မှန်ဆေးကျွေး၊ ရေလောင်းစတာတွေကို ဂရုစိုက်ရတာပေ့ါ။ အန်တီက မြန်မာ့သစ်ခွမျိုးရင်းကို ဦးစားပေးစိုက်တာပါ။ ခြံထဲမှာ အမျိုးအစားအတော်စုံပါတယ်၊ သစ်ခွဆိုတာ ကဆယ့်နှစ်ရာသီ ပွင့်တဲ့ပန်းမျိုးလေ" ဟု မရမ်းကုန်းမြို့နယ်နေ သစ်ခွစိုက်ပျိုးသူ ဒေါ်ခင်စိုးရီ က ပြောပြသည်။



ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းတွင်လည်း လေးလတစ်ကြိမ် သစ်ခွပန်းပြိုင်ပွဲများ၊ နည်းပညာဟောပြောပွဲများပြုလုပ်ပြီး အာဆီယံနိုင်ငံများတွင် မြန်မာ့သစ်ခွ၏ ဇီဝမျိုးစုံ၊ မျိုးကွဲ ကွဲပြားမှုအကြောင်း၊ သဘာဝနှင့်ညီစွာ စိုက်ပျိုးပြုစုပုံအကြောင်း မျိုးကောင်းမျိုးစပ်များအကြောင်းကို နှစ်စဉ်ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။

လာမည့် ၂၀၁၆ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံ၌ပြုလုပ်မည့် အာရှပစိဖိတ်ကွန်ဖရင့်တွင်လည်း မြန်မာ့သစ်ခွမျိုးရင်းများ၏ အသုံးဝင်ပုံ၊ ဇီဝမျိုးစုံ မျိုးကွဲကွဲပြားမှု၊ ဆေး ဖက်ဝင်ပုံကိုလည်း ပြသရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် သစ်ခွမျိုးပွားခြင်းနှင့်ပတ်သက်သော သုတေသန ဓာတ်ခွဲခန်းတစ်ခုကို ဆောင်ရွက်နေပြီး မြန်မာ့သစ်ခွမျိုးများကို အစေ့မှတစ်ဆင့် မျိုးပွားခြင်း၊ သန္ဓေသားလောင်းမှတစ်ဆင့် မျိုးပွားခြင်း၊ တစ်သျှူးမှတစ်ဆင့်မျိုးပွားခြင်း သုံးမျိုးဖြင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဓာတ်ခွဲခန်းအတွင်း၌ အပင်များအတွက်လိုအပ်သည့် ဓာတုဆေးဝါး ခုနစ်မျိုးမှ ၁၀ မျိုး အထိပါဝင်ကာ အချိုးကျရောစပ်သည့်နည်း ဒုတိယအဆင့်အနေဖြင့် အာလူး၊ ကျောက်ကျော၊ ငှက်ပျော၊ အုန်းရည်အပါအဝင် အခဲနည်းလမ်းဖြင့် မျိုးပွားနည်းကို သုတေသနပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာ့မျိုးရင်းပန်းများကို တစ်သျှူးမျိုးပွားနည်းဖြင့် စတင်နိုင်ရန်ဆောင်ရွက်လျက်ရှိပြီး ဈေးကွက်ရရှိနိုင်သည့်အနေအထားရောက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် မြန်မာ့မျိုးရင်းသစ်ခွ ၂၅ မျိုးနှင့် ပြည်ပမျိုး ၁၀ မျိုးကို မျိုးပွားခြင်းပြုလုပ်လျက်ရှိသည်။

"သစ်ခွကို စီးပွားဖြစ်စိုက်ပျိုးတယ်ဆိုတာ မြန်မာနိုင်ငံမှာ အခုမှစတင်ကျယ်ပြန့်လာရုံပဲရှိသေးတယ်။ ပြည်ပမှာလေ့လာကြည့်မိတဲ့အခါ ဧက ၅၀၊ ၁၀၀ လောက် စီးပွားဖြစ်စိုက်ပျိုးတာတွေ့ရတယ်။ မြန်မာနိုင်ငံမှာ တော့ တစ်ဧက နှစ်ဧကထက်ပိုပြီး စိုက်ပျိုးတာ မတွေ့ရဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သစ်ခွစိုက်ရင် တစ်ဧကကိုပဲ အရင်းအနှီးက သိန်းရာချီပြီး အကုန်အကျများတယ်လေ။ ဒီလိုအခြေအနေမှာ စိုက်ပျိုးမှုနှင့် ထွက်ရှိမှုနည်းတာကြောင့် နိုင်ငံခြားတင်ပို့မှုနဲ့ နိုင်ငံခြားငွေကြေး ရရှိမှုလည်းနည်းနေသေးတယ်။ မကြာခင် **AEC** အာဆီယံစီးပွားရေးအသိုက်အဝန်းပေါ်လာရင် နိုင်ငံတကာက ဝင်ရောက်လာမယ်။ အခုလည်း လားရှိုးမှာ **Myanmar native orchid** ဆိုပြီး တရုတ်ပြည်ကို ပရဆေးသစ်ခွအဖြစ် စိုက်ပျိုးရောင်းချပြီး အောင်မြင်နေတာတွေ့ရတယ်" ဟု မြန်မာသစ်ခွအသင်းကို စတင်တည်ထောင်သူ ကိုသန့်စင်အေးကပြောသည်။

"ကမ္ဘာပေါ်မှာ သစ်ခွမျိုးစိတ်ပေါင်း ၁၀၀၀ မှ ၁၅၀၀ အထိရှိတယ်၊ သစ်ခွစေ့မှာ အစေ့တွင် အဆန်မပါရှိလို့ အလွန်ပေ့ါတယ်။ ဒါကြောင့် ပျံ့နှံ့လွယ်တယ်၊ သစ်ခွ အသီးတစ်သီးတည်းမှာ သိန်းသောင်းချီပါဝင် တယ်။ အလွန်သေးငယ်တာကြောင့် အဏုကြည့်မှန်ပြောင်းနဲ့မှ မြင်ရတယ်။ သစ်ခွပန်းက ကမ္ဘာပေါ်မှာ နောက်ဆုံးမှဖြစ်တည်လာတဲ့ သက်ရှိပန်းပင်ဖြစ်တယ်။ နှစ်စဉ် ဖေဖော်ဝါရီလကနေ ဧပြီလအထိက သစ်ခွပန်းပွင့်တဲ့ကာလဖြစ်တယ်။ အပွင့်မျိုးစပ် အသီးမျိုးစပ်တွေဖြစ်တည်လာပါတယ်"ဟု ဆိုသည်။

ယခုအခါ နည်းပညာ၏အားသာမှုကြောင့် ဝါသနာတူရာများ ပေါင်းစုံနိုင်သည့်နေရာဖြစ်သည့် လူမှုကွန်ရက်တွင်လည်း ပန်းမန်ချစ်မြတ်နိုးသူများအချင်းချင်း ဗဟုသုတဖလှယ်နိုင်ရန်နှင့် ပညာဖြန့်ဝေရန်အတွက် **Myanmar Orchid Lover Association** ဖွင့်လှစ်ထားရာ သစ်ခွကို မြတ်နိုးသူ **Fan** ပေါင်း ၇၀၀၀ ကျော် ရှိနေသည်ဟုလည်း သိရသည်။

မြန်မာ့မျိုးရင်းသစ်ခွများကို မပျောက်ပျက်အောင် တစ်ဖက်က ထိန်းသိမ်းရင်း တစ်ဖက်ကလည်း စီးပွားဖြစ်စိုက်ပျိုးမှုအဆင့်သို့ ကူးပြောင်းလာမှုကို သစ်ခွမြတ်နိုးသူများက စောင့်မျှော်နေကြမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ။

# ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်မှုအရှိန်အဟုန်မြှင့်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာ၌ ဩဂုတ် ၂၀ရက်မှ စတင်ကာ ဒေသခိုင်းနွားများအချို့၌ ခြေထောက်နာခြင်း၊ သရေကျခြင်းများ ဖြစ်ပေါ်ခံစားရပြီး သံသယဖြစ်ဖွယ် ခွာနာလျှာနာ ကူးစက်ရောဂါလက္ခဏာများ ဖြစ်ပွားနေကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)သုတေသနနှင့်ရောဂါရှာဖွေရေးဌာနခွဲမှ တာဝန်ရှိသူများ၊ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံးမှတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခွာနာလျှာနာ ရောဂါလက္ခဏာ ခံစားနေရသော နွားများအား ဆေးဝါးကုသပေးခြင်း၊ ဓာတ်ခွဲစမ်းသပ် အတည်ပြုနိုင်ရန် ရောဂါနမူနာ ပစ္စည်းကောက်ယူခြင်းနှင့် အတူနေတိရစ္ဆာန်များကို ကြိုတင်ကာကွယ်ဆေးထိုးခြင်းများ အခမဲ့ဆောင်ရွက်ခဲ့ပြီး ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်များကို သီးခြားခွဲထားခြင်း၊ လွှတ်ကျောင်းစာကျက်များသို့ သွားလာမှုထိန်းချုပ်စေခြင်း စသည်များကို စီမံဆောင်ရွက်လျက်ရှိသည်။

"ခွာနာလျှာနာ ကူးစက်ရောဂါဆိုတာ နှစ်နှစ် တစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ်ခန့် ဖြစ်လေ့ဖြစ်ထရှိတဲ့ ရောဂါပါ။ ကူးစက်နိုင်မှုနည်းလမ်းတွေများသလို၊ ကူးစက်ပြန့်ပွားနိုင်မှုကလည်း မြန်ပါတယ်။ ရောဂါဖြစ်ပွားနေသော နွားတွေနဲ့ အနီးကပ်ထိစပ်မှုတွေသာမက လူ၊ ယာဉ်၊ ယန္တရားနဲ့ လေကတစ်ဆင့်ပါ ကူးစက်ပျံ့နှံ့နိုင်လို့ ဖြစ်ပွားလာရင် အင်မတန်ထိန်းချုပ်ရခက်ခဲပါတယ်။ ခြောက်လတစ်ကြိမ် ကြိုတင်ကာကွယ် ဆေးထိုးတာကတော့ အကောင်းဆုံးဖြစ်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေပြည်တော်ကောင်စီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူအဖွဲ့တို့က ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေကြောင်း ရောဂါထိန်းချုပ်ရေးအတွက် လိုအပ်သော ခွာနာလျှာနာ ကာကွယ်ဆေးများကိုလည်း မွေး/ရေ/ကျေးလက်ဝန်ကြီးဌာနက အခမဲ့ ပံ့ပိုး ထောက်ပံ့ပေးနေကြောင်း၊ ရောဂါမဖြစ်သေးသော ကျွဲ၊ နွားများကို ပိုင်ရှင်များအနေဖြင့် ကြိုတင် ကာကွယ်ဆေးထိုးနိုင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ပါက မကြာမီ အောင်မြင်စွာ ထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်မှု ၂၀ ရာခိုင်နှုန်းပြီးစီး

**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ဘက်ကမ်းနှင့် ချောင်းဆုံမြို့နယ်ဘက်ကမ်းသို့ သံလွင်တံတား(ချောင်းဆုံ)ကိုတည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်မှု ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားတည်ဆောက်ရေးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)နှင့် တည်ဆောက်ရေးအဖွဲ့(၁)တို့က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"တည်ဆောက်မှုရာနှုန်းက ၂၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ Foundation တည်ဆောက်တဲ့အခါမှာတော့ သံလွင်မြစ်ရဲ့ ရေစီးအားအခြေအနေအရ ရေတက်/ရေကျပေါ်မူတည်ပြီး နေ့ညမရွေး လုပ်ဆောင်နေပါတယ်"ဟု တည်ဆောက်ရေး အဖွဲ့(၄)မှ လ/ထ ညွှန်ကြားရေးမှူး ဦးမျိုးသက်ထွန်း(မြို့ပြ)က ပြောသည်။

တံတားကြီး၏ပင်မအရှည်မှာ ၁၇၅၈ ပေရှိပြီး မုပွန်ဘက်ခြမ်းချဉ်းကပ်တံတား အရှည် ၆၈၉ ပေ၊ ချောင်းဆုံဘက်ခြမ်းချဉ်းကပ်တံတားအရှည် ၂၇၅၆ ပေရှည်လျားပြီး စုစုပေါင်းတံတားအရှည်မှာ ၅၂၀၃ ပေရှိကြောင်း သိရသည်။ တံတားအမျိုးအစားမှာ တံတားအောက်ထည်မှာ Bored Pile R.C.D ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်များဖြင့်ပြုလုပ်မည်ဖြစ်ကာ လူသွားလမ်းသုံးပေ သုံးလက်မနှင့် နှစ်လမ်းသွားကားလမ်းအကျယ်မှာ ၂၈ ပေဖြစ်၍ တံတားခံနိုင် ဝန် ၇၅ တန်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်မှု ခန့်မှန်းကုန်ကျငွေကျပ် ၅၉ ဒသမ ၈၀၉ ဘီလီယံဖြစ်သည်ဟု ဦးမျိုးသက်ထွန်း(မြို့ပြ)က ပြောကြားသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ဂျွန်နီအီးဗန်းစ် ဝက်စ်ဘရွန်းသို့ရောက်ပြီ

မန်ယူနဲ့အတူ နှစ်ပေါင်းများစွာ ကစားခဲ့တဲ့ ဝါရင့်နောက်ခံကစားသမား ဂျွန်နီအီးဗန်းစ်ဟာ ဝက်စ်ဘရွန်းကို ပေါင် ခြောက်သန်းနဲ့ ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ နောက်တန်းကစားသမား အီးဗန်းစ်ဟာ မန်ယူနဲ့အတူ ပွဲပေါင်း ၁၉၈ ပွဲ ကစားခဲ့ပြီးတဲ့နောက် ဝက်စ်ဘရွန်းကို ပြောင်းရွှေ့သွားခဲ့တာဖြစ်ပါတယ်။ မန်ယူရဲ့ ပြိုင်ပွဲအားလုံးနီးပါး အီးဗန်းစ်ပါဝင်ကစားခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ အီဗန်းစ်ဟာ မန်ယူရဲ့ ဗဟိုခံစစ်မှူးနေရာမှာ ကစားခဲ့ပြီးတဲ့နောက် ဝက်စ်ဘရွန်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ သူဟာ မြောက်အိုင်ယာလန်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အီးဗန်းစ်ဟာ ၂၀၀၇ ခုနှစ်က မန်ယူနဲ့အတူ စတင်ကစားခဲ့ပြီး ပရီမီယာလိဂ်ဖလားသုံးလုံးဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သူဟာ မြောက်အိုင်ယာလန်အသင်းအတွက်လည်း ၄၂ ပွဲအထိ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ ဒီစာချုပ်မှုက တကယ့်ကြီးကျယ်တဲ့ စာချုပ်တစ်ရပ်ပါပဲလို့ ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်က ဆိုပါတယ်။ အီးဗန်းစ်ဟာ လက်ရှိ မန်ယူနည်းပြ ဗန်ဟားလ် လက်ထက်မှာ နေရာမရဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ၁၇ ပွဲပဲ ကစားခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း အသင်းမှ ထွက်ခွာဖို့ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။



# မန်ယူက ငွေပုံအောပေးလည်း မပြောင်းဘူးဆိုတဲ့ နေမာ

တိုက်စစ်မှူးလိုအပ်ချက်ရှိနေတဲ့ မန်ယူအနေနဲ့ ဘာစီလိုနာအသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ နေမာကို ခေါ်ယူဖို့ကြိုးစားခဲ့တာပါ။ သို့ပေမယ့် နေမာက သူ့အနေနဲ့ စပိန်မှာပျော်ပိုက်နေပြီဖြစ်တဲ့အတွက် မန်ယူကိုမပြောင်းတော့ဘူးလို့ ဆိုပါတယ်။ မန်ယူအနေနဲ့ ပေါင်သန်းပေါင်းများစွာ ပုံအောပေးသော်လည်း မပြောင်းဘူးလို့ နေမာက ဆိုပါတယ်။ တိုက်စစ်မှူး နေမာဟာ ပြီးခဲ့တဲ့ ရာသီက ဘာစီလိုနာအသင်းအတွက် ၃၉ ဂိုးအထိ သွင်းယူပေးခဲ့တယ်လို့ ဆိုပါတယ်။ ဘာစီလိုနာမှာ နေမာနဲ့ မက်ဆီတို့ရဲ့ အတွဲဟာ အတော်လေးအတွဲညီပါတယ်။ မက်ဆီ၊ ဆွာရက်ဇ်တို့ပြီးရင် ဘာစီလိုနာမှ ဝင်ငွေအကောင်းဆုံးကစားသမားက နေမာဖြစ်ပါတယ်။ တစ်နှစ်ကို ပေါင် ခြောက်သန်းအထက် ဝင်ငွေရှိတယ်လို့ ဆိုပါတယ်။ ဘာစီလိုနာမှာ အဓိကဂိုးသွင်းစက်အဖြစ် ရှိနေတဲ့နေမာကို မန်ယူနည်းပြ ဗန်ဟားလ်က နွေရာသီကတည်းက ခေါ်ယူဖို့ ကြိုးစားခဲ့တာပါ။ အရင်တုန်းက စိတ်ဝင်စားမှုကို တုံ့ပြန်ပြောဆိုခဲ့ခြင်းမရှိခဲ့ပေမယ့် ကစားသမားခေါ်ယူရေးကာလကုန်ခါနီးမှာတော့ မန်ယူရဲ့ ကမ်းလှမ်းမှုကို နေမာက ပြတ်ပြတ်သားသားငြင်းဆိုခဲ့ပါတယ်။ ပေါင်သန်းပေါင်းများစွာပေးပြီး ကမ်းလှမ်းပေမယ့် မပြောင်းဘူးလို့ ဆိုပါတယ်။



ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။

# နယ်သာလန်တို့ နိုင်ငံပွဲကို ရှာဖွေနိုင်ပါ့မလား



*ယူအီးအက်ဖ်အေယူရို ၂၀၁၆ ခြေစစ်ပွဲတွေရဲ့ အုပ်စုပွဲစဉ်တွေကို စက်တင်ဘာ ၃ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ အုပ်စု(A)နဲ့ အုပ်စု(H)က ပွဲစဉ်တွေက စိတ်ဝင်စားစရာကောင်းနေတာမို့ ထိပ်တန်းအသင်းတွေရဲ့ အားထုတ်မှု၊ ခြေစွမ်းပြသနိုင်မှုတွေကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် ခြေစစ်ပွဲအောင်ဖို့ အကြိတ်အနယ်အားထုတ်ရမယ့် အသင်းကြီးတွေအတွက်ကလည်း အရေးကြီးတဲ့ ပွဲစဉ်တွေဖြစ်နေပြန်ပါတယ်။*

### ချက်နှင့် ကာဇက်စတန်

အုပ်စု(A)မှာ ချက်တို့ ခြေစစ်ပွဲကစားပြီး ၁၃ မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ချက်အသင်းက ပုံမှန်ခြေစွမ်းရနေပြီး တိုက်စစ်ရော ခံစစ်ပါ ဟန်ချက်ညီတဲ့အသင်းဖြစ်ပါတယ်။ ပထမအကျော့ ကာဇက်စတန်ကွင်းမှာ ချက်တို့က လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ထားတာမို့ အခုပွဲမှာ ချက်တို့အိမ်ကွင်းမှာ အမှတ်ပြည့်ယူမယ့်ပွဲပါ။ ကာဇက်စတန်ရဲ့ ခြေစွမ်းက နောက်ဆုံးငါးပွဲမှာ နိုင်ပွဲတစ်ပွဲမှ မရခဲ့တာမို့ အခုပွဲဟာ အိမ်ရှင်တို့ အောင်ပွဲခံမယ့်ပွဲဖြစ်ပါလိမ့်မယ်။

### နယ်သာလန်နှင့် အိုင်စလန်

အခုပွဲမှာတော့ နယ်သာလန်တို့ ခြေကုန်ထုတ်ရမယ့် အနေအထားဖြစ်ပါတယ်။ အုပ်စု(A)မှာ ခြောက်ပွဲကစားပြီးချိန်မှာ ၁၀ မှတ်သာရပြီး အုပ်စုတတိယနေရာမှာပဲရှိနေတဲ့ နယ်သာလန်တို့ နိုင်ပွဲကို မဖြစ်မနေရှာဖွေရတော့မှာပါ။ ဒါပေမယ့် အုပ်စု(A)မှာ ခြောက်ပွဲကစားပြီး ၁၅ မှတ်နဲ့ အုပ်စုကို ဦးဆောင်နေတဲ့ အိုင်စလန်ကို နယ်သာလန်တို့ အနိုင်ရဖို့ သိပ်တော့မလွယ်ပါဘူး။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ပွဲမှာလည်း အိုင်စလန်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ထားတာမို့ အခုပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် နယ်သာလန်တို့ ခက်ခဲမယ့်ပွဲဖြစ်နေပါတယ်။

### တူရကီနှင့် လတ်ဗီးယား

အုပ်စု(A)မှာ ခြောက်ပွဲကစားပြီးချိန်အထိ ရှစ်မှတ်သာရထားတဲ့ တူရကီအတွက် လတ်ဗီးယားနဲ့ပွဲက စိတ်လှုပ်ရှားစရာကောင်းနေပါတယ်။ တူရကီတို့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲမှမရှုံးထားပါဘူး။ ဒါပေမယ့် လတ်ဗီးယားနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ အခု တူရကီကွင်းမှာဖြစ်တဲ့အတွက် အိမ်ရှင်တို့အောင်ပွဲခံနိုင်တဲ့ပွဲပါပဲ။

### အီတလီနှင့် မော်လ်တာ

အုပ်စု(H)မှာတော့ အီတလီတို့ ခြောက်ပွဲကစားပြီး ၁၂ မှတ်နဲ့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အုပ်စုပွဲစဉ်တွေမှာ နိုင်ပွဲမရသေးတဲ့ မော်လ်တာတို့ကတော့ ဒီပွဲမှာ အိမ်ရှင်ရဲ့ ဖိအားပေးမှုအောက်မှ အပြင်းအထန် ရုန်းကန်ရဖို့ရှိနေပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ မော်လ်တာကွင်းမှာ အီတလီတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အိမ်ရှင်တို့ ဖိအားပေးကစားမှုအောက်မှာ အမှတ်ဗလာနဲ့ အိမ်ပြန်ရမှာပါ။

### ဘူလ်ဂေးရီးယားနှင့် နော်ဝေ

အုပ်စု(H)မှာ နော်ဝေတို့ ခြောက်ပွဲကစားပြီး ၁၀ မှတ်နဲ့ အုပ်စုတတိယနေရာမှာ ရပ်တည်နေပါတယ်။ ဘူလ်ဂေးရီးယားတို့လည်း ခြောက်ပွဲကစားပြီး ရှစ်မှတ်နဲ့ စတုတ္ထနေရာမှာရှိနေတာမို့ ဒီပွဲဟာ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ နော်ဝေကွင်းမှာတော့ နော်ဝေတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ပုံမှန်ခြေစွမ်းရနေတဲ့ ဘူလ်ဂေးရီးယားတို့ဟာ အခုပွဲမှာ အနိမ့်ဆုံးသရေရလဒ်ထွက်အောင် ကြိုးစားပါလိမ့်မယ်။

### အဇာဘိုင်ဂျန်နှင့် ခရိုအေးရှား

အုပ်စု(H)မှာ ခရိုအေးရှားတို့က ခြေစွာနေပြီး ခြောက်ပွဲကစား ၁၄ မှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ အဇာဘိုင်ဂျန်တို့ကတော့ ခြောက်ပွဲကစားပြီး လေးမှတ်သာရထားတာမို့ အခြေအနေမကောင်းတော့ပါဘူး။ ပထမအကျော့ ခရိုအေးရှားကွင်းမှာ အဇာဘိုင်ဂျန်ကို ခြောက်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် ခရိုအေးရှားတို့ နိုင်ပွဲရဦးမှာဖြစ်ပါတယ်။

➢ ➢ မိုးမြင့်လင်းလက်

# အိုးထရက်ဖို့ဒ်က ထွက်ခွာသွားနိုင်တဲ့ ဟာနန်ဒက်ဇ်

မန်ယူရဲ့ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဟာနန်ဒက်ဇ်ဟာ အသင်းမှထွက်ခွာသွားဖို့ရှိနေပါတယ်လို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ ဒီအတောအတွင်းမှာ လေဗာကူဆင်အသင်းက ဟာနန်ဒက်ဇ်ကို ခေါ်ယူဖို့ အသင့်ရှိနေပါတယ်လို့ ဆိုပါတယ်။ ချန်ပီယံလိဂ်ခြေစစ်ပွဲအောင်ထားတဲ့ လေဗာကူဆင်အသင်းက ဟာနန်ဒက်ဇ်ကို လေဗာကူဆင်အသင်းနဲ့အတူ ချန်ပီယံလိဂ်ကစားခွင့်ရဖို့ မျှော်လင့်ထားတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

အသက် ၂၇ နှစ် အရွယ်ရှိတဲ့ မက္ကဆီကို ကစားသမား ဟာနန်ဒက်ဇ်ကို လေဗာကူဆင်က အမြန်ဆုံးခေါ်ယူဖို့ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ လေဗာကူဆင်အသင်းဟာ လွန်ခဲ့တဲ့ သီတင်းပတ်က လာဇီယိုကိုနိုင်ပြီး ချန်ပီယံလိဂ်အုပ်စု ကစားခွင့်ရရှိထားပါတယ်။

ဘာစီလိုနာ၊ ရိုးမားနဲ့ ဘောရစ်ဘော အသင်းတွေနဲ့ ချန်ပီယံလိဂ်အုပ်စု ကစားခွင့်ရရှိထားပါတယ်။ လေဗာကူဆင်အသင်းအနေနဲ့ ဟာနန်ဒက်ဇ်ကို ခေါ်ယူနိုင်မယ်ဆိုရင်တော့ ချန်ပီယံလိဂ်မှာ တွေ့ရဦးမှာဖြစ်ပါတယ်။ ဟာနန်ဒက်ဇ်ဟာ ပြီးခဲ့တဲ့နှစ်က ရီးရဲမက်ဒရစ်သို့ အငှားသွားရောက်ကစားရာမှာ အက်သလက်တီကိုနဲ့ ကစားခဲ့တဲ့ချန်ပီယံလိဂ်မှာ ရီးရဲမက်ဒရစ်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူးလိုအပ်နေတဲ့ လေဗာကူဆင်အသင်းအနေနဲ့ ဟာနန်ဒက်ဇ်ကို အရခေါ်ယူသွားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



# ကျိုင်းတုံနှင့် ချင်းမိုင်ခရိုင်များ ညီအစ်မရင်းချာ ချစ်ကြည်ရင်းနှီးရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံကိုယ်စားလှယ်များ ဆွေးနွေး

**ကျိုင်းတုံ ဩဂုတ် ၃၁**

မြန်မာနိုင်ငံမှ ကျိုင်းတုံခရိုင်နှင့် ထိုင်းနိုင်ငံမှ ချင်းမိုင်ခရိုင်များအကြား ညီအစ်မရင်းချာ ချစ်ကြည်ရင်းနှီးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ကျိုင်းတုံမြို့ ဟိုတယ်သစ်ခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ချင်းမိုင်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Suriya Prasatbuntitya ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် ချင်းမိုင်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကာ ကျိုင်းတုံခရိုင်နှင့် ချင်းမိုင်ခရိုင်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများအတွက် ဆွေးနွေးခဲ့ကြသည်။

နယ်စပ်ဂိတ် တိုးမြှင့်ဖွင့်လှစ်ပေးရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား အကူအညီပေးရေး၊ တောင်ယာမီးရှို့ခြင်းများကို ကာကွယ်ပေးရေး၊ ချင်းမိုင်-ကျိုင်းတုံ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေး၊ ကျိုင်းတုံတက္ကသိုလ်သို့ ပညာသင်ထောက်ပံ့ကြေးပေးရေး၊ ယဉ်ကျေးမှုဖလှယ်ရေး စသည်တို့ကို ထိုင်းနိုင်ငံကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များမှ အကောင်အထည်ဖော် ဆောင်ရွက်ရန် အချက်များကို ညှိနှိုင်းလျာထားသတ်မှတ်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းကို ဒေသခံပြည်သူများ ပူးပေါင်းဖောက်လုပ်လျက်ရှိ

**မင်းဘူး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အရှည် သုံးမိုင်ရှိ ရေမြက်-ပေါက်ပင်တွင်း ကျေးရွာချင်းဆက်လမ်းကို တိုင်းဒေသကြီးအစိုးရမှ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၄၀ နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၂၅ သိန်းနှင့် စုပေါင်းလုပ်အားများဖြင့် ဖောက်လုပ်လျက်ရှိကြောင်းသိရသည်။

"လမ်းဖောက်ဖို့ဘက်ဟိုးတို့ ဘူဒိုဇာတို့က တခြားကုမ္ပဏီကို အကူတောင်းပြီးငှားရတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း အကူအညီပေးပါတယ်။ အရင်က ရွာကနေမြို့သွားဖို့ တော်တော်အခက်တွေ့ခဲ့ရတယ်"ဟု လမ်းဖောက်လုပ်ရေးအတွက် ဦးဆောင်နေသော ပေါက်ပင်တွင်း ဆရာတော် ဦးစန္ဒာဝရက မိန့်ကြားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းကလည်း "ကျွန်တော်တို့ဒေသတွေမှာ ယခင်က မင်းဘူးမြို့သွားချင်ရင် ဆိုင်ကယ်ရှိတာတောင် လမ်းကဗွက်ထူနေတော့ လှည်းတစ်တန် ခြေကျင်တစ်တန်သွားရတယ်။ ပွင့်လင်းရာသီမှာတောင် တခြားရွာက ပတ်သွားရတယ်။ အခု တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေ သိန်းလေးဆယ်ချပေးသလို ကျေးရွာလူထုစေတနာအားနဲ့လည်း ရန်ပုံငွေစုပေါင်းထည့်ဝင်လှူကြတာ နှစ်ဆယ့်ငါးသိန်းရရှိပါတယ်။ လူထုလုပ်အားလည်း စုပေါင်းပါဝင်ဆောင်ရွက်ကြတယ်။ ငွေကြေးအင်အားအရ မြေနီခင်း တစ်လမ်းမောင်းအနေအထားတော့ ဆောင်ရွက်နိုင်မှာပါ။ ရေကျော်ငါးခုနဲ့ တံတားသုံးစင်းပါ တည်ဆောက်ရမှာဆိုတော့ အသုံးပြုငွေနဲ့ ချိန်မျှသုံးစွဲရပါတယ်"ဟု ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ပေါက်ပင်တွင်းဆရာတော်နှင့် တန့်တော်ဦးကျောင်း ဆရာတော်တို့ဦးဆောင်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းနှင့် ရပ်မိရပ်ဖအဖွဲ့များ၊ ဒေသခံပြည်သူများက ငွေကြေးနှင့် လုပ်အားများထည့်ဝင်ပြီး စုပေါင်းဖောက်လုပ်နေကြခြင်းဖြစ်သည်။

**ဇွဲထက်ရှင်**

# ငါးသယ်လှေနှင့် ကုန်တင်သင်္ဘောများအား ကော့သောင်းမိုဘိုင်းအဖွဲ့ စစ်ဆေး



**ကော့သောင်း ဩဂုတ် ၃၁**

စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးအတွက် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်ပသို့တင်ပို့မည့် ငါးသယ်လှေများနှင့် ပြည်တွင်းသို့ဝင်ရောက်မည့် ကုန်တင်သင်္ဘောကြီးများကို ကုန်သွယ်ရေးစခန်း (ကော့သောင်း)၏ Mobile Team အဖွဲ့က ပါချန်ပင်လယ်ဝ၌ ဩဂုတ် ၂၉ ရက်က ရှောင်တခင် စစ်ဆေးခဲ့သည်။

မြိတ်မြို့နှင့် ကော့သောင်းမြို့များမှ ဖမ်းဆီးရရှိပြီး ထိုင်းနိုင်ငံသို့တင်ပို့မည့် ပင်လယ်ရေထွက်ပစ္စည်းများ တင်ဆောင်လာသော ငါးသယ်လှေ(ဝါလပ်လှေ)များတွင် တင်ပို့မည့် ငါးသယံဇာတများအပေါ် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများ ပေးသွင်းပြီးခြင်းရှိမရှိ အထောက်အထားများ၊ တင်ဆောင်လာသည့် ငါးအမျိုးအစားနှင့် ကုန်ချိန် မှန်ကန်ကိုက်ညီမှု ရှိမရှိကို စစ်ဆေးခဲ့ပြီး ပြည်ပမှ ကုန်ပစ္စည်းများတင်ဆောင်ကာ ပြည်တွင်းသို့ဝင်ရောက်မည့် ကုန်သင်္ဘောကြီးများပေါ်၌ ကန့်သတ်တားမြစ်ကုန်ပစ္စည်းများ တင်ဆောင်လာခြင်းရှိ မရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**ဆိပ်ဖြူ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကဇွန်းမကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဩဂုတ် ၂၉ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာဘုန်းမော်ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းကုသခြင်းများကို ကဇွန်းမကျေးရွာ အထကကျောင်း၌ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး ဒေါက်တာဘုန်းမော်က ကျေးလက်နေပြည်သူများတွင် အဖြစ်များသည့်ရောဂါများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ထိရောက်စွာ ဆေးကုသမှုခံယူရေးတို့ကို ပညာပေးဟောပြောသည်။ ထို့နောက် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာအေးကိုကိုက သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဆက်လက်ဟောပြောခဲ့သည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကဇွန်းမကျေးရွာအုပ်စုနှင့် နီးစပ်ရာကျေးရွာများမှ ဒေသခံပြည်သူ ၅၄၅ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင် ၂၄ ဦးနှင့် ခွဲစိတ်ရန်လူနာ ၁၇ ဦး စုစုပေါင်းလူနာ ၄၁ ဦးကို ပခုက္ကူခရိုင် အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ကာ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လာရောက်ဆေးကုသမှုခံယူသော ဒေသခံပြည်သူများအား ကဇွန်းမတိုက်နယ်ဆရာဝန် ဒေါက်တာရဲထွဋ်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကဇွန်းမ အထကကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မြို့နယ်နှင့်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျေးရွာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြက်သားဆန်ပြုတ်များ တိုက်ကျွေးပြီး လိုအပ်သည်များကိုလည်း ကူညီပေးခဲ့ကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသများမှ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိရေးအတွက် အောက်ခြေအဆင့်အထိ ကွင်းဆင်း၍ ကျန်းမာရေးအသိပညာများပေးခြင်း၊ ရောဂါများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်း၊ ရောဂါများဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းစသည့် နည်းလမ်းများဖြင့် ကျေးလက်နှင့် မြို့ပြ ကျန်းမာရေးကွာဟမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်လျက်ရှိသည်။ မြို့ပေါ်ဆေးရုံကြီးများသို့ လာရောက်မပြသနိုင်သည့် (လက်လှမ်းမမီသည့်) ပြည်သူအများတွက် ကျန်းမာရေးစစ်ဆေးကုသမှုပေးရန်၊ ဆေးရုံသို့ ညွှန်ပို့ကုသရန် လိုအပ်သူများကိုဖော်ထုတ်၍ ကုသပေးရန်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများကို ကျေးလက်နေပြည်သူများအား ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်းကုသမှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

## သတင်းတိုများ

### အသက် ၁၀၀ အထက် ဘိုးဘွားများအား နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်သမ္မတမှ ထောက်ပံ့သောငွေများကို ဆက်လက်ပေးအပ် လှူဒါန်းလျက်ရှိရာ နတ်ကျွန်းကျေးရွာမှ အသက် ၁၀၀ ကျော် အဘွား ဒေါ်ဖွားမှင်အတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းကို ဆားလင်းကြီးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များမှ ဩဂုတ် ၂၈ ရက်က သွားရောက်ပေးအပ်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဇနီးတို့ကလည်း စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

### ကျေးရွာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အုတ်ဖိုကျေးရွာရှိ အလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဖြစ် ဩဂုတ် ၂၉ က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ တောင်ငူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်၊ ရေတာရှည်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးသိန်းမြင့်ထွန်း၊ ဦးမောင်မောင်သက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးစိန်လှိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ အလကကျောင်းသည် အုတ်ဖိုကျေးရွာသာမက ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ချောင်းမကြီး၊ ဝါးရဲ၊ ဇလုပ်ကြီး၊ ဘုရားကုန်း၊ သက်ကယ်ကျင်း၊ ကပ့်ပြင်၊ စကွေး၊ အင်းကောက်စသည့် ကျေးရွာများမှ ကျောင်းသားကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဖျာပုံခရိုင်ရဲတပ်ဖွဲ့နှင့် ဒေသခံများတွေ့ဆုံဆွေးနွေး

**ဖျာပုံ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ဖျာပုံခရိုင်ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲမှူးနှင့် ရဲစခန်းမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ခရိုင်အတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မှုခင်းများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ထားရှိမှု၊ ဖြစ်ပွားပြီးအမှုများကိုလည်း တရားခံဖော်ထုတ်ဖမ်းဆီးပြီး ထိရောက်သည့် အပြစ်ဒဏ်ရရှိရေးဆောင်ရွက်မှု၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ လာမည့်ရွေးကောက်ပွဲအတွက် လုံခြုံရေးပြင်ဆင်ထားရှိမှု စသည်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ထပ်မံသိရှိလိုသည်များကို မေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးအကြံပြုခဲ့သည်။

ဖျာပုံခရိုင်၌ ခရိုင်ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများတွေ့ဆုံဆွေးနွေးခြင်းသည် ၁၄ ကြိမ်မြောက်ဖြစ်ပြီး ယခုကဲ့သို့ ပုံမှန်တွေ့ဆုံပွဲ ပြုလုပ်ခြင်းဖြင့် ပြည်သူများ၏ လုံခြုံရေးဆိုင်ရာလိုအပ်ချက်များကို ရဲတပ်ဖွဲ့နှင့် တိုက်ရိုက်ထိတွေ့ အကူအညီတောင်းခံနိုင်ပြီး ရပ်ကွက်ကျေးရွာများ လုံခြုံရေးဆောင်ရွက်ရာတွင်လည်း ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပွဲတက်ရောက်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**

# GAP နည်းစနစ်ဖြင့် စိုက်ပျိုးသော ကြံစိုက်ခင်းများ အောင်မြင်လျက်ရှိ

**ကျွန်းလှ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက် ကွင်း(၃)ရှိ ယာမြေနှစ်ဧက၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)ဖြင့် စိုက်ပျိုးထားသော ကြံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ယခင်ကကြံကို ဒေသထွက်မျိုးကြံကို သမားရိုးကျနည်းစနစ်နဲ့ စိုက်ပျိုးခဲ့တုန်းက တစ်ဧက တန် ၂၀ မှ ၂၅တန်အထိသာ ထွက်ရှိပါတယ်။ ၂၀၁၄ခုနှစ်မှစပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးဌာနရဲ့ ကူညီပေးမှုကြောင့် GAP နည်းစနစ်နဲ့ နဝဒေး(၄)မျိုးကို ပြောင်းလဲစိုက်ပျိုးခဲ့ပါတယ်။ အခု ကြံခင်းမှာ လူတစ်ရပ်ကျော်ရှိပြီး ကြံတက်ပွားများခြင်း၊ ကြံဆစ်ကြီးထွားခြင်းနဲ့ ကြံဆစ်ရှည်ခြင်းတို့ကြောင့် ကြံတစ်ချောင်းကို သုံးပိဿာလောက်ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒေသထွက်မျိုးစိုက်ပျိုးထားတဲ့ ကြံခင်းနှင့်ယှဉ်ကြည့်ရင်လည်း အများကြီးကွာခြားတာကို တွေ့ရပါတယ်။ ကြံစိုက်ပျိုးသူတွေအနေနဲ့ အထွက်နှုန်းကောင်းတဲ့ နဝဒေး(၄)ကြံမျိုးကို ပြောင်းလဲစိုက်ပျိုးသင့်ပါတယ်"ဟု တောင်သူ ဦးစိန်ထွန်းက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နိုင်ငံခြားသားတစ်ဦး ကျကျန်ခဲ့သော ပိုက်ဆံအိတ်ကို ပုဂံ၌ ဒေသခံတစ်ဦးက ပြန်လည်အပ်နှံ



**ညောင်ဦး ဩဂုတ် ၃၁**

ပုဂံဒေသတွင် နိုင်ငံခြားသားတစ်ဦးက ကျကျန်ခဲ့ပြီး မြန်မာငွေ၊ ထိုင်းငွေ၊ အမေရိကန်ဒေါ်လာများနှင့် အရေးကြီး ကတ်များပါဝင်သည့် ပိုက်ဆံအိတ်တစ်အိတ်ကို ဒေသခံပြည်သူတစ်ဦးကတွေ့ရှိ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၏ အကူအညီဖြင့် ပိုင်ရှင်ဖြစ်သူကိုရှာဖွေကာ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ပုဂံမြို့ မြင်းကပါကျေးရွာနေ အထက်တန်းရှေ့နေ ဦးရဲနိုင်ဦးသည် ဩဂုတ် ၂၈ရက် ည ၇ နာရီခန့်တွင် ဆာကူရာလမ်းဆုံအနီး၌ ခေါက်ပိုက်ဆံအိတ် အညိုရောင်တစ်လုံးကို ကောက်ရခဲ့ပြီး နိုင်ငံခြားခရီးသွားတစ်ဦး၏ အိတ်အဖြစ်ယူဆသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ အမှတ်(၃)တပ်ဖွဲ့စုမှူးရုံး(ပုဂံ)သို့ သွားရောက်အပ်နှံခဲ့ကာ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန် ရှာဖွေခဲ့ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ အမှတ်(၃)တပ်ဖွဲ့စုမှူးရုံး(ပုဂံ)မှ ကြီးကြပ်သူအရာရှိ ရဲမှူးစိုးပိုင်နှင့် တပ်ဖွဲ့စုမှူး ဒုရဲမှူးခိုင်ဝင်းတို့က ပိုက်ဆံအိတ်ကို စစ်ဆေးခဲ့ရာ အိတ်အတွင်း၌ မြန်မာငွေရောရာ ကျပ် ၃၅၅၀၀၊ အမေရိကန်ဒေါ်လာ ၁၀ တန် တစ်ရွက်နှင့် တစ်ဒေါ်လာတန် တစ်ရွက်၊ ထိုင်းဘတ် ၁၀၀၀ တန် တစ်ရွက်၊ ၅၀၀ တန် တစ်ရွက်၊ ၁၀၀ တန် လေးရွက်၊ ၂၀ တန် နှစ်ရွက်၊ ယာဉ်မောင်းလိုင်စင် တစ်ကတ်၊ CITI ကတ် တစ်ကတ်၊ နိုင်ငံသားကတ်တစ်ကတ်၊ ရေငုပ်လိုင်စင်ကတ် တစ်ကတ်နှင့် ဇုံဝင်ကြေးကတ် တစ်ကတ်တို့ကို တွေ့ရှိခဲ့သည်။

ထို့နောက် အိတ်ပျောက်ဆုံးသူထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် လှည့်ကင်းအဖွဲ့များထံသို့ အချက်အလက်များပေး၍ မြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် လိုက်လံသတင်းပေးစုံစမ်းခဲ့ရာ ပျောက်ဆုံးသူမှာ ပုဂံမြို့သစ်ရှိ Ostello Bello ဟိုတယ်တွင် တည်းခိုနေထိုင်သည့် ဂွာတီမာလာနိုင်ငံသား Mr.Valla Dares Urruela Javier ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် သွားရောက်ဆက်သွယ်သတင်းပေးခဲ့ရာ ၎င်းမှာ ပုဂံဒေသအတွင်းသို့ လည်ပတ်နေသဖြင့် ပြန်လည်ရောက်ရှိပါက ဆက်သွယ်ပေးနိုင်ပါရန် ဟိုတယ်သို့ မှာကြားခဲ့သည်။

ထို့နောက် ဩဂုတ် ၂၉ရက် နံနက်တွင် Mr. Valla Dares Urruela Javier ကိုယ်တိုင် အမှတ်(၃)တပ်ဖွဲ့စုမှူးရုံး(ပုဂံ)သို့ လာရောက်ခဲ့ပြီး ၎င်း၏ပိုက်ဆံအိတ် ဖြစ်ကြောင်း အတွင်းပါပစ္စည်းများကို မှန်ကန်စွာပြောပြနိုင်ခဲ့သဖြင့် ပိုက်ဆံအိတ်ကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့က ပိုင်ရှင်မှန်ဖြစ်သူ ဂွာတီမာလာနိုင်ငံသားထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မင်းဘူးမြို့နယ်အတွင်း ကျေးရွာများ၌ အခမဲ့နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်ပေး

**မင်းဘူး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုများကို ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍



ဩဂုတ် ၂၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဆင်ခေါင်းကျေးရွာ၌ ဆေးကုသမှုများ ဆောင်ရွက်ပေးရာသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့က ဩဂုတ် ၂၈ ရက်တွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆင်ခေါင်းကျေးရွာ အထကကျောင်းသို့ ရေသန့်စက်တစ်လုံး ပေးအပ်လှူဒါန်းပြီး ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆေးကုသမှုခံယူရန်ရောက်ရှိနေသော လူနာများအား နှုတ်ဆက်ကာ ဆေးကုသပေးသော ဆရာဝန် ဆရာမများကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။ အခမဲ့ဆေးဝါးကုသပေးရာ၌ ဆင်ခေါင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မျက်စိလူနာ ၁၂၆ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၂ ဦး၊ အထွေထွေရောဂါ ၅၈၆ ဦး၊ အရိုးအကြောရောဂါ ၇၁ ဦးကို ကုသပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးဖြင့် ၁၁၉ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ နယ်လှည့်ဆေးကုအဖွဲ့သည် ကျန်ရှိနေသည့် စုရပ်ကျေးရွာများသို့လည်း ဆက်လက်သွားရောက်၍ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကျောင်းမုန့်ဆိုင်များတွင် စားသုံးရန်မသင့်သောမုန့်များ ရောင်းချမှုမရှိရေး စစ်ဆေး



**နတ်တလင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ရှိ အခြေခံပညာကျောင်းများ၌ စားသုံးရန်မသင့်သောမုန့်များ ရောင်းချမှုမရှိစေရေးအတွက် ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဩဂုတ် ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နတ်တလင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းနှစ်ကျောင်းမှ မုန့်ဆိုင်များတွင် ကျောင်းသားကျောင်းသူများ စားသုံးရန်မသင့်သောမုန့်များနှင့် ပြည်သူများ စားသုံးရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသောမုန့်များကို မရောင်းချရေးအတွက် မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ခံ ဦးသန်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစည်သူ၊ ဒုတိယရဲမှူး ဒေါ်မြင့်မြင့်ဦး၊ မြို့နယ် အစားအသောက်ကြီးကြပ်ရေးကော်မတီမှ ကျန်းမာရေးမှူးဦးစန်းလွင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူးဦးခင်ဇော်တို့က ကွင်းဆင်းစစ်ဆေးကာ မုန့်ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးပြီး လက်ကမ်းပိုစတာများလည်း ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်များ၊ စားဆီများ၊ မုန့်အမျိုးမျိုး လက်ကားအရောင်းဆိုင်များကိုလည်း ဈေးတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပြည်သူများစားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော စားသောက်ကုန်များကို ရောင်းချမှုမရှိစေရေးအတွက်ဈေးသည်များနှင့် ဈေးဝယ်သူများအား အသိပညာပေးဆွေးနွေးပြီး လက်ကမ်းပိုစတာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် အလွှာစုံလူငယ်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲကျင်းပ

**မကွေး ဩဂုတ် ၃၁**

၂၀၁၅ ခုနှစ် နိုင်ငံတကာလူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် အလွှာစုံလူငယ်များ တွေ့ဆုံဆွေးနွေးနှီးနှောဖလှယ်ပွဲကို မကွေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလွှာစုံအသီးသီးမှ လူငယ်များ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်ရေးရာနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက် ညှိနှိုင်းရေးမှူး မဖြူနှင်းအေးက ၂၀၁၅ခုနှစ် မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ်တွေ့ဆုံပွဲ ပြုလုပ်ခြင်းရည်ရွယ်ချက်နှင့် သုံးရက်တာကျင်းပမည့် လူငယ်တွေ့ဆုံပွဲတွင် ထည့်သွင်းဆွေးနွေးမည့် အစီအစဉ်များကို ဖတ်ကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ် အလွှာစုံလူငယ်များ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်အောင် ပံ့ပိုးပေးသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သန်းဦး(ငဖဲ)**



# တာချီလိတ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း

**တာချီလိတ် ဩဂုတ် ၃၁**

တာချီလိတ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကို ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ရာ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ထူးချွန်ဆုရသင်တန်းသားတစ်ဦးအား ထူးချွန်ဆုပေးအပ်ချီးမြှင့်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

တာချီလိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မီးလောင်မှု၊ မီးလန့်မှုများ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ထိရောက်စွာ ကူညီနိုင်ရန်နှင့် နိုင်ငံတော်၏ အရန်အင်အားအဖြစ် လေ့ကျင့်ဖွဲ့စည်းတည်ဆောက်ရန်ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ဩဂုတ် ၃ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်လေးပတ်ကြာ ဖွင့်လှစ်ခဲ့ကာ သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။ သင်တန်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သူနှင့် သင်တန်းဆရာများက စစ်ရေးပြ၊ အခြေခံမီးငြိမ်းသတ်နည်း၊ အပေါ့စားမီးသတ်စက် လေ့ကျင့်ခန်း၊ မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း၊ ရေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးဖြစ်ပွားချိန်တွင် ရှာဖွေကယ်ဆယ်ရေးစသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# သက်တမ်းရှည် အင်းဝတံတား

မောင်သာ
(ရွှေဟောင်းသုတေသန)

လွန်ခဲ့သော နှစ် ၃၀ ကျော်က မန္တလေးမှ မြစ်ကြီးနားသို့ မီးရထားဖြင့် ခရီးထွက်ခဲ့စဉ် စစ်ကိုင်းတံတား ခေါ် အင်းဝတံတားကြီးပေါ်မှ ဖြတ်သန်းသွားခဲ့သည့်အချိန်ကို ကျွန်တော် ယခုတိုင်မှတ်မိနေပါသည်။ စစ်ကိုင်းတောင်တန်းကို နောက်ခံပြုထားသည့် ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့် စစ်ကိုင်းတောင်တန်းတစ်လျှောက်ရှိ စေတီဖြူဖြူများကို တံတားပေါ်မှ မီးရထားဖြတ်သန်းမောင်းနှင်သွားနေစဉ် ခဏတာမျှသာ မြင်တွေ့လိုက်ရသဖြင့် ကြည့်၍မဝနိုင်ခဲ့ပါချေ။ ရှုမငြီးအောင် သာယာလှပသော ထိုမြင်ကွင်းကို စစ်ကိုင်းတံတားကြီးပေါ်မှ ဖြတ်သွားဖူးကြသူတိုင်း အမှတ်ရကြမည်ဖြစ်ပေသည်။

ယင်းတံတားကြီးသည် ဧရာဝတီမြစ်ကို ဖြတ်ကျော်လျက် တောင်ဘက်ခြမ်း မန္တလေး၊ အမရပူရမှ မြောက်ဘက်ခြမ်း စစ်ကိုင်းသို့ ဆက်သွယ်ထားသောကြောင့် စစ်ကိုင်းတံတားဟု အမည်တွင်သကဲ့သို့ မြန်မာ့ကုန်းဘောင်ခေတ် ရွှေဟောင်းမြို့တော်တစ်ခုဖြစ်သည့် အင်းဝအနီးတွင် တည်ရှိသဖြင့် အင်းဝတံတားဟုလည်း ထင်ရှားသည်။ ၁၉၃၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် စစ်ကိုင်းတံတားကြီးသည် ယခုအခါ သက်တမ်း နှစ် ၈၀ ကျော်ခဲ့ပြီ ဖြစ်သည်။

ဧရာဝတီမြစ်သည် မြန်မာပြည်မြောက်ဖျား မေခ၊ မလိခတွင် မြစ်ဖျားခံခဲ့ပြီး မြောက်မှတောင်သို့ စီးဆင်းလာသော်လည်း စစ်ကိုင်းမြို့အနီးတွင် မြစ်လမ်းကြောင်းပြောင်းကာ မင်းဝံတောင်ကြောကို ကွေ့ဝိုက်လျက် အရှေ့မှ အနောက်သို့ စီးဆင်းလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းကို တောက်လျှောက် ဆက်သွယ်နိုင်ရန် စစ်ကိုင်းမြို့ တောင်ဘက်တွင် အရှေ့အနောက်စီးဆင်းနေသည့် ဧရာဝတီမြစ်၏ တစ်ဆစ်ချိုးနေရာသည် အဓိကနေရာတစ်ခု ဖြစ်နေပေသည်။

မင်းတုန်းမင်းသည် ထိုနေရာ၏အရေးပါမှုကို သိရှိခဲ့သည့်အတွက် တံတားတစ်စင်းမတည်ဆောက်ခဲ့သော်လည်း နယ်ချဲ့များ၏ရန်ကို ကာကွယ်နိုင်ရန် သပြေတန်း၊ အစေခံနှင့် ဆင်ကျုံးဟူသော ခံတပ်သုံးခုကို သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သည်။ မင်းနေပြည်တော် ရတနာပုံသို့ တက်ရောက်လာနိုင်သည့် နယ်ချဲ့စစ်သင်္ဘောများအား ထိုခံတပ်များမှ တားဆီးဟန့်တားရန် ရည်ရွယ်ခဲ့သည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား သိမ်းယူပြီးသည့် နောက်ပိုင်းတွင် စစ်ရေး၊ စီးပွားရေးဆိုင်ရာ သယ်ယူပို့ဆောင်ရေးများ ဆောင်ရွက်နိုင်ရန် ကြီးမားသော စစ်ကိုင်းတံတားကြီးကို တည်ဆောက်ခဲ့ကြသည်။

သက္ကရာဇ် ၈၀၄ ခုနှစ်၌ ထူပါရုံစေတီ ဒါယကာဖြစ်သူ နရပတိမင်းသည် ဧရာဝတီမြစ်ကိုဖြတ်ကူးသည့်တံတားတစ်စင်းကို ဆောက်လုပ်ခဲ့သည်။ ပြည်သီဟသူဟု ထင်ရှားသော နရပတိ (၁၄၄၃- ၁၄၆၉) သည် စစ်ကိုင်းဘက်ခြမ်း၌ ထူပါရုံစေတီကို တည်ခဲ့ပြီး ခရစ်နှစ် ၁၄၄၇ ခုနှစ်တွင် စေတီတော်အား ထီးတော်တင်ခဲ့ချိန်တွင် တစ်ဖက်ကမ်းရှိ အင်းဝမှ ပြည်သူများ စစ်ကိုင်းသို့ လာရောက်ဖူးမြော်နိုင်ကြရန် ဧရာဝတီမြစ်ကို ဖြတ်သန်းလျက် ယာယီသစ်သားတံတားတစ်ခုကို ထိုးခဲ့သည်။ ထူပါရုံစေတီတော်ထီးတင်ပွဲတွင် အင်းဝဘက်ကမ်းမှ မင်း၊ မိဖုရား၊ မှူးမတ်များနှင့် ပြည်သူများသည် ယင်းတံတားပေါ်မှ ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြကြောင်း ဦးအောင်သော်၏ (History Sites in Myanmar) စာအုပ်တွင် ရေးသားထားသည်။ ယင်းတံတားသည် မြန်မာ့သမိုင်းတွင် ပထမဆုံးသော ဧရာဝတီမြစ်ကူးတံတားကြီး ဖြစ်ဖွယ်ရှိပေသည်။



မြန်မာသက္ကရာဇ် ၈၂၁ ခုနှစ်တွင် သာလွန်မင်း၏ သားတော် မင်းရဲနန္ဒမိတ်သည် ဧရာဝတီမြစ်အား ဖြတ်သန်းလျက် ကျွန်းသစ်တံတားတစ်ခု ကို ဆောက်လုပ်ခဲ့ကြောင်းလည်း မှတ်သားခဲ့ရဖူးပါသည်။

အင်္ဂလိပ်တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းကို ဆက်သွယ်နိုင်ရန် မီးရထားလမ်းများကို ဖောက်ခဲ့သည်။ ၁၈၉၀ ပြည့်နှစ်တွင် စစ်ကိုင်း-ရွှေဘို မီးရထားလမ်းနှင့် ၁၈၉၉ ခုနှစ်တွင် ရန်ကုန်-မန္တလေးရထားလမ်းကို ဖောက်လုပ်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ရန်ကုန်မှ ရွှေဘို၊ မြစ်ကြီးနားအထိ ကားလမ်းနှင့် မီးရထားလမ်း ဆက်သွယ်နိုင်ရန် ဧရာဝတီမြစ်ကို စစ်ကိုင်းမြို့မှဖြတ်မည့်ကားနှင့် မီးရထားလမ်းနှစ်လမ်း ပါဝင်သော တံတားတစ်စင်း ဆောက်လုပ်ရန် စီစဉ်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၂၄ ခုနှစ်တွင် စစ်ကိုင်းတံတား ဒီဇိုင်းပုံစံကို Redel Palmers & Tritton ကုမ္ပဏီမှ အင်ဂျင်နီယာချုပ် မစ္စတာဂျေအီးစမ်ရိုက ဦးဆောင်ရေးဆွဲခဲ့ကာ ခန့်မှန်းတန်ဖိုး ၁၅၅၇၇၃၁၈ ကျပ် ကုန်ကျမည်ဖြစ်ကြောင်း တွက်ချက်ခဲ့သည်။ အင်္ဂလိပ်တို့သည် ၁၉၂၇ ခုနှစ်တွင် စစ်ကိုင်းတံတားကြီးကို စတင်တည်ဆောက်ခဲ့ကာ ၁၉၃၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စစ်ကိုင်းတံတားသည် ၁၂၀၃ မီတာ (၃၉၄၈ ပေ) ရှည်လျားကာ ရေလယ်တိုင် ၁၅ လုံး ရှိသည့်အနက် အမြင့်ဆုံးတိုင်သည် ရေအောက်ကြမ်းပြင်မှ တံတားကြမ်းခင်းမီးရထားသံလမ်းအထိ ၁၀၂ ပေမြင့်သည်။ ရေလမ်းကင်းလွတ်အမြင့်သည် ပေ ၄၀ ဖြစ်သည်။



ထိုစဉ်က မြန်မာ နိုင်ငံ၏ ဘုရင်ခံဖြစ်သူ ဆာဟုချ်လင်းစ်ဒေါင်း စတီဖင်ဆန် (Sir Hugh Lans-down Stevenson) က စစ်ကိုင်းတံတားသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည်။

စစ်ကိုင်းတံတားသည် သံပေါင်ပေါင်းကူးတံတားအမျိုးအစားဖြစ်ကာ ခန်းပွင့် ၁၆ ခုရှိသည်။ သံရက်မများဖြင့် ဖွဲ့စည်းထားသည့် ခန်းပွင့်များတွင် ပေ ၃၅၀ အရှည် ခန်းပွင့် ကိုးခန်း၊ ပေ ၂၅၀ အရှည် ခန်းပွင့် တစ်ခန်းနှင့် ပေ ၆၀ အရှည် ခန်းပွင့် ခြောက်ခန်းပါဝင်သည်။ သံပေါင်များကို Braithwaite ကုမ္ပဏီကထုတ်လုပ်ပေးခဲ့ပြီး တံတားကြီးတစ်ခုလုံး၏ ဆောက်လုပ်မှုကုန်ကျစရိတ်သည် ထိုစဉ်က ငွေကြေးတန်ဖိုးအရ စတာလင်ပေါင် တစ်သန်း (မြန်မာကျပ်ငွေ ၁၄၃၀၀၀၀၀) ဖြစ်သည်။

စစ်ကိုင်းတံတားကြီး တည်ဆောက်ပြီးစီးသွားချိန်တွင် ၇၂၄ မိုင်ရှည်လျားသော ရန်ကုန်မှ မြစ်ကြီးနားအထိ သွားနိုင်သော မီးရထားလမ်းသည် မန္တလေးမှတစ်ဆင့် တောက်လျှောက် လမ်းပေါက်သွားခဲ့သည်။ ၁၉၃၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ အင်္ဂါနေ့တွင် ထိုစဉ်က မြန်မာနိုင်ငံ၏ ဘုရင်ခံဖြစ်သူ ဆာဟုချ်လင်းစ်ဒေါင်း စတီဖင်ဆန် (Sir Hugh Lans-down Stevenson)က စစ်ကိုင်းတံတားသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည်။ ဘုရင်ခံသည် အဖြူရောင် အထူးမီးရထားတွဲတွင် စီးနင်းလိုက်ပါလာခဲ့ပြီး ရထားထိန်း(ဂတ်ဗိုလ်)တွဲ၌ ခရိုင် မီးရထားသယ်ယူပို့ဆောင်ရေး အရာရှိချုပ် ဦးတင်သည် မြန်မာ ခေါင်းပေါင်းကိုပေါင်းကာ တောင်ရှည်ပုဆိုးကိုဝတ်ဆင်ပြီး အလံစိမ်းကိုကိုင်၍ တံတားကြီးပေါ်မှ ဖြတ်သန်းသွားသော မီးရထားကြီးကို ဦးဆောင်ခဲ့သည်။ နောင်အခါတွင် မိုးဒေဝါမလှရွှေဟု ကျော်ကြားလာခဲ့သည့် ကွန်ဗင့် ကျောင်းသူလေး မလှရွှေက ဘုရင်ခံအား တံတား၏ တစ်ဖက်ထိပ်မှ ပန်းစည်းဆက်ခဲ့သည်။

စစ်ကိုင်းတံတားကြီးအား ရှစ်နှစ်ကြာ အသုံးပြုခဲ့ပြီး နောက် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့သည်။ ဂျပန်တို့သည် ၁၉၄၂ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် မန္တလေးမြို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် စစ်ကိုင်းတံတားကြီးသည် စစ်ဘေးစစ်ဒဏ်သင့်ခဲ့ရသည်။ ထိုနေ့ည သန်းခေါင်ယံမတိုင်မီ တစ်မိနစ်အလိုတွင် အင်္ဂလိပ်စစ်တပ်သည် ဂျပန်တို့၏ တိုက်ခိုက်မှုကြောင့် မန္တလေးမှ မြစ်ကြီးနားသို့ ဆုတ်ခွာခဲ့စဉ် ဂျပန်များဆက်သွယ်ရေး လမ်းကြောင်းပြတ်တောက်စေရန် စစ်ကိုင်းတံတားကြီးအား ဗုံးခွဲဖျက်ဆီးခဲ့သည်။ ဗုံးဒဏ်ကြောင့် စစ်ကိုင်းတံတားကြီး၏ တံတားခုံးအမှတ် ၇ နှင့် ၈ တို့သည် ဧရာဝတီမြစ်အတွင်းသို့ ကျိုးကျခဲ့ကာ ရေလယ်တိုင်ခုနစ်တိုင် ပျက်စီးခဲ့ပြီး မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်း ကုန်းလမ်းဆက်သွယ်ရေး ပြတ်တောက်ခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်အထိ ပျက်စီးနေသည့် စစ်ကိုင်းတံတားကြီးအား ပြန်လည်ပြင်ဆင်ခြင်းမပြုနိုင်ခဲ့ဘဲ စစ်ကိုင်းဆိပ်ကမ်းနှင့် အမရပူရ စံရွှေးဆိပ်ကမ်းတို့ကို ကူးတို့လှေ၊ သမ္ဗန်များဖြင့်သာ ဖြတ်ကူးခဲ့ကြရသည်။ ကုန်စည်များကို တစ်ဖက်မှ တစ်ဖက်သို့ ခက်ခဲစွာ သယ်ပို့ခဲ့ကြရသည်။ ၁၉၅၃ ခုနှစ်တွင် ထိုစဉ်က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ စီမံညွှန်ကြားမှုဖြင့် စစ်ကိုင်းတံတားကြီးကို ဦးကြည်ဝင်း ဦးစီးသော မြန်မာအင်ဂျင်နီယာများနှင့် လုပ်သားများက ပြင်ဆင်ခဲ့ကြသည်။ စစ်ကိုင်းတံတားကြီး ပြင်ဆင်စရိတ်သည် ငွေကျပ် ၅၇ သိန်းကျော် ကုန်ကျခဲ့ကာ ၁၉၅၄ ခုနှစ်တွင် ပြီးစီးခဲ့သဖြင့် ထိုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်သမ္မတဖြစ်သူ ဒေါက်တာဘဦးက ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံ အထက်နှင့်အောက် သွားလာနေကြသော မော်တော်ယာဉ်များနှင့် မီးရထားများသည် ဧရာဝတီမြစ်ကို ဖြတ်သန်းရန် တံတားကြီးကျိုးနေသည့် ခြောက်နှစ်တာကာလမှလွဲ၍ ၁၉၃၄ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စစ်ကိုင်းတံတားကြီးကိုသာ နှစ်ပေါင်း ၅၀ ကျော် အသုံးပြုခဲ့ကြရသည်။ စစ်ကိုင်းတံတားသည် သက်တမ်းကြာမြင့်လာသည်နှင့်အမျှ တံတား၏ခံနိုင်ဝန် လျော့ကျလာခဲ့ကာ ၁၉၉၂ ခုနှစ်တွင် ခံနိုင်ဝန် ၁၅ တန်သာ ရှိတော့သည်။ ထိုအချိန်မှစ၍ ၁၅ တန်အထက်ယာဉ်နှင့် ကုန်စည်များအား ဇက်ရေယာဉ်များဖြင့် ဧရာဝတီမြစ်ကို ဖြတ်သန်းစေခဲ့ရသည်။

ထို့ကြောင့် လမ်းပန်းဆက်သွယ်မှု အရှိန်မပျက်စေရန်နှင့် ပို့ဆောင်ရေး ပိုမိုကောင်းမွန်စေရန် ဧရာဝတီမြစ်ကူး တံတားအသစ်တစ်ခုကို စစ်ကိုင်းတံတားအနီးတွင် ဆောက်လုပ်ရန် ၂၀၀၂ ခုနှစ်က စီစဉ်ခဲ့သည်။

စာမျက်နှာ ၂၃ သို့

## ရမည်းသင်းမြို့ အထက(မြို့မ)၌ ကျောင်းဆောင်သစ် ရေစက်ချ

ရမည်းသင်း သြဂုတ် ၃၁

ကျောင်းဆောင်သစ်အလှူရေစက်ချပွဲ အခမ်းအနားကို သြဂုတ် ၃၀ ရက်နံနက် ၆ နာရီက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း (မြို့မ)ရှိ ကျောင်းဆောင်သစ်၌ ကျင်းပရာ ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသနှင့် မြို့နယ်သြဝါဒါစရိယဆရာတော်များ၊ ကျောင်းဆောင်သစ်အလှူရှင် ရမည်းသင်းမြို့ ကျော်ဇင်ရပ်နေ ဒေါ်အေးကြည်(ငွေရတနာအောင် စိန်ရွှေငွေရတနာရောင်းဝယ်ရေး)မိသားစု၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်း၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြပြီး တရားတော်ကိုနာယူကာ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ကျောင်းဆောင်သစ်ကြီးကို အလှူရှင်မိသားစုများက ငွေကျပ်သိန်း ၁၅၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးတွင် များစွာအထောက်အကူပြုမည်ဟု သိရသည်။

အတ်ကလေး(ရမည်းသင်း)

# ပုဂံဒေသရှိ မြစေတီဘုရားပွဲတော် ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ညောင်ဦး ဩဂုတ် ၃၁**

ပုဂံယဉ်ကျေးမှု နယ်မြေဒေသ မြင်းကပါကျေးရွာရှိ ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရမင်းသားကောင်းမှုတော် မြစေတီဘုရား ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို နှစ်စဉ် ဝါခေါင်လဆန်းပိုင်းမှ ဝါခေါင်လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မြဲဖြစ်ရာ ယခုနှစ်တွင်လည်း ရိုးရာမပျက် အရုပ်သွန်း လှည့်လည်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဘုရားပွဲတော် ကာလ ဝါခေါင်လဆန်း ၈ ရက်မှ ၁၂ ရက်အထိ ဘုရားကြီးတွင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ၊ ဝါခေါင်လဆန်း ၁၂ ရက်နှင့် ၁၃ ရက်များတွင် မင်းကွန်းတောင်ရိုး နဂါးပတ်တောင်ကျောင်း ဆရာတော် နယ်လှည့်ဓမ္မကထိက ဦးပညာလောက၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို ကျင်းပခဲ့ကြောင်း၊ ဝါခေါင်လဆန်း ၁၄ ရက် နံနက်ပိုင်းက ဘုရားကြီးသို့ မြင်းကပါကျေးရွာအုပ်စု မြို့မရပ်မှ အမျိုးသမီးများက ဘုရားကြီးအား သစ်သီးနှင့် ကိတ်များကို ပုံစံအမျိုးမျိုး အလှဆင်လျက် ဆွမ်းတော်ကြီးကပ်လှူပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဝါခေါင်လဆန်း ၁၄ ရက်ညနေပိုင်းက ဘုရားပွဲတော်တွင် နှစ်စဉ် ထည့်သွင်း ကျင်းပမြဲဖြစ်သည့် ရိုးရာ အရုပ်သွန်းများ ဖျော်ဖြေလှည့်လည်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဒေသတွင်းနှင့် ပြည်တွင်း ဘုရားဖူးဧည့်သည်အများအပြား လာရောက်ကြည့်ရှုကြပြီး မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များ၊ ပြည်တွင်း ပြည်ပမှ ရုပ်သံအဖွဲ့များလည်း လာရောက်မှတ်တမ်းရိုက်ကူးကြကြောင်း၊ အဆိုပါ



အရုပ်သွန်း ဖျော်ဖြေမှုကို ရိုးရာမပျက် နှစ်စဉ်ပြုလုပ်နိုင်ရန် မြင်းကပါကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်း၊ ယွန်းလုပ်ငန်းနှင့် အခြားလုပ်ငန်းရှင်များ၊ ကျေးရွာအတွင်းရှိ လူငယ်အဖွဲ့များက ဦးဆောင်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီက ရေစီးရေလာကောင်းမွန်ပြီး မြို့သန့်ရှင်းသာယာလှပရေး ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများအဖြစ် တိုးချဲ့ဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲယာ အုတ်စီရေနုတ်မြောင်းများ၊ လမ်းဖြတ် ရေနုတ်မြောင်းများနှင့် ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဩဂုတ်လ စတုတ္ထပတ်က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံ ကွင်းဆင်းစစ်ဆေးစဉ်။

ဝေယံလင်း(ပြန်/ဆက်)

*စာမျက်နှာ ၂၂ မှ*

၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် တံတားတည်ဆောက်ရန် မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်နိုင်ငံ CAMC အင်ဂျင်နီယာ ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် တံတားအသစ်ကို စတင်တည်ဆောက်ခဲ့သည်။ ယင်းတံတားအသစ်ကို ၂၀၀၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ကာ ရတနာပုံတံတားဟု အမည်ပေးခဲ့သည်။ ရတနာပုံတံတားသည် စစ်ကိုင်းတံတားဟောင်း၏ ရေဆန်ဘက် ပေ ၂၀၀၀ အကွာတွင်တည်ရှိပြီး တံတားအရှည်သည် ၅၆၁၄ ပေဖြစ်သည်။ ပင်မသံပေါင်တံတားတွင် ၃၆၇ ဒသမ ၅ ပေ ရှည်သော ခန်းဖွင့်လေးခန်းနှင့် ၇၃၅ ပေရှည်သော သံပေါင်ခုံး အခန်းသုံးခန်း ပါဝင်သည်။ ကွေးဝိုက်ထားသည့် သံပေါင်ခုံး တံတားခန်းဖွင့် သုံးခုကြောင့် ရတနာပုံတံတားသည် ဧရာဝတီမြစ်ကူးတံတားများအနက် အလှပဆုံး တံတားတစ်စင်းဖြစ်လာခဲ့ပေသည်။

ယခုအခါတွင် ဧရာဝတီမြစ်ကိုဖြတ်သန်း တည်ဆောက်ထားသည့် တံတားများသည် ကချင်ပြည်နယ်မှ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်အထိ တိုင်းဒေသကြီး/ ပြည်နယ်အနှံ့ တည်ရှိနေသည့်အနက် စစ်ကိုင်းမြို့အနီးရှိ မူလစစ်ကိုင်းတံတားဟောင်းနှင့် ရတနာပုံတံတားသစ်တို့သည်လည်း အပါအဝင်ဖြစ်ပေသည်။ ဧရာဝတီမြစ်ကူးတံတားများအနက် ဒုတိယ ကမ္ဘာစစ်အတွင်းက ထင်ရှားကျော်ကြားခဲ့သည့် သမိုင်းဝင်စစ်ကိုင်းတံတား ခေါ် အင်းဝတံတားသည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် တံတားကြီးတစ်ခုဖြစ်ပေရာ မြန်မာ့ရှေးဟောင်းမြို့တော် အင်းဝသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပ ခရီးသည်များအား ကြိုဆိုနေသကဲ့သို့ ခံ့ညားစွာ ရပ်တည်လျက်ရှိနေပေသည်။

# မျိုးသန့်စင်မှုရရှိရန် ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းဆောင်ရွက်

**မုဒုံ ဩဂုတ် ၃၁**

မြေသြဇာကြဲပက်ပွဲနှင့် မျိုးသန့်စံပြရွာတွင် မျိုးစေ့သန့်စင်မှုရရှိရန်အတွက် ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် မုဒုံမြို့နယ် တော်ကူးကျေးရွာ ကွင်းအမှတ်(၈၆၈)တွင် စိုက်ပျိုးထားသည့် မိုးစပါး ပေါ်ဆန်းရင် GAP ၁၀ ဧက စံပြကွက်၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများ၊ တော်ကူးနှင့် တံခွန်တိုင်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်အိမ်ရှင်းက မျိုးကောင်း မျိုးသန့်ထုတ် စိုက်ခင်းများ၌ မျိုးစေ့သန့်စင်မှု ရရှိရန်အတွက် မျိုးကွဲနုတ်ပယ်ခြင်းများကို အပင်ပွားစုံချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်တို့တွင် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်သက်ဦးက မြေသြဇာကျွေးရာတွင် သဘာဝမြေသြဇာ (ကြက်ချေး၊ နွားချေး) နှင့် ယူရီးယားမြေသြဇာကို တစ်ညရောနှပ်ထားပြီး အသုံးပြုပါက အကျိုးရှိထိရောက်ပုံကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ထမ်းများနှင့် တောင်သူများက မိုးစပါး ပေါ်ဆန်းရင် GAP ၁၀ ဧက စံပြကွက်တွင် စုပေါင်း မြေသြဇာကျွေးကြပြီး မျိုးစေ့သန့်စင်မှုအတွက် ပထမအကြိမ် မျိုးကွဲ နုတ်ပယ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

# ဇီးကုန်း ရွာဦး ဘုန်းကြီးကျောင်းဆောင်သစ်အတွက် အလှူရှင်များ ထပ်မံလိုအပ်နေ

**တပ်ကုန်း ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းမဟောင်း အနောက်ဘက်ဘေးရှိ ဇီးကုန်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်းကို စေတနာရှင် အလှူရှင်များ၏ စုပေါင်း ထည့်ဝင်ငွေများဖြင့် ယခုအခါ တစ်ထပ်တိုက်ကျောင်းဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ်လျက်ရှိရာ အလှူရှင်များ ထပ်မံလိုအပ်လျက်ရှိကြောင်း သိရသည်။



"အရင်ကျောင်းက နှစ်ပေါင်းကြာလာတာနဲ့အမျှ ခိုင်ခံ့မှုမရှိတော့တဲ့အတွက် ကျောင်းဟောင်းကိုဖျက်ပြီး ယာယီကျောင်းဆောင်သစ်ကို ကျေးရွာပြည်သူအင်အားနဲ့ အမြန်ဆောက်လုပ်ခဲ့ရတယ်။ ဖောင်ဒေးရှင်းအပိုင်းကတော့ ပြီးသွားပါပြီ၊ သို့သော်လည်း ဆက်လက်ဆောက်လုပ်ဖို့အတွက် ငွေကမလုံလောက်သေးတဲ့အတွက်အလှူရှင်တွေ ထပ်မံလိုအပ်နေပါတယ်" ဟု ကျောင်းထိုင်ဆရာတော် ဦးစန္ဒာသီရိက မိန့်ကြားသည်။ လှူဒါန်းလိုသည့် စေတနာရှင် အလှူရှင်များအနေဖြင့် ဖုန်း-၀၉-၇၉၇၀၃၉၂၅၊ ၀၉-၇၉၇၆၆၂၅၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်လွင်**

# လပွတ္တာမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်

**လပွတ္တာ ဩဂုတ် ၃၁**

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ပြည်သူ့ဝန်ဆောင်မှု One Stop Shop ရုံးဖွင့်ပွဲအခမ်းအနားကို ရွှေနဒီခန်းမရှေ့၌ ဩဂုတ်လတတိယပတ်က ကျင်းပသည်။ ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) ရုံးမှ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည်းဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာန(၈)ခုမှ ပူးပေါင်း၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရုံးချိန်အတိုင်းဖွင့်လှစ်ထားသည်။ လိုအပ်ချက်များရှိပါက (OSS) ရုံးရှိ အကြံပြုစာသေတ္တာတွင် ထည့်သွင်းအကြံပြုနိုင်ကြောင်း သိရသည်။

**ဝင်းကျော်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ် မိုးစပါးကွင်းပိတ်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးကွင်းပိတ်ပွဲကို ငွေရိုးလေးကျေးရွာ ရှေ့တန်းပညာပေးစခန်း၌ ဩဂုတ်လ စတုတ္ထပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက"ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်တတ်သဖြင့် ကြိုတင်အစီအမံများဆောင်ရွက်ထားကြရန် စိုက်ဧက ပြည့်မီရေးသာမက အထွက်နှုန်းတိုးတက်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုများ အချိုးကျအချိန်ကိုက်ထည့်သွင်းရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ပိုလျှံမှုများကို အကျိုးရှိရှိ အသုံးပြုစီမံခန့်ခွဲသွားရန်" ရှင်းလင်းပြောကြားခဲ့သည်။

လယ်ဝေးမြို့နယ်၌ ဩဂုတ်လအထိ မိုးရွာရက် ၅၈ ရက်နှင့် မိုးရေချိန် ၃၁ လက်မရွာသွန်းခဲ့ကာ ယခင်နှစ်ရွာသွန်းမှုထက် ပိုမိုခဲ့သဖြင့် မိုးသီးနှံ၊ မိုးစပါးများ စိုက်ချိန်ပုံမှန်ထက်စော၍ စိုက်ပျိုးရခြင်းကြောင့် ယခု ကွင်းပိတ်ပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တာမြေ)**

## တံဆိပ်ခေါင်းခွန် ထမ်းဆောင်ကြရန် အသိပေးနှိုးဆော်ချက်

၁။ မိဘပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိကအချင်းချင်းအကြားတွင်လည်းကောင်း၊ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဟု မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိလျှင် အဆိုပါစာချုပ်စာတမ်းကို သက်သေခံအဖြစ်လက်ခံခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ မှန်ကန်ကြောင်း အသိအမှတ်ပြုသက်သေခံလက်မှတ်ရေးထိုးပေးခြင်း စသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာပေါ်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်မထားခြင်း သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းပမာဏ အပြည့်အဝ ထမ်းဆောင်ထားမှုမရှိခြင်း ကို စိစစ်တွေ့ရှိရလျှင် ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန် ပမာဏအပြင် ယင်း၏၁၀ဆနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ပြီးမှသာ ဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ကို မည်သူကပေးဆောင်ရမည်၊မည်သည့်စာချုပ်စာတမ်းအမျိုးအစားအတွက် တံဆိပ်ခေါင်းခွန်မည်မျှ ထမ်းဆောင်ရမည်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ အင်တာနက်စာမျက်နှာ www.irdmyanmar.gov.mm တွင် လည်းကောင်း၊ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင်လည်းကောင်း မေးမြန်း စုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့၏စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ သက်သေခံ ခိုင်မာစေရေးအတွက် စာချုပ်စာတမ်းများပေါ်တွင်ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်အပြည့်အဝထမ်းဆောင်စေရေး အလေးထား လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## လစာဝင်ငွေခွန်ပေးဆောင်ကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေခွန်ဥပဒေတွင် "လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာ/လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်၊ အကျိုးခံစားခွင့်" တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် အထက်ပါ လစာဝင်ငွေခွန်ကို "တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ကလည်းကောင်း၊ ပုဂ္ဂိုလ်စုပိုင်ဖြစ်လျှင် ထိုပုဂ္ဂိုလ်စုကလည်းကောင်း၊ အစိုးရ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် ငွေထုတ်ပေးရန် တာဝန်ရှိသူ စီမံခန့်ခွဲရေးဝန်ထမ်းကလည်းကောင်း တာဝန်ယူ၍ ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရန်" ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ကုမ္ပဏီလုပ်ငန်း၊ စက်ရုံ၊အလုပ်ရုံ၊ စာသင်ကျောင်း၊ အသက်မွေးဝမ်းကျောင်း၊ ပညာသင်ကျောင်း အမျိုးမျိုးတို့ရှိသော်လည်း လစာဝင်ငွေခွန်ပေးသွင်းမှု အားနည်းနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ဝင်ငွေခွန်ဥပဒေတွင် လစာဝင်ငွေခွန် နုတ်ယူပေးသွင်းရမည့် ပုဂ္ဂိုလ်၊ လစာနှစ်ချုပ် တင်သွင်းရမည့် ပုဂ္ဂိုလ်တို့ကို သတ်မှတ်ဖော်ပြထားသည့်အပြင် ပြစ်မှုနှင့် ပြစ်ဒဏ်များကိုပါ သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် ပျက်ကွက်သူများသည် တည်ဆဲဝင်ငွေခွန်ဥပဒေအရ အပြစ်ရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ www.irdmyanmar.gov.mm တွင် ဖော်ပြထားသောဇယားပုံစံအား ကူးယူ၍ စုစုပေါင်းဝင်ငွေ ကျပ်သိန်း ၂၀ ကျော်သော ဝန်ထမ်းများ၏ သက်ဆိုင်ရာအချက်အလက်များကို ဖြည့်သွင်းပြီး မိမိရုံးချုပ်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အမြန်ဆုံး ဆက်သွယ်ပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

CGMA
Chartered Global Management Accountant

CIMA
Chartered Institute of Management Accountants

ပြည်တွင်း/ပြည်ပ ကုမ္ပဏီကြီးများတွင် လုပ်ခ၊ လစာကောင်းကောင်း ရရှိစေရန်
**Management Accountant, Financial Accountant**
လုပ်လိုသူများအတွက်

**CIMA Professional Qualification will give you a significant boost with High Powered Business Qualification**



**■ OPERATIONAL LEVEL**
**AWARD/CIMA Diploma in Management Accounting**

**■ MANAGEMENT LEVEL**
**AWARD/CIMA Advanced Diploma in Management Accounting**

MCC.i
School of Business Management
Junction Square Complex, Building (8)
1st Floor, Kamayut Township, Yangon, Myanmar.
Hot Line - 01-2304156, 01-246634
www.facebook.com/mcc.institute

Opening 19 Sep





ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines) ၏
သွေးချို-ဆီးချိုဝေဒနာရှင် လက်စွဲ - ၁
အစားအသောက်ဖြင့် ဆီးချိုရောဂါအမြန်ကုထုံး စာအုပ်

ကြက်ဟင်းခါးသီးနှင့် ဆီးချိုရောဂါဆောင်းပါး နောက်ဆက်တွဲ ထပ်တိုးထားသည်။
(တတိယအကြိမ်)

အစားအသောက်ကုထုံးနှင့် တွဲဖက်ကုသရသော ရောဂါဖြစ်သည့်အတွက် သွေးချို-ဆီးချို ဝေဒနာရှင်တိုင်း သိသင့်သော အာဟာရ ကုထုံးများကို တင်ပြထားပါသည်။

ရန်အောင်စာပေ၊ ဖုန်း-၀၉ ၅၁၇၉၃၉၈၊ ၀၉ ၇၃၂၄၃၈၅၁၊ ၀၉ ၇၃၂၂၃၄၂၁



BLACK CANYON COFFEE
**Black Canyon Coffee Shop**
By
STRONG SOURCE Company Limited
တိုက် A-2(Business Center) , မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 09 43056391 / 09 796 123 777

STRONG SOURCE Co.,Ltd မှ ဦးစီးဖွင့်လှစ်မည့် International Standard Black Canyon Coffee Shop အသစ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။

Head Waiter
Waiter / Waitress
Kitchen Helper
Cleaner
Security
Driver

လျှောက်ထားလိုသူများသည် CV Form ၊ နိုင်ငံသားကတ်မိတ္တူ ၊ ရက်ကွက်ထောက်ခံချက်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ဓါတ်ပုံ (၁)ပုံတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၅၄၁၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၁၀/သထန(နိုင်)၁၅၃၈၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၉၃၀၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင်ကိုကို ၁၀/သထန(နိုင်)၁၈၇၄၄၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ပဲခူးမြို့နယ်တရားမရုံး၌
## ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၇၃

ပဲခူးဘဏ် နှင့် ၁။ ဦးဝင်းနိုင်
၂။ ဦးစံမြိုင်(ဦးလေး)

**တရားလို** **တရားပြိုင်များ**

အမှတ်(၆၀)၊ စံရိပ်ငြိမ်လမ်း၊ (၂/၃)ရပ်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့သိစေရမည်။

အထက်အမည်ပါ တရားနိုင် ပဲခူးဘဏ်က ဤရုံးသို့ သင်တို့၏ ဘဏ်အပေါင်ပစ္စည်းများအား လေလံတင်ရောင်းချရန်အတွက် ကြမ်းခင်းဈေးကျပ်သိန်း ၃၀၀ သတ်မှတ်ပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ပဲခူးမြို့နယ်တရားမရုံးတော်၌
## ၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၅ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆၈

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် နှင့် ၁။ ဒေါ်ခင်မြ
ပဲခူးမြို့။ ၂။ ဦးမြင့်ဦး(သား)
၃။ ဒေါ်ခင်နွယ်အေး

**တရားနိုင်** **တရားရှုံးများ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ (၁၄)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းသွယ်၊ အမှတ် ၃၂၄နေ (၁) ဒေါ်ခင်မြ၊ (၂) ဦးမြင့်ဦး(သား)၊ (၃) ဒေါ်ခင်နွယ်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၉၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ကလျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၆ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင်လတွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပဲခူးမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ပဲခူးမြို့နယ်တရားမရုံးတော်၌
## ၂၀၀၉ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၉ နှင့်ဆက်သွယ်သည့်
## ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၂၀၅

မန်နေဂျာ နှင့် ၁။ ဦးလှညွန့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်အေးအေးဝင်း
ပဲခူးမြို့

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၈/၂၀)ရပ်ကွက်၊ ချင်စုမေဖလားဝါးလမ်း၊ အမှတ် (၁၇၇)နေ ၁။ ဦးလှညွန့်၊ ၂။ ဒေါ်အေးအေးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၀၅တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မင်းဘူးမြို့နယ်တရားမရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၀

ဦးသန့်ဇင် နှင့် မမာလာအေး(ခ)သန်းသန်းအေး
မင်းဘူးမြို့မရဲစခန်းဝင်း ထောက်ရှာပင်ကျေးရွာ
မင်းဘူးမြို့ မင်းဘူးမြို့

**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ထောက်ရှာပင်ကျေးရွာနေ မမာလာအေး(ခ)သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးသန့်ဇင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်) နံနက် ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ထို့ပြင်သင်သိစေရမည်မှာ ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဂျက်ဖရီတင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းဘူးမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ပဲခူးမြို့နယ်တရားမရုံးတော်၌
## ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၆ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၆

မန်နေဂျာ နှင့် ၁။ ဦးကျော်ဝင်းစိန်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်အေးရီ
ပဲခူးမြို့

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင် (၁၁)လမ်းထိပ်နေ ၁။ ဦးကျော်ဝင်းစိန်၊ ၂။ ဒေါ်အေးရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်၊ မန်နေဂျာမြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၆ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်ငြိမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပဲခူးမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ပဲခူးမြို့နယ်တရားမရုံးတော်၌
## ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၂ နှင့်ဆက်သွယ်သည့်
## ၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၃

မန်နေဂျာ နှင့် ဒေါ်သန်းသန်းဝင်း
မြန်မာ့စီးပွားရေးဘဏ်
ပဲခူးမြို့

**တရားနိုင်** **တရားရှုံး**

ပဲခူးမြို့၊ ဟံသာဝတီရပ်၊ ဟံသာဝတီ(၂)လမ်း၊ အမှတ်(၃၀)နေ ဒေါ်သန်းသန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၆ရက် (၁၃၇၇ ခုနှစ် တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဩဂုတ် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီခိုင်ငြိမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပဲခူးမြို့နယ်တရားရုံး**

# အိုလံပစ်ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီး နောက်ဆုံးဆန်ခါတင်ကစားသမားများ ရွေးချယ်

သတင်း-မင်းခေတ် ➤ ဓာတ်ပုံ-မင်းထက်



**ရန်ကုန် ဩဂုတ် ၃၁**

၂၀၁၆ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း နောက်ဆုံးဆန်ခါတင် ကစားသမားရွေးချယ်မှုကို ယနေ့အပြီးသတ်ရွေးချယ် ထုတ်ပြန်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

ယနေ့မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြီးသတ် ရွေးချယ်ထုတ်ပြန်လိုက်သည့် မြန်မာ့လက်ရွေးစင်အမျိုး သမီးဘောလုံးအသင်းမှာ **ဂိုး**-မြဖူးငုံ၊ ခင်သီတာအေး၊ သန္တာဦး၊ **နောက်တန်း**-ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေ အောင်၊ ဖူးပွင့်ခိုင်၊ ဇင်မာထွန်း၊ ဇာခြည်ဦး၊ လီလီလှိုင်၊ အေးအေးမိုး၊ **အလယ်တန်း**-စန်းစန်းမော်၊ သန်းသန်းထွေး၊ နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ အေးမျိုးမြတ်၊ ရူပါခိုင်၊ မေစံပယ်ဖူး **ရှေ့တန်း**-ရီရီဦး၊ ဝင်းသီဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်း၊ နီလာဝင်းတို့ ဖြစ်ကြသည်။

အပြီးသတ်ဆန်ခါတင် ရွေးချယ်ခဲ့သည့် မြန်မာ အမျိုးသမီးအသင်းသည် အိုလံပစ်အမျိုးသမီး အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် တရုတ် ပြည် နန်ကျင်းမြို့တွင် လေ့ကျင့်ခြေစမ်းရန် စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး စက်တင်ဘာ ၈ ရက်အထိ နန်ကျင်းမြို့၌ လေ့ကျင့်ခြေစမ်းသွားမည်ဖြစ်ကာ စက်တင်ဘာ ၉ ရက် တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၁၆ အိုလံပစ် အမျိုး သမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့်ခြေစစ် ပွဲ ကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းကြီး၌ ကျင်းပသွားမည် ဖြစ် သည်။

အဆိုပါ၂၀၁၆ အိုလံပစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းနှင့် အတူ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ ဂျော်ဒန် အမျိုး သမီးလက်ရွေးစင်အသင်းတို့သည် တစ်အုပ်စုတည်း အုပ်စု ပတ်လည်

*စာမျက်နှာ ၇ ကော်လံ ၄* ❐

## မြန်မာယူ-၁၉ အသင်း ဗီယက်နမ်ကိုရှုံးပြီး အုပ်စုအဆင့်မှထွက်ခဲ့ရ

**ဗီယန်ကျင်း ဩဂုတ် ၃၁**

အာဆီယံယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ)နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားအား ကစားကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

**ဗီယက်နမ်ယူ-၁၉ - နှစ်ဂိုး**

**မြန်မာယူ-၁၉ - ဂိုးမရှိ**

မြန်မာယူ-၁၉ အသင်းမှာ ယခုပွဲတွင် သရေတစ်မှတ်ရရုံ ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သော်လည်း ဗီယက်နမ် ကို ရှုံးနိမ့်ခဲ့သောကြောင့်အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပွဲအစပိုင်းတွင် ဖိကစားနိုင်ခဲ့ပြီး ရရှိသည့် ဂိုး သွင်းခွင့်များကို အသုံးမချနိုင်ခဲ့သလို ဗီယက်နမ်တိုက်စစ်ကို လည်း မထိန်းနိုင်ခဲ့ပေ။ မြန်မာအသင်းသည် မလေးရှားနှင့် ခုနစ် မှတ်စီတူခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုမှ ထွက်ခဲ့ရ ခြင်းဖြစ်သည်။

မြန်မာအသင်းသည် မလေးရှားအသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစပိုင်းတွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❀

## နောက်ဆုံးရနိုင်ငံတကာသတင်း

### အာသံပြည်နယ်တွင် ရေကြီးမှုကြောင့် လူပေါင်း ၄၆၀၀၀၀ ကျော် ဒုက္ခရောက်

**နယူးဒေလီ ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးမှုကြောင့် လူပေါင်း ၄၆၀၀၀၀ ကျော် အတိဒုက္ခ ရောက်နေရကြောင်း ဒေသခံ မီဒီယာများက တနင်္လာနေ့ တွင် ပြောကြားသည်။

အာသံပြည်နယ်၏ ရေလွှမ်းမိုးမှုအခြေအနေမှာ ဆိုးရွား လျက်ရှိပြီး အဓိကမြို့ကြီးများ နှင့် ကျေးရွာပေါင်း ၁၀၀၀ ခန့် မှာ ကြီးမားသော ပျက်စီးမှု အန္တရာယ်နှင့် ကြုံတွေ့နေရ ကြောင်း အင်ဒို-အာရှ သတင်း ဌာနတာဝန်ရှိသူများက တနင်္လာ နေ့တွင် ပြောကြားသည်။

ရေလွှမ်းမိုးခံ ဒေသများ တွင် ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ကို အရှိန်မြှင့်လုပ်ဆောင်နေ ကြောင်း၊ အဆိုပါဒေသများ တွင် ကျောင်းများ ပိတ်ထားရ ကြောင်း သိရသည်။

(ဆင်ဟွာ)

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာ ချက်အရ ချင်းတွင်းမြစ်ရေ သည် ဟုမ္မလင်းမြို့တွင် ယင်းမြို့ ၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေ သည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်း မြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ နိုင်သည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံ ပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ သောက်သုံးရေ ဖူလုံစွာရရှိတော့မည့် ရွှေပြည်သာမြို့နယ်



ရွှေပြည်သာမြို့နယ်အတွင်း ရေရောက်ရှိမှု စမ်းသပ်ပို့လွှတ်နေစဉ်။

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပြည်သူ များ လိုအပ်သောသောက်သုံးရေကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား၊ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံ ကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံများနှင့် စက်ရေတွင်းများမှ နေ့စဉ်ရေ ဂါလန် ၂၀၅ သန်း ဖြန့်ဝေပေးလျက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၄* ●

သတင်း ဆောင်းပါး
ရီရီမြင့်
ဥမ္မာသန့်

## အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ရေးဆွဲချုပ်ဆိုကြရန် အသိပေးကြေညာ

စာမျက်နှာ-၆




မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS